# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၇)ရက် ၊ သောကြာနေ့ ၊ (6-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရှေ့ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ၊ဆရာမများ၊ ပြိုင်ပွဲများတွင်ဆုများ ရရှိခဲ့ကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက "မြတ်ဆရာ"သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။


စာမျက်နှာ ၁၆ ကော်လံ ၁ ☞




**အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ တတိယနေ့နှင့် ပိတ်ပွဲကျင်းပ**


စာမျက်နှာ - ၂၀


**အာဆီယံမဏ္ဍိုင် သုံးရပ်၏ ဝန်ကြီးဌာနများအကြား အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ စတင်မှု၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ**


စာမျက်နှာ - ၁၉


**တန်ပိုးကြီးမား မြတ်ဆရာများ**

ဆောင်းပါး


စာမျက်နှာ - ၂၃





ရတနာပုံ
၂၀၁၂ ခုနှစ် အောက်တိုဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

# ပင်လယ်ကမ်းရိုးတန်း စီးပွားရေး

ပင်လယ်သမုဒ္ဒရာများနှင့် ကမ်းရိုးတန်းဒေသများသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ဂေဟစနစ်ကြီးဖြစ်ပြီး လူသားတို့အတွက် အဖိုးတန်လှသော သဘာဝအမွေအနှစ်များဖြစ်သည်။ ကမ္ဘာမြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေမျက်နှာပြင်ဖြင့် ဖုံးလွှမ်းထားသောကြောင့် ကမ္ဘာပေါ်ရှိ လူသားများနှင့် သက်ရှိများအတွက် အလွန်အရေးပါလှပေသည်။ ပင်လယ်ကမ်းရိုးတန်းစီးပွားရေးသည် သန်းပေါင်းများစွာသော လူသားများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာဖူလုံရေးအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိပေသည်။

ကမ္ဘာလုံးဆိုင်ရာ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကိုကြည့်မည်ဆိုလျှင် ပင်လယ်သမုဒ္ဒရာနှင့် ကမ်းရိုးတန်းအခြေပြုကဏ္ဍများဖြစ်သော ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ငါးဖမ်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ကမ်းလွန်စွမ်းအင်နှင့် အခြားလုပ်ငန်းများသည် ကမ္ဘာ့ GDP ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းထိရှိကြောင်း UNCTAD နှင့် OECD Report အခြားအရင်းအမြစ်များက ဖော်ပြထားသည်။ အာဆီယံတွင်လည်း အာဆီယံ GDP ၏ ၁၀ ရာခိုင်နှုန်းခန့်ထိရှိကြောင်း တွေ့ရှိရသည်။

ကမ်းရိုးတန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် များစွာအရေးကြီးသည်။ ကမ်းရိုးတန်းရှိ ဒေသခံပြည်သူလူထု၏ ဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပေသည်။ ကမ်းရိုးတန်းဒေသသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်နိုင်သောကြောင့် နိုင်ငံတကာကုန်သွယ်မှု၏ တံခါးပေါက်ဖြစ်သည်။ သို့ရာတွင် ကမ်းရိုးတန်းစီးပွားရေးမောင်းနှင်အားများသည် ကမ်းရိုးတန်းဒေသတစ်ခုစီ၏ သီးခြားတည်နေရာနှင့် လက္ခဏာများပေါ် မူတည်၍ ကွဲပြားကြမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရှည်လျားသောကမ်းရိုးတန်းနှင့် ကျယ်ပြောသောပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသည်။ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တစ်လျှောက် ၂၃၃၃ ကီလိုမီတာခန့် ရှည်လျားသောကမ်းရိုးတန်းနှင့် ၄၉၇၀၃၇ စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းသော ရေပြင်တို့ကို ပိုင်ဆိုင်ထားသည်။ ထိုကဲ့သို့ ပိုင်ဆိုင်ထားခြင်းသည် မြန်မာနိုင်ငံအတွက် သဘာဝကပေးသည့် အမွေအနှစ်များပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရှည်လျားသောကမ်းရိုးတန်းနှင့် ကျယ်ပြန့်သော ပင်လယ်ရေပြင်တို့ကို ပိုင်ဆိုင်ထားသောကြောင့် ပင်လယ်ကမ်းရိုးတန်းစီးပွားရေးကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါသည်။ ပင်လယ်ကမ်းရိုးတန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် **Public Private Partnership (PPP)** စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း လိုအပ်ပေသည်။

သို့ဖြစ်ရာ အဏ္ဏဝါအရင်းအမြစ်များကိုကာကွယ်ပြီး ကမ်းရိုးတန်းဒေသခံလူထု၏ အသက်မွေးဝမ်းကျောင်းများကို ပံ့ပိုးပေးနေသော ကမ်းရိုးတန်းဒေသများကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ကာကွယ်မြှင့်တင်ပေးကြရမည်ဖြစ်သည်။ သို့မှသာ ကမ်းရိုးတန်းစီးပွားရေးကဏ္ဍသည် ကမ်းရိုးတန်းဒေသရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များသာမက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ အောက်တိုဘာလပထမပတ်မှစ၍ တစ်ရက်လျှင် ဦးရေ ၇၅၀ ကျော်ထိရှိလာ



**မန္တလေး အောက်တိုဘာ ၅**

ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်း ပဲ၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ အောက်တိုဘာလပထမပတ်မှစ၍ တစ်ရက်လျှင် ဦးရေ ၇၅၀ ကျော်ထိရှိလာကြောင်း မန္တလေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ နှမ်း ကုန်စည်များကို ပုံမှန်အတိုင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ အောက်တိုဘာလပထမပတ်မှစ၍ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ များပြားလာကြောင်း သိရသည်။

"အခုက ပဲ၊ နှမ်းကုန်စည်အားလုံးနီးပါး အရောင်းအဝယ်ကောင်းလာတယ်။ ကုလားပဲ၊ မတ်ပဲနဲ့ နှမ်းကတော့ အရောင်းအဝယ် ပြန်ကောင်းနေတယ်။ အဝယ်မလိုက်ဘဲ အရောင်းအဝယ်သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ကုန်စည်ဒိုင်အတွင်း ပဲ၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ ဦးရေမှာ စက်တင်ဘာလနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၆၅၀ ကျော်သာ ရှိခဲ့သော်လည်း အောက်တိုဘာလပထမပတ်မှစ၍ ပဲ၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၇၅၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

ပဲ၊ နှမ်း ကုန်စည်များကိုအရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေစေရေးအတွက် မန္တလေးကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ (၁၈၄)

## မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး အောက်တိုဘာ ၅**

ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဗစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ်ပွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများလည်း အရောင်းအဝယ် ရှိနေကြောင်း မန္တလေးကားဈေးကွက်အတွင်းမှ သိရသည်။

နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ် စသည့်ကားများ အရောင်းအဝယ်ရှိနေပြီး ငွေကျပ် သိန်း ၃၅၀ ခန့် ဈေးတန်းရှိကားလေးများလည်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ကားဈေးကွက်အတွင်း စလစ်ဖြစ်မည့် အပ်ကားရှားပါးလာမှုကြောင့် စလစ်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း၊ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းနှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ရှိလာသော်လည်း ဝယ်ရောင်းများအနေဖြင့် ဆိုင်ကယ်များ ရှာရခက်လာခြင်းကြောင့် တစ်ပတ်ရစ်ဆိုင်ကယ်များလည်း ဈေးမြင့်တက်နေပြီး အသစ်ဘီးများမှာ အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၅ သိန်းခန့်၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i ဘီးများတွင် နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ၁၆ သိန်းမှ ၂၁ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်) မှာ ငွေကျပ် ၁၇ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းခန့်၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၈ သိန်းမှ ၂၃ သိန်း ၅ သောင်းရှိနေကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။ (၁၇၃)

## မန္တလေးတိုင်းဒေသကြီးရှိ ယခုနှစ် မိုးသီးနှံစိုက်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ် ၅၅ ဒသမ ၇၈ ဘီလီယံ ထုတ်ချေးပေးပြီးဖြစ်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ယခုနှစ် မိုးသီးနှံစိုက်တောင်သူများကို မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ၅၅ ဒသမ ၇၈ ဘီလီယံ ထုတ်ချေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို မေလ တတိယပတ်မှစ၍ ထုတ်ချေးပေးခဲ့ရာ စက်တင်ဘာလကုန်ထိ မြို့နယ် ၂၃ မြို့နယ်ရှိ ကျေးရွာ ၈၁၇ ရွာ၊ တောင်သူ ၈၇၄၆၃ ဦး၊ မြေဧကပေါင်း ၄၈၁၇၀၅ ဧကအတွက် ချေးငွေကျပ် ၅၅ ဒသမ ၇၈ ဘီလီယံကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

"မိုးချေးငွေက မြို့နယ် ၂၃ မြို့နယ်ကို ချေးပေးနေတာပါ။ အခုမိုးရာသီချေးငွေကို တောင်သူတွေအတွက် စက်တင်ဘာလကုန်ထိ ချေးပေးပြီးပါပြီ။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်နှစ် ငါးရာခိုင်နှုန်းနဲ့ ထုတ်ချေးတာပါ။ တောင်သူတွေစိုက်ပျိုးချိန်မှာ အဆင်ပြေစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပေးနေတာပါ။ စိုက်ပျိုးစရိတ်ချေးငွေတွေကို ချေးပေးရာမှာ စပါးတစ်ဧကကို ငွေကျပ် ၁၅၀၀၀၀၊ မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲပုပ်၊ ပဲလွန်း၊ ပြောင်းစတဲ့ အခြားသီးနှံတွေအတွက် တစ်ဧကကို ငွေကျပ် ၁၀၀၀၀၀ ချေးပေးခဲ့ပါတယ်" ဟု တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

စိုက်ပျိုးစရိတ်ချေးပေးသည့် မြို့နယ်များမှာ ချမ်းအေးသာစံ၊ အမရပူရ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် အလယ်ချိုင့်(မ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တောင်သာ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အလယ်ချိုင့်(မ)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက စီမံကိန်းတာဝန်ခံများနှင့်အတူ အလယ်ချိုင့်(မ)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါအလယ်ချိုင့်(မ)ကျေးရွာတွင် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၆၆ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၆ သိန်း စုစုပေါင်း ငွေကျပ် ၁၃၂ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ တတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးသွားသဖြင့် အလယ်ချိုင့်(မ)ကျေးရွာရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# အမရပူရမြို့နယ် ဝဲကြီးဆင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲကြီးဆင်ကျေးရွာတွင် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၅၅၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝဲကြီးဆင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၇၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၄၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၉၁ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၄၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို ရန်ပုံငွေကျပ် ၅၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

# လပွတ္တာမြို့နယ်တွင် နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၄၀၀၀ ထိ ဈေးကောင်းရရှိနေ



**လပွတ္တာ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီသန့်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလက နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၅၂၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါနေလှန်းဆားများ ဈေးကောင်းလာသည့်အတွက် နေလှန်းဆားထုတ်လုပ် သိုလှောင်ထားသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် နေလှန်းဆားတွေက အခုလအတွင်းမှာ ဈေးကောင်းနေပါတယ်။ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းလုပ်တဲ့ ရာသီဖြစ်လို့ အခုလိုဒေသထွက် နေလှန်းဆားတွေ ဈေးကောင်းနေတာပါ။ အခုလက်ကျန်ဆားတွေကိုပဲ ရောင်းနေတာ။ အခုလိုဆားဈေးကောင်းလာတော့ ဆားထုတ်လုပ်တဲ့တောင်သူတွေလဲ အဆင်ပြေလာတာ တွေ့ရပါတယ်။ ဒေသထွက် ဆားတွေကို ဧရာဝတီတိုင်းဒေသကြီးက ဆားဝယ်လက်တွေကို ရောင်းချနေရတဲ့အပြင် ရန်ကုန်ဈေးကွက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီသန့်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆားများကိုဒေသခံတစ်ဦးလျှင် တစ်ဧကမှ ၁၀ ဧကထိ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါင်းတည်မြို့နယ် ဥတိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပေါင်းတည် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဥတိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ဥတိုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဥတိုကျေးရွာ၌ အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၂၈၄၅ ဧက စိုက်ပျိုးပြီးစီး

**ကလေး အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၂၈၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၂၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၈၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင်မှာပဲမျိုးစုံ ၁၂၇၅၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိ ၁၂၈၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုကတော့ လျာထားချက်ထက် တိုးချဲ့စိုက်ပျိုးနိုင်တယ်။ ပဲမျိုးစုံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကျဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ အတွက် ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ပဲတီစိမ်း ၂၂၂၂ ဧက၊ ပဲပုပ် ၂၃ ဧက၊ ပဲစင်းငုံ ၁၀၉၇ ဧက၊ ပဲယဉ်း ၃၀၁ ဧက၊ ကလေးဝမြို့နယ်တွင် ပဲတီစိမ်း ၆၈၂ ဧက၊ ပဲစင်းငုံ ၃၅ ဧက၊ မင်းကင်းမြို့နယ်တွင် ပဲတီစိမ်း ၅၅၅၃ ဧက၊ ပဲပုပ် ၁၀၈ ဧက၊ ပဲလွန်း ၂၅ ဧက၊ ပဲစင်းငုံ ၂၂၅၇ ဧက၊ ပဲယဉ်း ၇၈ ဧက၊ ပဲကြီး ၄၆၄ ဧက စုစုပေါင်း ၁၂၈၄၅ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ပဲတီစိမ်း ၂၀၅၃ ဧက၊ ပဲပုပ် ၄၅ ဧက၊ ပဲစင်းငုံ ၁၀၅၆ ဧက၊ ပဲယဉ်း ၃၁၉ ဧက၊ ပဲကြီး ၁၀ ဧက၊ ကလေးဝမြို့နယ်တွင် ပဲတီစိမ်း ၆၇၉ ဧက၊ ပဲစင်းငုံ ၃၅ ဧက၊ မင်းကင်းမြို့နယ်တွင် ပဲတီစိမ်း ၅၆၃၆ ဧက၊ ပဲပုပ်ဧက ၉၀၊ ပဲလွန်း ၂၅ ဧက၊ ပဲစင်းငုံ ၂၂၇၉ ဧက၊ ပဲယဉ်း ၇၄ ဧက၊ ပဲကြီး ၄၅၄ ဧက စုစုပေါင်း ၁၂၇၅၅ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)



# ပညာပြည့်ဝ နှလုံးလှလူငယ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"ယခုငယ်က၊ ကြိုးလုံ့လ၍၊ သုတပညာ၊ နေ့တိုင်းရှာလော့၊ ပညာမကြိုက်၊ ပျင်းရိမိုက်မူ၊ နောက်လိုက်ဝန်ထမ်း၊ အလုပ်ကြမ်းတွင်၊ တွေ့လေကျင်သည်"**(လောကနီတိပျို့၊ ၆)

**"ယနေ့ လူငယ်၊ နောင်ဝယ်လူကြီး"**ဆိုတဲ့စကားကို ကျွန်တော်တို့ကလေးဘဝကတည်းက နားယဉ်နေခဲ့ကြတာ အခု အသက်ကြီးတဲ့အရွယ်အထိပါ။

**"နောင်တစ်ခေတ်မှာ ခေါင်းဆောင်ဖြစ်ကြမှာ ကျွန်တော်တို့လူငယ်တွေမဟုတ်လားဗျာ"**ဆိုတဲ့ ကြွေးကြော်သံတွေကလဲ တစ်ခေတ်တစ်ခါက လွင့်ပျံ့ခတ်စားလာခဲ့ပါသေးတယ်။

လူ့လောက ဓမ္မတာအရ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဆိုပြီး အရွယ်သုံးပါးနဲ့ မလွဲမသွေကြုံတွေ့နေကြရစမြဲပါ။ ကလေးဘဝမှာ လူပျို၊ အပျိုဖြစ်ချင်လွန်းကြတယ်။ လူပျို၊ အပျိုတွေကို အားကျပြီး မြန်မြန်ကြီးချင်ကြလေ့ရှိပါတယ်။ ပျော်ပါးဖို့လောက်ပဲ၊ လူရာဝင်ဖို့လောက်ကိုပဲ ဆန္ဒပြင်းပြနေခဲ့ကြတာကိုး။

လူရွယ်လူကြီးအရွယ်ရောက်သွားကြသူတွေထဲက ဘဝကို ဆင်းရဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားနေကြရသူတွေကတော့ စားဝတ်နေရေးအတွက် ပူပင်ကြောင့်ကြသောကကင်းဝေးကြတဲ့ ကလေးသူငယ် လူငယ်ဘဝကို ပြန်လည်တမ်းတကြလေ့ရှိပါတယ်။ လွတ်လပ်ပျော်ပါးဆော့ကစားကြရတဲ့ ကျောင်းနေအရွယ်လူငယ်ဘဝကို ပြန်လည်ရယူလိုကြလေ့ရှိပါတယ်။ နှောင်းနောင်တရကြလေ့ရှိတယ်။ "ငါငယ်စဉ်က မကြိုးစားခဲ့လို့ အခုလို အောက်ကျနောက်ကျ၊ ဆင်းရဲဒုက္ခရောက်နေရတာပါလား"လို့ သံဝေဂရနေကြလေ့ရှိပါတယ်။ ဒါကြောင့် အဓိကထားပြောချင်တာက လူငယ်မှန်သမျှ **"မိုးလွန်မှ ထွန်ယူ"**၊ **"သူခိုးပြေးမှ ထိုးကွင်းထ"**၊ **"စစ်ရောက်မှ မြားချွန်"**၊ အရွယ်လွန်မှ နောင်တရ၊ ကြွေကွဲတမ်းတ၊ ယူကျုံးမရဖြစ်နေကြမဲ့အစား **"လသာတုန်း ဗိုင်းငင်"**၊ **"မိုးရွာတုန်း ရေခံ"**၊ **"အချိန်ရှိခိုက် လုံ့လစိုက်"**လို့ ရှေးလူကြီးသူမတွေဆိုဆုံးမခဲ့ကြသလို ဘဝတက်လမ်းအတွက် အစွမ်းကုန်ကြိုးစားကြစေချင်ပါတယ်။

**"အချိန်နဲ့ဒီဘ အစားထိုးလို့မရ"** ဆိုတဲ့ စကားဟာ အလွန်လေးနက်ပါတယ်။ စွမ်းအင်ကိုမြှင့်တင်ပေးတဲ့လမ်းညွှန်ချက်ပါ။ ကိုယ်နဲ့မကွာ တစ်သက်တာ ကိုင်စွဲထားရမဲ့ ကိုယ်ခံလက်နက်ကောင်းပါ။ စဉ်းစားလေလေ တန်ဖိုးရှိလေလေပါပဲ။

အင်္ဂလိပ်စကားပုံ **"အချိန်နဲ့ဒီရေ လူကိုမစောင့်"** ဆိုတာနဲ့ အလားတူသဘောပါ။ **"အမေရိကပညာရှင် ဘင်ဂျမင်ဖရန်"**က **"သင် ဘဝကိုချစ်လျှင် အချိန်မဖြုန်းပါနှင့်။ ဘဝဟူသည် အချိန်ဖြင့်ပြုလုပ်ထားသော ပစ္စည်းဖြစ်သည်"**လို့ အသိပညာပေးရေးထားသလို **"အင်္ဂလိပ်ပြဇာတ်ဆရာကြီး ရှိတ်စပီးယား"** ကလဲ **"ဆုံးရှုံးပြီးသောတစ်မိနစ်ကို မကုန်ဆုံးနိုင်သောအချိန်သမုဒ္ဒရာကြီးက အစားထိုး၍မပေးနိုင်ပါ"**လို့ သတိပေးခဲ့ပါတယ်။ **"မြန်မာပညာရှင်ကြီး ဦးဇဂျီ"**က **"ကြီးပွားတိုးတက်လိုသူသည် မည်သည့်လူမျိုးမဆို၊ မည်သည့်နာရီကွက်နံ့မဆို အချိန်မှန်သမျှထဲမှ ကုသိုလ်၊ ပညာ၊ ဥစ္စာသုံးမျိုးတွင် တစ်မျိုးမျိုးရရမည်။ မရလျှင် အချိန်ကို အလွဲသုံးစားပြုသည်မည်တော့၏"**လို့ လှုံ့ဆော်သတိပေးခဲ့ပါတယ်။ **"ဗုဒ္ဓဂယာဆရာတော်ကြီး"** ကတော့ **"ပိုက်ဆံကုန်သွားရင် ပြန်ရှာလို့ရတယ်။ အချိန်ကုန်သွားရင် ပြန်ရှာလို့မရတော့ဘူး။ ဒါကြောင့် အချိန်မဖြုန်းကြနဲ့။ အချိန်ကို အကျိုးရှိရှိအသုံးချကြ"** လို့ ဟောကြားခဲ့ပါတယ်။

ကလေးဘဝမှာ ဆော့ကစားပျော်ပါးမယ်။ လူငယ်ဘဝမှာ ပညာရှာကြရမယ်။ လူရွယ်ဘဝမှာ ဥစ္စာရှာကြရမယ်။ လူကြီးဘဝမှာ ကုသိုလ်ဘာဝနာပွားများကြမယ်လို့ အဆိုရှိတဲ့အတိုင်း သူ့အရွယ်နဲ့သူ ဆိုင်ရာဆိုင်ရာ ဘဝပေးတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ကြရပါမယ်။ ဘဝပေးတာဝန်ဆိုတာက လူ့ဘဝမှာ လူတမ်းစေ့ရပ်တည်ရှင်သန်နေထိုင်နိုင်ဖို့နဲ့ အိုဇာတာကောင်းဖို့ပါ။ အနေတောင့်ဖို့၊ အနေဖြောင့်ဖို့၊ အနေတတ်ဖို့၊ အနေမြတ်ဖို့ပါ။ ပညာရှာချိန်အရွယ်မှာ ပညာရှာကြရမဲ့လူငယ်တွေဟာ ပညာမရှာကြဘဲ ပျင်းရိထိုင်းမှိုင်းထင်ရာစိုင်း မိုက်ရိုင်းအချိန်ဖြုန်းနေကြရင်တော့ လူရွယ်ဘဝမှာ ဥစ္စာရှာကြဖို့ အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့ကြရမှာ သေချာလှပါတယ်။ ဒါကြောင့် အနှောင်းသေချာအောင် အစကောင်းကြဖို့လိုပါတယ်။ အစကောင်းဖို့ဆိုတာက လူငယ်ဘဝကို အခြေခံနေပါတယ်။ အေးရိပ်ဆာယာမှာ အေးချမ်းသာယာစွာ နားခိုနိုင်ဖို့အတွက် အပူဒဏ်ကို ကြံ့ကြံ့ခံပြီး ရုန်းကန်လှုပ်ရှားကြရစမြဲပါ။ တစ်ခဏ ဒုက္ခခံမှ တစ်ဘဝ သုခစံကြရမှာပါ။ တစ်ဘဝသုခ ခံစားချင်ရင်တော့ လူငယ်ဘဝမှာကတည်းက ရသမျှအချိန်အတွင်းမှာ ဘဝရဲ့တိုးတက်ရာတိုးတက်ကြောင်းအဖြာဖြာကို လက်လွှတ်မခံဘဲ ဇွဲဝီရိယအပြည့်နဲ့ ကြိုးစားကြဖို့လိုပါတယ်။ အေးရိပ်မှာ နားခိုနိုင်ဖို့အတွက် အပူထဲမှာ ရဲရဲလျှောက်လှမ်းကြရပါမယ်။

**❖ အနှောင်းသေချာအောင် အစကောင်းကြဖို့လိုပါတယ်။ အစကောင်းဖို့ဆိုတာက လူငယ်ဘဝကို အခြေခံနေပါတယ်။ အေးရိပ်ဆာယာမှာ အေးချမ်းသာယာစွာ နားခိုနိုင်ဖို့အတွက် အပူဒဏ်ကို ကြံ့ကြံ့ခံပြီး ရုန်းကန်လှုပ်ရှားကြရစမြဲပါ။ တစ်ခဏဒုက္ခခံမှ တစ်ဘဝသုခစံကြရမှာပါ။ တစ်ဘဝသုခခံစားချင်ရင်တော့ လူငယ်ဘဝမှာကတည်းက ရသမျှအချိန်အတွင်းမှာ ဘဝရဲ့တိုးတက်ရာတိုးတက်ကြောင်းအဖြာဖြာကို လက်လွှတ်မခံဘဲ ဇွဲဝီရိယအပြည့်နဲ့ ကြိုးစားကြဖို့လိုပါတယ်။ အေးရိပ်မှာနားခိုနိုင်ဖို့အတွက် အပူထဲမှာ ရဲရဲလျှောက်လှမ်းကြရပါမယ်။ ❖**

အခြေအနေအချိန်အခါပေးတုန်းမှာ မကြိုးစားကြရင်တော့ **"သိပ္ပအပြား၊ ဆယ့်ရှစ်ပါးတွင်၊ တစ်အင်အင်ကို၊ အကြင်သသူ၊ မတတ်မူကား၊ ထိုသူအားလျှင်၊ စီးပွားမရောက်၊ ချမ်းသာပျောက်၍၊ သူ့နောက်ကသာ၊ ရှိတို့ရာလိမ့်"**လို့ **"ပုဏ္ဏောဝါဒပျို့"**မှာ ဆုံးမထားသလို **"တိလောက ဆုံးမစာ"**မှာလဲ **"ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ"**လို့ ဆုံးမထားလေတော့ နောက်လိုက်အစေအပါးဘဝ ကျရောက်သွားကြပါလိမ့်မယ်။ အဲဒီအချိန်ကျမှ ငါလူငယ်ကျောင်းသားဘဝက မကြိုးစားခဲ့မိလို့ အခုတော့ ထားရာနေ၊ စေရာသွား သူများရဲ့အစေအပါး၊ သူများရဲ့နောက်လိုက်၊ အနိမ့်ခံဘဝရောက်ရပြီလို့ နောင်တရနေရုံကလွဲလို့ လူငယ်ဘဝကို ဘယ်နည်းနဲ့မှ ပြန်မရနိုင်တော့ပါဘူး။ ကျောင်းပြန်တက်ပြီး စာကြိုးစားချင်လိုက်တာ၊ စာသင်ခန်းထဲမှာတော့ စာကျက်မှတ်တဲ့နေရာမှာပါ အိပ်ငိုက်ခဲ့မိတာများလေစွ။ ငယ်စဉ်ဘဝမှာ အချိန်တွေကို အလဟဿဖြုန်းပြီး ဘဝအတွက် အသုံးဝင်တဲ့ အတတ်ပညာသင်တန်းတွေကို မသင်ယူခဲ့မိတာ ရင်နာစရာကောင်းလှပါဘိ။ အခုတော့ အရွယ်ကလွန်သွားလေပြီ။ အချိန်နာရီတွေကို ဘယ်နည်းနဲ့မှ အစားထိုးလို့မရတော့ပါလားလို့ နှမြောတသ နောင်တရနေရုံကလွဲလို့ ဘာမျှအကျိုးမရှိတော့ပါဘူး။ ကုန်ဆုံးသွားတဲ့ငွေကို အချိန်မရွေးပြန်ရှာလို့ရနိုင်ပေမဲ့ ကုန်ဆုံးသွားတဲ့အချိန်ကိုတော့ လုံးဝပြန်မရနိုင်တော့ပါဘူး။

သားသမီးရတနာလို့ တင်စားထားကြပေမဲ့ **"ရတနာ"** မဖြစ်ဘဲ **"ရတာနာ"**တွေဖြစ်နေကြပါတယ်။ မိဘတိုင်းဟာ သားလေးမွေးဖွားလာရင် တို့အားထားရမဲ့ **"အား"**အဖြစ် အားကိုးမျှော်လင့်ကြလေ့ရှိပါတယ်။ သားကလိမ္မာရင်တော့ **"မိဘတွေအတွက် အား"** ဖြစ်ပေမဲ့ သားကဆိုးသွမ်းမိုက်ကန်းရမ်းကားနေရင်တော့ **"အား"**မဖြစ်ဘဲ **"ကျား"**ဖြစ်သွားပါတယ်။ သမီးလေးမွေးဖွားလာရင်လဲ တို့အရိပ်ခိုရမဲ့ **"ထီး"** အဖြစ် တင်စားဂုဏ်ယူကြလေ့ရှိပါတယ်။ သမီးကလိမ္မာရင်တော့ မိဘတွေအတွက် **"ထီး"** ဖြစ်ပေမဲ့ သမီးက သမီးတစ်ကောင် နွားတစ်ထောင်ပမာ မိဘတွေရဲ့ ဂုဏ်သိက္ခာနဲ့ စည်းစိမ်ဥစ္စာတွေကို ပျက်စီးဆုံးရှုံးစေပြီး ဒုက္ခမီးတွေမွှေးပေးနေရင်တော့ **"ထီး"**မဖြစ်ဘဲ မိဘတွေကို လောင်ကျွမ်းစေတဲ့**"မီး"**ဖြစ်သွားပါတယ်။

**"မိဘတွေဟာ သက်ရှိဘုရားတွေပါ"** အနန္တော အနန္တငါးပါးဂိုဏ်းဝင်ကျေးဇူးရှင်ကြီးတွေပါ။ မိဘတွေ သက်ရှိထင်ရှားရှိနေကြတုန်းမှာ ဥပေက္ခာပြုထားခဲ့ကြပြီးမှ မိဘတွေကွယ်လွန်သွားကြတဲ့အခါမှာ ပူဆွေးသောကဖြစ်ပြီး ငိုကြွေးကြသူတွေ၊ မိဘတွေရောက်လေရာဘဝတွေကနေ သားတို့၊ သမီးတို့ရဲ့ ကောင်းမှုကုသိုလ်အစုစုကို သာဓုခေါ်နိုင်ကြပါစေလို့ ကြားဝါကြေညာနေကြသူတွေ၊ ခလုတ်ထိမှ အမိတ၊ အဖတနေကြသူတွေ၊ မိဘကျေးဇူးအထူးထူးကို ကိုယ်တွေ့ကြုံမှ နောင်တရနေကြသူအားလုံးဟာ မိဘအစား ဘယ်တော့မှပြန်မရနိုင်တော့ပါဘူး။ ဒါကြောင့် **"အချိန်နဲ့မိဘ အစားထိုးလို့မရ"**ဆိုတဲ့ ဂုဏ်မြောက်ထိရောက်လွန်းလှတဲ့ ဆိုစကားကို လူငယ်တိုင်း အလေးထားလိုက်နာကျင့်ကြံကြဖို့ လိုအပ်လှပါတယ်။ ဒီတော့ကား ဒီနေ့လူငယ်တွေအနေနဲ့ လက်ရှိအချိန်ကို ရေရှည်အကျိုးအတွက် မျှော်ကိုးပြီး တန်ဖိုးရှိရှိအသုံးချဖို့လိုသလို ကျေးဇူးရှင်မိအို၊ ဖအိုကြီးတွေကိုလဲ အသက်ရှင်နေသမျှကာလပတ်လုံး ကြင်ကြင်နာနာ၊ နွေးနွေးထွေးထွေး၊ ယုယုယယနဲ့ ကျွေးမွေးပြုစုစောင့်ရှောက် ကျေးဇူးတုံ့ပြန်နေအပ်လှပါတယ်။

ဒါ့ပြင် ဒီနေ့လူငယ်တွေရဲ့ လက်ရှိအဓိကတာဝန်ကတော့ ပညာရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်အောင် စွမ်းဆောင်ကြိုးပမ်းကြဖို့ဖြစ်ပါတယ်။ အနိမ့်ဆုံးအဆင့် ၁၀ တန်းအောင်မြင်သင့်ပါတယ်။ ၁၀ တန်းအောင်မြင်ပါက ဘွဲ့ရ၊ ဘွဲ့လွန်အဆင့်သာမက အခြားအသက်မွေးဝမ်းကျောင်းပညာရပ်တွေနဲ့ မိမိအတွက် အကျိုးသက်ရောက်မှုရှိစေမဲ့ နည်းပညာတွေကိုလဲ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေအပ်လှပါတယ်။ ဒီနေရာမှာ အချိန်အတိုင်းအတာပမာဏအပေါ် မူတည်ပြီး ကြီးမားလှတဲ့တန်ဖိုး အကျိုးအမြတ်ရှိပုံကို **"ဆရာကျော်ဝင်း"**ရေးသားတဲ့**"နှစ်ဆယ့်တစ်ရာစု သားရွှေဥ"**ဘာသာပြန်စာအုပ်ထဲမှာ-

"တစ်မီလီမီတာစက္ကန့်ရဲ့တန်ဖိုးကိုသိချင်ရင် အိုလံပစ်ငွေတံဆိပ်ဆုရ တာတိုအပြေးသမားကိုမေးပါ"

"တစ်မိနစ်ရဲ့တန်ဖိုးကိုသိချင်ရင် ယာဉ်တိုက်မှုနဲ့ သီသီလေးလွတ်သွားတဲ့ယာဉ်မောင်းကို မေးပါ"

"တစ်နာရီရဲ့တန်ဖိုးကိုသိချင်ရင် ဆုံစည်းခွင့်စောင့်နေကြရတဲ့ ချစ်သူတွေကိုမေးပါ"

"နေ့တစ်နေ့ (တစ်ရက်)ရဲ့တန်ဖိုးကိုသိချင်ရင် မှီခိုသူမိသားစုများတဲ့ အိမ်ထောင်ဦးစီး နေ့စားလုပ်သားကြီးကိုမေးပါ"

"ရက်သတ္တပတ်(တစ်ပတ်)ရဲ့တန်ဖိုးကိုသိချင်ရင် အပတ်စဉ်ထုတ် ဂျာနယ်အယ်ဒီတာကို မေးပါ"

"လတစ်လရဲ့တန်ဖိုးကိုသိချင်ရင် လမစေ့ဘဲ ရင်သွေးလေးကို မွေးဖွားတဲ့မိခင်ကိုမေးပါ"လို့ ဖော်ပြထားပါတယ်။

အဲဒါကိုထပ်ပြီး ဧရာဝတီတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးခင်မောင်ရီက-

"နှစ်တစ်နှစ်ရဲ့တန်ဖိုးကိုသိချင်ရင် စာမေးပွဲကျတဲ့ ကျောင်းသား၊ ကျောင်းသူကိုမေးပါ"လို့ ဖြည့်ပေးထားပါတယ်။

တွေးတောဆင်ခြင်ကြည့်ရင် အဖြေကပေါ်လွင်နေပါတယ်။ တစ်နေ့လုပ်မှ တစ်နေ့စာ နေ့တွက်ရတဲ့ နေ့စားလုပ်သားကြီးဟာ တစ်နေ့အလုပ်မဆင်းနိုင်ရင်၊ တစ်နေ့အလုပ်ပိတ်ရင် သူ့မိသားစုထမင်းစားဖို့ ခက်ခဲသွားပါတော့တယ်။ တစ်နေ့တစ်နေ့နဲ့ နေ့တွေများစွာ ပျက်ကွက်တာများလာရင် မိသားစုရဲ့စားဝတ်နေရေးဟာ မတွေးရဲစရာဖြစ်ပေါ်လာနိုင်ပါတယ်။

လမစေ့ဘဲ ရင်သွေးကလေးကို မွေးဖွားခဲ့ရတဲ့မိခင်ဟာ ကိုးလလွယ်၊ ဆယ်လမှာ မွေးဖွားရမဲ့အစား ခုနစ်လနဲ့ ရင်သွေးကလေးကို မွေးဖွားခဲ့ရတာကြောင့် ကလေးလေးရဲ့ခန္ဓာကိုယ်ကကြုံလှီ၊ လူစဉ်ကလဲမမီလေတော့ ငါ့ရင်သွေးလေး သက်ဆိုးမရှည်ပဲ့မလား။ ဉာဏ်ရည်မီပဲ့မလား။ ပညာသင်လို့ရပဲ့မလား။ လူရာမှ ဝင်ပဲ့မလား။ လူဖြစ်ရှုံးတော့မှာပါလား။ လားပေါင်းများစွာနဲ့ သနားကြင်နာလွန်းတဲ့ မိခင်မေတ္တာကြောင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခံစားရပါတယ်။ နေ့စဉ်နဲ့အမျှ သောကပူဆွေး၊ စိတ်မအေးရတဲ့ဝေဒနာကို ကြိတ်မှိတ်မျိုသိပ်ခံစားနေရပါတယ်။ ဒါကြောင့် လမပြည့်ဘဲ ရင်သွေးလေးတွေကို မွေးဖွားခဲ့တဲ့မိခင်တိုင်းဟာ လရဲ့တန်ဖိုးကို တခြားသူတွေထက် ပိုမိုခံစားနားလည်နေကြပါတယ်။

လူငယ်တွေအနေနဲ့ လူတော်ဖြစ်ကြဖို့အတွက် ပညာရေးကို ထူးချွန်အောင်ကြိုးစားကြရပါမယ်။ လူကောင်းဖြစ်ကြဖို့အတွက် ဘာသာရေးကို လေ့လာကိုင်းရှိုင်း၊ သက်ဝင်ယုံကြည်ပြီး လိုက်နာကျင့်ကြံကြရပါမယ်။

လူ့လောကကြီးထဲမှာ လူတော်တွေရှိနေရုံမျှနဲ့ မပြည့်စုံသေးပါဘူး။ လူကောင်းတွေလဲ ရှိနေဖို့လိုပါတယ်။ လူကတော်ပြီး ကိုယ်ကျင့်တရားချွတ်ချော်နေရင် ပတ်ဝန်းကျင်ကို ထိခိုက်စေပါတယ်။ လူကောင်းတွေ ရှိနေရုံနဲ့လဲ နိုင်ငံနဲ့လူမျိုးတိုးတက်မှုမှာ လစ်ဟာနေမှာပါ။ လူတော်လဲဖြစ်၊ လူကောင်းလဲဖြစ်ကြရင်တော့ အဘက်ဘက်မှာ တိုးတက်လာမှာသေချာပါတယ်။

ဒီနေ့ခေတ်ကာလက ဟိုအရင်ခေတ်ကာလတုန်းကလို နေရာတိုင်းမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ မရှိကြတဲ့အတွက် ဘာသာရေးဘက်မှာ အားနည်းချက်တွေရှိနေကြပါတယ်။ ဘာသာရေးသာမက ပြည်သူ့နီတိကျင့်ဝတ်တွေကိုပါ တတ်သိနားလည်မှုမရှိကြလို့ ဒီနေ့လူငယ်မောင်မယ်တချို့ဟာ အပြောအဆို၊ အနေအထိုင်၊ အပြုအမူ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေမှာ မြန်မာလူမျိုးတွေမှဟုတ်ပါလေစရယ်လို့မေးရမလို ရိုင်းစိုင်းနေကြပါတယ်။ မြန်မာ့ယဉ်ကျေးမှုဆိုတာကို နားမလည်ကြတာလား၊ တမင်စတန့်ထွင်ပြီး မလိုက်နာကြတာလား။ စဉ်းစားတွေးခေါ် ရေရှည်အကျိုးကိုမျှော်ပြီး ဝိုင်းဝန်းပြုပြင်ပေးကြစေချင်ပါတယ်။

ဆရာကြီးပီမိုးနင်းရဲ့ လမ်းညွှန်ဩဝါဒမှာ **"လူကို စိတ်ကအုပ်ချုပ်တယ်။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်တယ်။ ဉာဏ်ပညာကို ဗဟုသုတကရတယ်။ ဗဟုသုတကို စာအုပ်စာပေတွေထဲက ရနိုင်တယ်။ ဒါကြောင့် စာများများဖတ်ကြပါ"**လို့ ဆုံးမခဲ့ပါတယ်။

**စာမျက်နှာ ၅ သို့ ➤**

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း စပါးအမျိုးအစားစုံ တင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း စပါးအမျိုးအစားစုံ တင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်းက စပါးအမျိုးအစားစုံ တင်းရေ ၄၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ စပါးအမျိုးအစားစုံ တင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဒေသထွက်စပါးများကို ရန်ကုန်မြို့မှ ဝယ်ယူမှုများနေခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ စပါးတွေကို ရန်ကုန်မြို့ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလက အရင်လထက် စပါးတင်းရေ ၂၉၀၀၀ ထိ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ စပါးဈေးကလဲ နည်းနည်းတက်နေပါတယ်။ ရန်ကုန်ဈေးကွက်က စပါးကို အများအပြားဝယ်ယူအားတက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို စပါးက ဝယ်လိုအားများနေတာ ဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဆန်နှင့် စပါးများကို ဝယ်ယူပြီး မော်လမြိုင်ကျွန်းမြို့မှတစ်ဆင့် ပြည်တွင်းရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက တင်ပို့ရောင်းချခဲ့သည့် စပါးအမျိုးအစားများမှာ ပေါ်ဆန်း၊ သီးထပ်ရင်၊ မနောသုခ၊ ဆင်းသုခ၊ ပခမ်း၊ ရွှေသွယ်ရင်၊ ထိုင်းဘေးကျား စသည်တို့ဖြစ်ကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် လက်ရှိတွင် တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀ မှ ငွေကျပ် ၂၅၅၀၀၀၀ ထိဈေးရှိကြောင်း ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



## ခြေခင်းလက်ခင်းသာ

- အမှောင်ကွယ်ပျက် အရုဏ်တက်ပြီ
  လင်းကြက်တွန်သံ ငှက်တေးသံနှင့်
  မိုးယံထိန်ဝင်း နေအလင်းဖြင့်
  ခြေခင်းလက်ခင်းသာလာပြီ။

- ဒီနှုန်းနဲ့သာ ချီတက်ပါက
  သာယာအေးချမ်း ဘေးမသန်းဘဲ
  တက်လမ်းရောက်မည် သေချာသည်၊
  အချောင်သမား မျက်နှာဖုံးများလည်း
  လှည့်စားမရ ကွာ၍ကျခဲ့။

- မှိုင်းတိုက်ခံရ အမှောင်ညများ
  ရှည်လျားဦးမည်၊
  ထင်မိသည်လည်း မဟုတ်ချေ။

- ပြည်သူတွေနော် နှစ်နှစ်ကျော်သော်
  အဖြေပေါ်ဘိ အမှန်သိမြင်
  တိုးတက်ချင်ပြီ နှိုင်းယှဉ်မြင်ရ
  အရှေ့တောင်အာရှ။

- ကိုယ်ထူကိုယ်ထ ကြိုးစားကြလျှင်
  ခဏကြာလျှင် အရှိန်အလျဉ်ရ
  ကွယ်ဝနိုင်သည် တို့ယုံကြည်။ ။

**မိုးရှင်း**

# မြို့သစ်မြို့နယ် အောင်မြင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရေးအတွက် လေးတိုင်စင်ကျေးရွာအုပ်စု အောင်မြင်သာကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက အောင်မြင်သာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၃၈ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် အောင်မြင်သာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို ငွေကျပ် ၃၈ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးတိုင်စင်ကျေးရွာအုပ်စု အောင်မြင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်ထံမှ သိရသည်။

**ငယ်လေး**

➤ စာမျက်နှာ ၄ မှအဆက်

"**စာအုပ်စာပေ လူ့မိတ်ဆွေ**"ဆိုတဲ့အတိုင်း စာအုပ်စာပေတွေက ကိုယ်နဲ့မကွာရှိနေကြသလို ကိုယ့်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘဲ အကျိုးပေးသစ္စာရှိနေကြလို့ ထာဝရမိတ်ဆွေ၊ ထာဝရအကျိုးစီးပွားအဖြစ် ခံယူထားကြစေချင်ပါတယ်။ "**အလိမ္မာစာမှာရှိ**"ဆိုတဲ့စကားရှိတယ် မဟုတ်ပါလား။ စာဖတ်အားကို ဟန့်တားနေကြတဲ့ဖုန်းကို လိုအပ်မှ အသုံးပြုကြစေချင်ပါတယ်။ အကျိုးရှိတာကိုပဲ အသုံးပြုကြစေချင်ပါတယ်။

လူငယ်တွေအနေနဲ့ ဘွဲ့၊ ဒီပလိုမာတွေ ရနေကြရုံမျှနဲ့ ပညာပြည့်စုံတာ မဟုတ်ပါဘူး။ အိုင်တီခေတ်၊ ပညာခေတ်ကြီးထဲမှာ သင်ယူစရာ ပညာရပ်တွေ၊ အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုနိုင်တဲ့ လုပ်ငန်းကျွမ်းကျင်မှု နည်းပညာရပ်တွေ တတ်ကျွမ်းထားသင့်တာမှန်သမျှ လုပ်ငန်းခွင်တွေထဲ ရောက်သွားကြတဲ့ထိ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေကြဖို့ လိုအပ်လှပါတယ်။

"**ပညာခုံမှ သက်လုံကောင်းမယ်**"ဆိုတဲ့အသိ ကိုယ်စီရှိထားစေချင်ပါတယ်။

"**ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်တွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏**"လို့ "မဃဒေဝလင်္ကာ"မှာ ဆိုဆုံးမထားသလို ပညာစုံလို့ သက်လုံကောင်းနေကြရင် နေရာတိုင်းမှာ ဂုဏ်ဝင့်တင့်တယ်စေပါတယ်။ မျက်နှာပန်းပွင့်ဂုဏ်မြင့်ဝင့်ထည်နေစေပါတယ်။

ရေသာခို၊ အိပ်ငိုက်၊ အပျော်လမ်းကိုသာ အရချောင်လိုက်နေကြရင်တော့ မှောင်မိုက်တဲ့ဘဝခရီးကြမ်းမှာ စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းရှန်းကန်ရင်း လုံးပါးပါးပြီး မရှုမလှကျဆုံးသွားပါလိမ့်မယ်။

အနှစ်ချုပ်ကိုရွေးထုတ်ပြီးပြောချင်တာကတော့ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ မိမိတို့လက်ဝယ်ပိုင်ဆိုင်ထားကြတဲ့အချိန်တွေကို အကျိုးရှိရှိတန်ဖိုးထားပြီး အသုံးပြုကြမယ်ဆိုရင်-

၁။ ရနိုင်သမျှ အတတ်ပညာမျိုးစုံကို စာတွေ့ကော လက်တွေ့ပါရာကြံကြိုးစားဖြည့်ဆည်းနေကြပါ။

၂။ လူတော်ဖြစ်အောင် ပညာရေးကို ဇွဲ၊ ဝီရိယအပြည့်နဲ့ကြိုးစားပြီး လူကောင်းဖြစ်အောင် ဘာသာရေးနဲ့ပြည်သူ့နီတိကျင့်ဝတ်တွေကို လေ့လာသင်ယူလိုက်နာကျင့်သုံးကြပါ။

၃။ ဗဟုသုတပြည့်စုံကြွယ်ဝအောင် စာများများဖတ်ကြပါ။ မှတ်ကြပါ။ ကိုယ့်အပေါ်မှာ ဘယ်တော့မှသစ္စာမဖောက်ဘဲ ကိုယ်နဲ့အမြဲတမ်းထိတွေ့နေနိုင်တဲ့ စာအုပ်စာပေ လူ့မိတ်ဆွေကို ထာဝရမိတ်ဆွေ၊ ထာဝရအကျိုးစီးပွားအဖြစ် ခံယူထားကြပါ။

၄။ လူမိတ်ဆွေ၊ အပေါင်းအသင်းကို ရွေးချယ်ပေါင်းသင်းကြပါ။

၅။ အကြားအမြင် ဗဟုသုတပြည့်စုံကြွယ်ဝသူတွေထံ ဆည်းကပ်ပြီး နည်းနာခံယူကြပါ။

၆။ ပျင်းရိတွေဝေ၊ စိတ်လေထွေပြား၊ လောင်းကစားမက်၊ ပွဲလမ်းဖက်ပြီး သောက်စားပျော်ပါးမှုလွန်ကဲတာတွေကို ရှောင်ကြဉ်ကြပါ။

၇။ "**သောကကိုရှောင်၊ ဝအောင်မစား၊ လွှပ်ရှားကိုယ်လက်ညှိသုံးချက် အသက်ရှည်ကြောင်းတည်း**"လို့ ဆိုစကားရှိသလို ကျန်းမာရေးနဲ့လိုက်လျောညီထွေ စားသောက်ပြုမူနေထိုင်ကြပါ။

၈။ မိဘ၊ ဆရာတွေနဲ့ ကိုယ့်ကိုကျေးဇူးပြုဖူးသူတွေကို မပြစ်မှားမိကြပါနဲ့။

၉။ အမျိုးရဲ့ဂုဏ်၊ ဇာတိဂုဏ်ကို ထာဝစဉ်မြှင့်တင်နိုင်ကြပါစေ။

၁၀။ လမ်းညွှန်ဆုံးမ ဩဝါဒအားလုံးရဲ့ အခေါင်အချုပ်၊ အဓိပတိဖြစ်တဲ့ ၃၈ ဖြာမင်္ဂလာတရားတော်နဲ့အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြပါလို့သာ ဆန္ဒမွန်ပြုလိုပါတယ်။

"**ပညာရျို့တဲ့၊ ကျေးဇူးမဲ့က၊ ဆုတ်သည့်လသို့၊ စဏမကြာ၊ ရွှေ့လျောရာ၏၊ ပညာမြင်မြော်၊ သူတော်အစစ်၊ ဖြစ်လာစဲက၊ ဆန်းသစ်လသို့၊ ကြွယ်ဝကုံလုံ၊ ညီလွှတုံ၌၊ လုံးစုံဦးညွတ်၊ စမြဲဝပ်လျက်**"လို့ သားရွှေကြုံဆုံးမစာမှာ ဆိုဆုံးမထားသလို ပညာပြည့်ဝ နှလုံးလှကြပါစေ။

# နိုင်ငံတကာ သတင်းများ

## ကာကွယ်ရေးအသုံးစရိတ်ကို စနစ်တကျသုံးစွဲရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို တိုက်တွန်း

**ဂျကာတာ အောက်တိုဘာ ၅**

စစ်လက်နက်များ ခေတ်မီရေးမှာ အရေးကြီးအကန့်အသတ်ရှိနေသည့် နိုင်ငံတော်အသုံးစရိတ်ကြောင့် စစ်ရေးအသုံးစရိတ် သုံးစွဲရာတွင် စနစ်တကျသုံးစွဲရန်လိုကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ယနေ့တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် လက်နက်ကိုင်တပ်များ ခေတ်မီရေးအတွက် ကြိုးပမ်းနေသော်လည်းအခြားဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ခြေလှမ်းနောက်ကျနေဆဲဖြစ်သည်။

လက်နက်ကိုင်တပ်များခေတ်မီရေးမှာ အရေးကြီးသော်လည်း စစ်ရေးအသုံးစရိတ်သုံးစွဲမှုမှန်သမျှကို စနစ်တကျသုံးစွဲသင့်ကြောင်း ယနေ့ကျင်းပခဲ့သည့် အင်ဒိုနီးရှားစစ်ဘက်စစ်ရေးပြချီတက်ပွဲ တစ်ပွဲတွင် သမ္မတဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

လက်ရှိအင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တိုသည် ပြင်သစ်နိုင်ငံထုတ် ရာဖေးလ်တိုက်လေယာဉ် ၄၁ စင်းအားအမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံဖြင့်ဝယ်ယူမှု အပါအဝင် စစ်လက်နက်စနစ်သစ် ဝယ်ယူမှုအများအပြားကို ဦးဆောင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့် ၁၀ နှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် တစ်ဦးချင်းဝင်ငွေအရ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)အချိုးအစားအရ အရှေ့တောင်အာရှ စီးပွားရေးအင်အားရှင်နိုင်ငံ ခြောက်နိုင်ငံထဲတွင် အနိမ့်ဆုံးဖြစ်ခဲ့ရသည်။

လူဦးရေ သန်း ၂၇၀ နေထိုင်သော ကျွန်းစုနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှ၏စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ဆြစတြေးလျဒေါ်လာ အကြွေဒင်္ဂါးများ၌ ချားလ်ဘုရင်-၃ ရုပ်ပုံ ရိုက်နှိပ်မည်

**ဆစ်ဒနီ အောက်တိုဘာ ၅**

မကြာမီကာလများအတွင်း ဩစတြေးလျဒေါ်လာ အကြွေဒင်္ဂါးများပေါ်တွင် ဗြိတိန်ဘုရင် ချားလ်-၃၏ ရုပ်ပုံကို ရိုက်နှိပ်မည်ဖြစ်ကြောင်း ဩစတြေးလျဘုရင့်ဒင်္ဂါးရုံ အကြီးအကဲ လိတ်ချ်ဂေါ်ဒွင်က ယနေ့တွင် ကြေညာလိုက်သည်။

ဗြိတိန်ဘုရင်မအဲလစ်ဇဘက်-၂ နတ်ရွာစံပြီး တစ်နှစ်ကျော်အကြာတွင် ဩစတြေးလျဒေါ်လာ အကြွေဒင်္ဂါးများ၌ ချားလ်ဘုရင်-၃၏ရုပ်ပုံကိုထည့်သွင်းရိုက်နှိပ်ရန်ဩစတြေးလျနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ယခုနှစ် ခရစ္စမတ်ကာလအတွင်း ချားလ်ဘုရင်-၃၏ ရုပ်ပုံရိုက်နှိပ်ထားသည့် အကြွေဒင်္ဂါး ၁၀သန်းကို စတင်ထုတ်ဝေမည်ဖြစ်ကြောင်း လိတ်ချ်ဂေါ်ဒွင်က ပြောကြားခဲ့သည်။

ဩစတြေးလျအကြွေဒင်္ဂါးများတွင် ရိုက်နှိပ်မည့် ချားလ်ဘုရင်-၃ ရုပ်ပုံသည် လန်ဒန်မြို့ ဘုရင့်ဒင်္ဂါးရုံက ပုံစံထုတ်ထားသော ရုပ်ပုံဖြစ်ပြီး ဩစတြေးလျအပါအဝင် ဓနသဟာယအဖွဲ့ဝင်နိုင်ငံအားလုံး အသုံးပြုနိုင်သည်။

ဩစတြေးလျနိုင်ငံသည် ၁၉၆၆ ခုနှစ်မှစ၍ ဗြိတိန်ဘုရင်မ အဲလစ်ဇဘက်-၂ ရုပ်ပုံ ရိုက်နှိပ်ထားသည့် အကြွေဒင်္ဂါးပေါင်း ၁၅ ဒသမ ၅ ဘီလီယံထိ သွန်းလောင်းခဲ့ပြီး ယင်းအကြွေဒင်္ဂါးများကို တရားဝင်ငွေကြေးအဖြစ်လည်း သုံးစွဲနေဆဲဖြစ်သည်။

ဓနသဟာယ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ဩစတြေးလျနိုင်ငံသည် ဗြိတိန်ဘုရင်နှင့် ဘုရင်မများကို နိုင်ငံတော်အကြီးအကဲများအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး ယူကရိန်းစစ်မြေပြင်တပ်မှူးများနှင့်တွေ့ဆုံ



**မော်စကို အောက်တိုဘာ ၅**

ရုရှားကာကွယ်ရေးဝန်ကြီးဆာဂေးရှိုဂူးနှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဗယ်လာရီတို့သည် ယူကရိန်း၌ တိုက်ပွဲဝင်နေသည့် စစ်မြေပြင်တပ်မှူးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် ရုရှားကာကွယ်ရေးဝန်ကြီးနှင့် စစ်မြေပြင်တပ်မှူးများ မည်သည့်နေရာ၌ တွေ့ဆုံခဲ့ကြသည်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ထည့်သွင်း ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ယနေ့တွင် အရန်တပ်များလေ့ကျင့်မှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးစစ်ဆေးခဲ့သည့် အရန်တပ်များမှာ ရုရှားတောင်ပိုင်း စစ်ဒေသအခြေစိုက်တပ်များ ဖြစ်ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြထားသည်။

ယူကရိန်းစစ်မြေပြင်၌ တိုက်ပွဲဝင်နေသော ရုရှားတပ်များ၏ တပ်မှူးများနှင့်တွေ့ဆုံစဉ် တပ်မှူးများက စစ်မြေပြင်အခြေအနေများနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးကို တင်ပြခဲ့ကြသည်။

ယူကရိန်းစစ်ရေးပဋိပက္ခအတွက် ရုရှားအနေဖြင့် တပ်များထပ်မံဆင့်ခေါ်မည့် အစီအစဉ်မရှိဟု ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ကုန်တိုက်သေနတ်ပစ်ခတ်မှု ကျူးလွန်သူလူငယ်အား လက်နက်ရောင်းချခဲ့သူလေးဦးကို ထိုင်းရဲတပ်ဖွဲ့ဖမ်းဆီး

**ဗန်ကောက် အောက်တိုဘာ ၅**

ပြီးခဲ့သည့် အောက်တိုဘာ ၃ ရက်က ဗန်ကောက်မြို့ဈေးဝယ်ကုန်တိုက် သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သူ လူငယ်ကို လက်နက်ရောင်းချခဲ့သူများအဖြစ် ယူဆရသူ လေးဦးကို ထိုင်းရဲတပ်ဖွဲ့က ယနေ့တွင် ဖမ်းဆီးထားကြောင်း သိရသည်။

ဆိုင်ယမ်ပါရာဂွန် အမည်ရှိ ဈေးဝယ်ကုန်တိုက်၌ဖြစ်ပွားခဲ့သော အဆိုပါသေနတ် ပစ်ခတ်မှုတွင် အသက် ၁၄ နှစ်ရှိ သေနတ်သမား လူငယ်ကြောင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ရပြီး ငါးဦးဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နောက်ဆက်တွဲ စစ်ဆေးဖော်ထုတ်ချက်များအရ ပစ်ခတ်မှုကျူးလွန်ခဲ့သူ လူငယ်ကို သေနတ်ရောင်းချခဲ့သူ လေးဦးကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး ဖမ်းဆီး ထိန်းသိမ်းထားကြောင်း ထိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သေနတ်ရောင်းချခဲ့သူ လေးဦးအနက် နှစ်ဦးကို ဗန်ကောက်မြို့၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး နှစ်ဦးကို ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေနတ်သမား လူငယ်အားရောင်းချခဲ့သည့် သေနတ်သည် မီးပွင့်သေနတ် ခေါ် သေနတ်ကို ပြုပြင်မွမ်းမံထားသော သေနတ်တစ်မျိုးဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ထိုင်းရဲတပ်ဖွဲ့သည် ဆိုင်ယမ်ပါရာဂွန်ကုန်တိုက် ပစ်ခတ်မှုကျူးလွန်သူ လူငယ်ကို ကြိုတင်ကြံစည်သည့် လူသတ်မှုစွဲချက်၊ တရားမဝင်သေနတ်ကိုင်ဆောင်မှုစွဲချက်များဖြင့် တရားစွဲထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂျော်ဂျီယာခွဲထွက်နယ်မြေ အက်ဘ်ခါဇီးယားဒေသ၌ အမြဲတမ်းရေတပ်အခြေစိုက်စခန်းတစ်ခု ရုရှားထားရှိမည်

**မော်စကို အောက်တိုဘာ ၅**

ဂျော်ဂျီယာ ခွဲထွက်နယ်မြေတစ်ခုဖြစ်သည့် အက်ဘ်ခါဇီးယားဒေသ ပင်လယ်နက်ကမ်းရိုးတန်းတွင် အမြဲတမ်းရေတပ်အခြေစိုက်စခန်းတစ်ခု ဖွင့်လှစ်ရေးအတွက် ရုရှားနိုင်ငံက အက်ဘ်ခါဇီးယားခေါင်းဆောင်များနှင့်သဘောတူညီချက်လက်မှတ်ရေးထိုးထားကြောင်း ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



ရုရှားသမ္မတပူတင်နှင့် အက်ဘ်ခါဇီးယားခေါင်းဆောင် အစ္စလန်းဘာနီးယားတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တစ်ရက်အကြာတွင် အက်ဘ်ခါဇီးယား၌ အမြဲတမ်းရေတပ်စခန်းဖွင့်လှစ်ရေး သဘောတူညီချက်ရယူမှုသတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ အက်ဘ်ခါဇီးယားဒေသ အိုချမ်ချီရာခရိုင်တွင် ရုရှားရေတပ်၏အမြဲတမ်းအခြေစိုက်စခန်းတစ်ခု ရှိလာလိမ့်မည်ဖြစ်ကြောင်း အက်ဘ်ခါဇီးယားခေါင်းဆောင် အစ္စလန်းဘာနီးယားက ရုရှားပြည်တွင်းမီဒီယာများကို ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အက်ဘ်ခါဇီးယား၌ အမြဲတမ်းရေတပ်စခန်းထားရှိမည့် ရုရှားနိုင်ငံ၏အစီအစဉ်ကို ဂျော်ဂျီယာ၏အချုပ်အခြာပိုင်စိုးမှုအားချိုးဖောက်မှုအဖြစ် ဂျော်ဂျီယာအစိုးရက ဝေဖန်ထားသည်။

ရုရှားနိုင်ငံသည် ဂျော်ဂျီယာခွဲထွက်ဒေသများဖြစ်သည့် အက်ဘ်ခါဇီးယားနှင့် အော်ဆက်တီးယားဒေသများကို လွတ်လပ်သည့်နိုင်ငံများအဖြစ် ၂၀၀၈ ခုနှစ်အတွင်းက အသိအမှတ်ပြုထားသည်။

အိုချမ်ချီရာခရိုင်၌ ရုရှား၏ အမြဲတမ်းရေတပ်စခန်းတစ်ခုထားရှိခြင်းဖြင့် ရုရှားနှင့် အက်ဘ်ခါဇီးယားတို့၏ ကာကွယ်ရေးစွမ်းဆောင်ရည် မြင့်တက်လာမည်ဖြစ်သည်ဟု အက်ဘ်ခါဇီးယားခေါင်းဆောင်က ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ်(၈) ပွဲကြိုသုံးသပ်ချက်များ

ML

**မန်ယူ Vs ဘရန့်ဖို့ဒ်**

**ကစားမည့်ရက်/အချိန် ၇-၁၀-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၁ - ၀ ဘရန့်ဖို့ဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | - | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(ရှုံး) |
| ဘရန့်ဖို့ဒ် | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |

အခုရာသီ ရလဒ်ပိုင်းဆိုးရွားနေတဲ့ မန်ယူဟာ ဖိအားအောက်က လွတ်မြောက်ဖို့ အခုပွဲစဉ်ကို အနိုင်ရဖို့အတွက် တိုက်စစ်မြှင့်ဖိအားပေးလာမှာသေချာပါတယ်။ ဘရန့်ဖို့ဒ်အသင်းကလဲ တိုက်စစ်ကစားအားကျဆင်းနေသလို ကစားသမားစုဖွဲ့မှုလဲ မန်ယူကိုယှဉ်လို့မရတာကြောင့် အခုအဝေးကွင်းမှာ ထပ်မံရှုံးနိမ့်ရအုံးမှာပါ။ ဒါကြောင့် မဖြစ်မနေနိုင်ပွဲလိုအပ်နေတဲ့ မန်ယူအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်ယူ ၂ - ၁ ဘရန့်ဖို့ဒ်**

**ဘန်လေ Vs ချဲလ်ဆီး**

**ကစားမည့်ရက်/အချိန် ၇-၁၀-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘန်လေ ၀ - ၄ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | - | ဝေး(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| ချဲလ်ဆီး | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |

ဘန်လေအသင်းဟာ ကစားပုံနဲ့ အသင်းလိုက်ကစားအားကောင်းပေမဲ့ တိုက်စစ်ပိုင်းဂိုးသွင်းမသေချာလို့သာ ရလဒ်ဆိုးရွားနေတာဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းကတော့ ကစားသမားစုဖွဲ့မှုသာလွန်နေပေမဲ့ ကစားသမားသစ်တွေအထိုင်မကျသေးတာကြောင့် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ ချဲလ်ဆီးကို အနည်းဆုံးသရေကစားလာမဲ့ ဘန်လေကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘန်လေ ၁ - ၁ ချဲလ်ဆီး**

## အီတလီစီးရီးအေ ပွဲစဉ်(၈) ပွဲကြိုသုံးသပ်ချက်

ML

**ဂျူဗင်တပ် Vs တိုရီနို**

**ကစားမည့်ရက်/အချိန် ၇-၁၀-၂၀၂၄ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၄ - ၂ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| တိုရီနို | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

အခုရာသီ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ဂျူဗင်တပ်ဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ပွဲကျပ်ကစားခဲ့ရပြီး ရမှတ်ဆုံးရှုံးခဲ့လို့ အခုပွဲစဉ်ကို မဖြစ်မနေအနိုင်ရဖို့ ကြိုးစားမှာပါ။ တိုရီနိုအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်အားပြုကစားနေပေမဲ့ အဝေးကွင်းတိုက်စစ်ပိုင်း ကျဆင်းနေတာကြောင့် ဂျူဗင်တပ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ကွင်းခြေစွမ်းပိုင်းကောင်းတဲ့ ဂျူဗင်တပ်ပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျူဗင်တပ် ၁ - ၀ တိုရီနို**

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားနေသည့် တောင်ပံကစားသမား မီတိုမာကို ဘရိုက်တန်အသင်းက ကာလရှည်သက်တမ်းတိုးရန် ပြင်ဆင်လျက်ရှိသည်။
- ပေါ်တိုအသင်းနှင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် လူစားဝင်ကစားခွင့်ရခဲ့သည့် တိုက်စစ်မှူး ယာမယ်အနေဖြင့် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ML

# ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အသင်းခြောက်နိုင်ငံဖြင့် ပထမဆုံးပူးတွဲကျင်းပမည်



**ဇူးရစ် အောက်တိုဘာ ၅**

လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ကြီးသုံးတိုက်မှ အိမ်ရှင်အသင်း ခြောက်နိုင်ငံဖြင့် ပထမဆုံးကျင်းပပြုလုပ်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ပြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဥရုဂွေးနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အိမ်ရှင် ရွေးချယ်ခွင့်အတွက် တောင်အမေရိကတိုက်မှ အာဂျင်တီးနား၊ ပါရာဂွေးနှင့် ဥရုဂွေးနိုင်ငံတို့က ကနဦးတင်သွင်းထားသော်လည်း ဥရောပမှ စပိန်နှင့် ပေါ်တူဂီ၊ အာဖရိကတိုက်မှ မော်ရိုကိုအသင်းတို့ကလည်း ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိရန် အပြိုင်တင်သွင်းလာသောကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က တိုက်ကြီးသုံးတိုက်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ရာ အိမ်ရှင်အသင်းခြောက်သင်းဖြင့် လက်ခံကျင်းပရန် သဘောတူညီမှုရရှိခဲ့သည်။

တောင်အမေရိကတိုက်မှ သုံးနိုင်ငံတွင် အဖွင့်ပွဲစဉ်ကိုကျင်းပမည်ဖြစ်ရာ ဥရုဂွေးနိုင်ငံကကျင်းပခွင့်ရရှိခဲ့သဖြင့် မွန်တီဗီဒီယိုမြို့ ဆန်တနာရီယိုကစားကွင်းတွင် ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ ဗိုလ်လုပွဲစဉ်ကို ဥရောပတိုက်မှ စပိန်နိုင်ငံက ကျင်းပခွင့်ရရှိခဲ့သဖြင့် မက်ဒရစ်မြို့ ဘာနေဗြူကွင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၄၈ သင်းပါဝင်မည်ဖြစ်ပြီး အိမ်ရှင်အသင်း ခြောက်သင်းစလုံးအနေဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သကဲ့သို့ ပထမဆုံးအကြိမ် ကမ္ဘာ့တိုက်ကြီး သုံးတိုက်တွင်ကျင်းပသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်လာမည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

သို့သော် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ကြီးသုံးတိုက်တွင် ကျင်းပရန်ဆုံးဖြတ်ထားသော်လည်း လာမည့်နှစ်တွင် အဖွဲ့ဝင်နိုင်ငံ ၂၁၁ နိုင်ငံမှ အဖွဲ့ချုပ်များနှင့်ပြုလုပ်သည့်အစည်းအဝေးတွင် တရားဝင်အတည်ပြုသွားမည်ဖြစ်ပြီး ၂၀၃၄ ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံအတွက်လည်း ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**

# ရှက်တာဒိုးနက်အသင်းနှင့်ပွဲစဉ်တွင် ဂါဗီကို လက်လွှတ်ရမည့် ဘာစီလိုနာအသင်းအနေဖြင့် ကွင်းလယ်ပိုင်းအခက်ကြုံနေ

**ဘာစီလိုနာ အောက်တိုဘာ ၅**

ဘာစီလိုနာအသင်းက ပေါ်တိုအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဂါဗီသည် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသောကြောင့် လာမည့် ရှက်တာဒိုးနက်အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်၍ ကွင်းလယ်ပိုင်း အခက်ကြုံနေရကြောင်း သိရသည်။

လက်ရှိ ဘာစီလိုနာအသင်း ကွင်းလယ်ပိုင်းတွင် ပက်ထရီနှင့် ဖရန်ကီဒီဂျောင်းတို့မှာ ဒဏ်ရာပြဿနာကြောင့် အနားယူနေရပြီး ပက်ထရီမှာ အသင်းနှင့်လေ့ကျင့်ခန်းပြန်ဆင်းနေသဖြင့် အောက်တိုဘာ ၂၂ ရက်တွင်ကစားရမည့် ရှက်တာဒိုးနက်အသင်းနှင့်ပွဲစဉ်ကို ပါဝင်နိုင်မည်ဖြစ်သော်လည်း ဖရန်ကီဒီဂျောင်းမှာ နိုဝင်ဘာလကုန်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ရာ ဂါဗီကို လက်လွှတ်ရမည့် ကွင်းလယ်ပိုင်းအတွက် အခက်ကြုံနေရကြောင်း နည်းပြဖလစ်က ပြောကြားခဲ့သည်။

ပေါ်တိုအသင်းနှင့် ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် အဝေးကွင်း သွားရောက်ကစားခဲ့ရသဖြင့် ပြိုင်ဘက်၏ ဖိအားပေးမှုကို ခံခဲ့ရပြီး ပွဲချိန် ၃၄ မိနစ်အရောက်တွင် တိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရပြီးနောက် လူစားဝင်လာသည့် ဖာရန်တောရက်စ်က ပွဲကစားချိန် နာကျင်အချိန်ပို ၄၅ မိနစ်ကျော်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သဖြင့် လက်ကျန်ပွဲချိန်များတွင် ဘာစီလိုနာအသင်းက ပြိုင်ပွဲကို ထိန်းချုပ်ရန်ကြိုးစားခဲ့ရာ ပေါ်တိုအသင်း၏တိုက်စစ်ကြောင့် အခက်တွေ့ခဲ့ရသကဲ့သို့ ကွင်းလယ်ကစားသမား ဂါဗီအနေဖြင့် ပွဲချိန် ၃၆ မိနစ်၊ ပွဲချိန် မိနစ် ၉၀ ကျော်တို့တွင် အဝါကတ် ပြသခံခဲ့ရပြီး နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရသော်လည်း အသင်းအနေဖြင့် နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

**Ref : Barcablaugranes**
**Trs : ML**

# China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျန်နစ်ဆင်နာ ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၅**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ဆင်နာနှင့် ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ဆင်နာက (၇-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် မျက်ဒဗျက်သည် ချန်ပီယံဆုဆွတ်ခူးရန် ရေပန်းစားခဲ့သော်လည်း ဂျန်နစ်ဆင်နာက အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သလို အမှားအယွင်းအနည်းဆုံးဖြစ်အောင်လည်း ကစားနိုင်ခဲ့သည်။

အမှားအယွင်းတချို့ ရှိခဲ့သော်လည်း မျက်ဒဗျက်သည် ဂျန်နစ်ဆင်နာနှင့် ပွဲငယ်နှစ်ပွဲစလုံး၌ tie-break အဆင့်ထိ ကစားနိုင်ခဲ့ပြီး မမှားသင့်သည့် အမှားတချို့ကြောင့် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲစဉ်မတိုင်မီ ဂျန်နစ်ဆင်နာသည် မျက်ဒဗျက်နှင့် ခြောက်ကြိမ်တိုင်တိုင် တွေ့ဆုံယှဉ်ပြိုင်ခဲ့ဖူးပြီး ခြောက်ကြိမ်စလုံးတွင် မျက်ဒဗျက်ကသာ အနိုင်ရရှိထားသည်။



ဂျန်နစ်ဆင်နာက "နောက်ဆုံးတော့ မျက်ဒဗျက်ဟာ ကျွန်တော့်ကို နိုင်ပွဲတစ်ပွဲ ပေးခဲ့ပြီဖြစ်ပါတယ်။ သူနဲ့တွေ့ဆုံတိုင်း ကျွန်တော်အမြဲရှုံးနိမ့်ခဲ့ရတယ်။ အခုတစ်ကြိမ်မှာတော့ သူမျက်နှာသာပေးလို့ နိုင်ပွဲတစ်ပွဲရခဲ့ပြီ။ မျက်ဒဗျက်တို့လို ကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ကစားခွင့်ရတာဟာ စွမ်းဆောင်ရည်ကို တိုးတက်လာစေနိုင်သလို အတွေ့အကြုံကောင်းတွေလဲ ရရှိစေပါတယ်။ မျက်ဒဗျက်နဲ့တွေ့ဆုံတိုင်းလဲ အရမ်းကိုခက်ခဲခဲ့တယ်။ ဒီတစ်ကြိမ်မှာလဲ ခက်ခက်ခဲခဲကစားခဲ့ရတယ်။ မျက်ဒဗျက်ကို အနိုင်ရဖို့အတွက် ကျွန်တော့်ဘက်က အများကြီး ပြင်ဆင်ခဲ့ရပါတယ်။ လေ့ကျင့်မှုတွေအတွက်လဲ အချိန်အများကြီးပေးခဲ့ရတယ်။ ပြင်ဆင်လာတဲ့အတိုင်း ကစားနိုင်ခဲ့လို့ ဘယ်တော့မှမနိုင်ခဲ့ဘူးတဲ့ ပြိုင်ဘက်ကို အနိုင်ရဖူးလိုက်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Defector**
**Trs : AZL**

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲအများဆုံးနည်းပြများစာရင်း၌ ဖာဂူဆန်ကိုကျော်ဖြတ်၍ နည်းပြဂွါဒီယိုလာ ဒုတိယနေရာရောက်ရှိလာ





**မန်ချက်စတာ အောက်တိုဘာ ၅**

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲအများဆုံး နည်းပြများစာရင်း၌ မန်ယူအသင်း ဂန္ထဝင်နည်းပြကြီး ဖာဂူဆန်ကိုကျော်ဖြတ်ပြီး မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာက ဒုတိယနေရာ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းက အဝေးကွင်းတွင် သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၎င်း၏ ပရော်ဖက်ရှင်နယ်နည်းပြဘဝ နိုင်ပွဲ ၁၀၃ ပွဲထိရှိလာခဲ့ပြီးနောက် နည်းပြဖာဂူဆန်ကို တစ်ပွဲအသာဖြင့် ကျော်ဖြတ်ပြီး ဒုတိယနေရာ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အသက် ၅၂ နှစ်ရှိ နည်းပြဂွါဒီယိုလာသည် ၎င်း၏ ပရော်ဖက်ရှင်နယ်နည်းပြဘဝတွင် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်စီးတီးအသင်းတို့ကို တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဘာစီလိုနာအသင်း၊ မန်စီးတီးအသင်းတို့နှင့်အတူ ချန်ပီယံလိဂ်ဖလားများ ဆွတ်ခူးနိုင်ခဲ့ပြီး ယခုအခါ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဒုတိယမြောက် နိုင်ပွဲအများဆုံးနည်းပြဖြစ်လာခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲအများဆုံးနည်းပြအဖြစ် ရပ်တည်နေသည့် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီ၏စံချိန်ကို လိုက်မီနိုင်ရန်အတွက် ခြောက်ပွဲသာလိုတော့ကြောင်း သိရသည်။

Ref : The Mirror

Trs : STA

# တွမ်ဆင်က Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ကြားခံရသည့် ခုနစ်ဦးမြောက် အမေရိကန်ကစားသမားဖြစ်လာ



**နီဗားဒါး အောက်တိုဘာ ၅**

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လက်စ်ဗီးဂတ်စ်မြို့တွင် ကျင်းပမည့် Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်မယ် တွမ်ဆင် ပါဝင်ယှဉ်ပြိုင်မည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီ၏ အမှုဆောင်ချုပ်က ထုတ်ပြန်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲဝင် ၁၅၆ ဦးဖြင့် ကျင်းပမည့် Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် PGA Tour ဖြစ်သော်လည်း တွမ်ဆင်က ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ကြားခံခဲ့ရပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ခုနစ်ဦးမြောက် အမေရိကန်ဂေါက်သီးရိုက်မယ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

LPGA Tour တွင် ဆုဖလား ၁၁ ကြိမ်ထိရရှိထားသည့် တွမ်ဆင်အနေဖြင့် အမျိုးသားများကြားတွင် ပြိုင်ဘက်တစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် အခွင့်အရေးအတွက် ဝမ်းမြောက်ဂုဏ်ယူနေသလို အမျိုးသားများဖြင့် တန်းတူယှဉ်ပြိုင်နိုင်ရန် အရည်အသွေးပြည့်မီသည်ကိုလည်း သက်သေပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် ကလေးငယ်များအတွက် ရည်ရွယ်၍ ကျင်းပသည့် ပြိုင်ပွဲဖြစ်သော်လည်း ကမ္ဘာ့ထိပ်တန်းကစားသမား အမြောက်အမြား ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်သည့်အတွက် ပရိသတ်အင်အားတောင့်တင်းသည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

တွမ်ဆင်က "Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အမျိုးသားဂေါက်သီးရိုက်ကစားသမားတွေနဲ့အတူ ယှဉ်ပြိုင်ခွင့်ရတော့မယ်။ ကျွန်မရဲ့စွမ်းဆောင်ရည်တွေဟာ အမျိုးသားဂေါက်သီးရိုက်ကစားသမားတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့အဆင့်မှာရှိနေမယ်လို့ မျှော်လင့်ပါတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ အမျိုးသားတွေနဲ့အတူ ပြိုင်ပွဲဝင်ခွင့်ရခဲ့တာဟာ လူငယ်အမျိုးသမီးတွေကို ဘယ်လောက်ပဲ ခက်ခဲပါစေ အိပ်မက်နောက်လိုက်နိုင်ဖို့ ကြိုးစားရင်ဖြစ်နိုင်တယ်ဆိုတဲ့ အသိဝင်စေလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : France24

Trs : AZL

# မြန်မာ့လက်ရွေးစင်အသင်း ပဏာမကစားသမားစာရင်းထုတ်ပြန်ကြေညာခဲ့ပြီး အောက်တိုဘာ ၇ ရက်တွင် လေ့ကျင့်မှုများ စတင်မည်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ ဖိုက်တန်ဘိုင်နာက ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး စခန်းသွင်းလေ့ကျင့်မှုများကို အောက်တိုဘာ ၇ ရက်တွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ (ပထမအဆင့်)ကစားမည့် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်ကစားသမားစာရင်းကို နည်းပြဖိုက်တန်ဘိုင်နာက ပြီးခဲ့သည့်စက်တင်ဘာလက နီပေါအသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲကစားခဲ့သည့်လူစာရင်းကိုအခြေခံပြီး အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ယူ-၂၄ အသင်းမှ ကစားသမားများကို အင်အားဖြည့်ကာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမ ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ပြည့်ဖြိုးအောင်၊ ပြည့်ဖြိုးသူ၊ ဆန်းဆက်နိုင်၊ ဇင်ညီညီအောင်၊ ခံစစ်ကစားသမားနေရာတွင် ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ ရဲမင်းသူ၊ နန္ဒကျော်၊ကျော်ဇင်လွင်၊ ဟိန်းဇေယျာလင်း၊ သက်ဟိန်းစိုး၊ သီဟထက်အောင်၊ လတ်ဝေဘုန်း၊ ကောင်းထက်ပိုင်၊ ဗွဲခန့်မင်း၊ ကွင်းလယ်ကစားသမားနေရာတွင် လွင်မိုးအောင်၊ မောင်မောင်လွင်၊ ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့်၊ ဝေလင်းအောင်၊ ဆွမ်လမန်၊ ရန်နိုင်ဦး၊ နေမိုးနိုင်၊ ကျော်မင်းဦး၊ ဇော်ဝင်းသိန်း၊ ခွန်ကျော်ဇင်ဟိန်း၊ ဟိန်းထက်အောင်၊ တိုက်စစ်ကစားသမားနေရာတွင် ဥက္ကာနိုင်၊ အောင်သူ၊ အောင်ကောင်းမာန်၊ သန်းပိုင်၊ ဝင်းနိုင်ထွန်း၊ အောင်မြတ်သူတို့ ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ပြီးခဲ့သည့် စက်တင်ဘာလက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲအဖြစ် နီပေါအသင်းနှင့်နှစ်ပွဲကစားခဲ့ရာ တစ်ပွဲသရေရလဒ်နှင့် တစ်ပွဲအနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# စပိန်လာလီဂါ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်

STA

ရီးရဲလ်မက်ဒရစ် Vs ဒိုဆာဆူနာ

**ကစားမည့်ရက်/အချိန် ၇–၁၀–၂၀၂၃ (ည ၀၈း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရီးရဲလ်မက်ဒရစ် ၂ – ၁ ဒိုဆာဆူနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရီးရဲလ်မက်ဒရစ်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **ဒိုဆာဆူနာ** | – | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** |

အခုပွဲစဉ်မှာ ဒိုဆာဆူနာအသင်းအတွက် အဝေးကွင်းမှာ ရီးရဲလ်မက်ဒရစ်အသင်းကို ပွဲချိန်ပြည့် တုံ့ပြန်ကစားနိုင်ဖို့မဖြစ်နိုင်ဘဲ ဂိုးပြတ်မရှုံးနိမ့်အောင်ဘဲ ကြိုးစားရမှာပါ။ လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ဒိုဆာဆူနာအသင်းကို အနိုင်ရယူနိုင်ဖို့အတွက် ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ရီးရဲလ်မက်ဒရစ် ၃ – ၀ ဒိုဆာဆူနာ**

# ပြင်သစ်လီဂူး ပွဲစဉ် (၈) ပွဲကြိုသုံးသပ်ချက်

STA

မက်ဇ် Vs နိုက်

**ကစားမည့်ရက်/အချိန် ၇–၁၀–၂၀၂၃ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မက်ဇ် ၀ – ၂ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မက်ဇ်** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **နိုက်** | – | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

လက်ရှိ မက်ဇ်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသေးဘဲ နှစ်ပွဲဆက်ရှုံးပွဲကြုံပြီး ရုန်းကန်နေရပါတယ်။ နိုက်အသင်းကတော့ ဒီနှစ်ဘောလုံးရာသီမှာ ပုံစံကောင်းပြသနေပြီး ရလဒ်ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ နိုက်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – မက်ဇ် ၀ – ၂ နိုက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်များ

STA

ဒေါ့မွန် Vs ယူနီယံဘာလင်

**ကစားမည့်ရက်/အချိန် ၇–၁၀–၂၀၂၃ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၂ – ၁ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဒေါ့မွန်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |
| **ယူနီယံဘာလင်** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းဆိုးရွားနေပြီး နောက်ဆုံးကစားခဲ့တဲ့ငါးပွဲစလုံး ရှုံးနိမ့်ထားတဲ့ ယူနီယံဘာလင်အသင်းဟာ အခုအဝေးကွင်းမှာလဲ ရုန်းကန်ရဖို့ရှိနေပါတယ်။ ဒေါ့မွန်အသင်းကတော့ လိဂ်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိဘဲ ပုံစံကောင်းပြသနေလို့ ယူနီယံဘာလင်အသင်းကို အိမ်ကွင်းမှာ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဒေါ့မွန် ၃ – ၁ ယူနီယံဘာလင်**

လိုက်ပ်ဇစ် Vs ဘိုချန်

**ကစားမည့်ရက်/အချိန် ၇–၁၀–၂၀၂၃ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုချန် ၁ – ၀ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုက်ပ်ဇစ်** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **အိမ်(ရှုံး)** |
| **ဘိုချန်** | – | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့ ဘိုချန်အသင်းအတွက် အဝေးကွင်းမှာ လိုက်ပ်ဇစ်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ခက်ခဲမှာပါ။ လိုက်ပ်ဇစ်အသင်းကလဲ တိုက်စစ်ပိုင်းအားကောင်းတဲ့အသင်းဖြစ်လို့ ဘိုချန်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးနိုင်မှာပါ။ ဒါကြောင့်ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း – လိုက်ပ်ဇစ် ၂ – ၀ ဘိုချန်**

ခရီးသွားဆောင်းပါး

# မြင်းခြံစွန်းလွန်း သာသနာထွန်း

သက်နိုင်(ပြင်ဦးလွင်)

ဘုရားဖူးခရီးစဉ်အဖြစ် ပုဂံ-ညောင်ဦးမှာ တစ်နေ့နဲ့တစ်ည လှေ့လာလည်ပတ်ဖူးမြော်ခဲ့ကြပြီး မြင်းခြံ၊ နွားထိုးကြီးမြို့တွေရှိရာကို ခရီးဆက်ကြတော့မှာပါ။ ဒါကြောင့် ပုဂံမြို့မှာ တည်းခိုနေတဲ့ ဟိုတယ်ကနေ စောစောအိပ်ရာထကြရတယ်။ ခရီးဖော်တွေအားလုံး ရေမိုးချိုး၊ အဝတ်အစားလဲ၊ ပစ္စည်းတွေသိမ်းဆည်းပြီးချိန်မှာ မနက် ၆ နာရီပဲ ရှိပါသေးတယ်။ အချိန်က စောနေသေးပေမဲ့ ဟိုတယ်ဘေးမှာ ဖွင့်လှစ်ရောင်းချနေတဲ့ လက်ဖက်ရည်ဆိုင်က အစားအသောက်မျိုးစုံ ရရှိနေပြီဖြစ်လို့ လက်ဖက်ရည်သောက်၊ မုန့်စားကြပြီးမှ ရှေ့ခရီးကိုဆက်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ခရီးဖော်တွေစုဝေးပြီး ဆိုင်ထဲဝင်လာတော့ ဆိုင်အတွင်းမှာ စားသောက်သူတချို့ ရောက်နှင့်နေကြပါပြီ။ မိမိတို့ကြိုက်နှစ်သက်ရာ လက်ဖက်ရည်တစ်ယောက်တစ်ခွက်နဲ့အတူ လက်ဖက်ရည်ဆိုင်အများစုမှာ ရရှိရောင်းချနေမြဲဖြစ်တဲ့ ထပ်တစ်ရာ၊ ပလာတာ၊ စမူဆာ၊ အီကြာကွေး စတာတွေကိုမှာယူထားပြီးမှ ဆိုင်အတွင်းတစ်နေရာကနေ မုန့်ဟင်းခါးဟင်းရည်အနံ့ မွှေးမွှေးကြိုင်ကြိုင်ကို ထောင်းခနဲခံစားရရှိလိုက်တယ်။ စားပွဲထိုးလေးတစ်ယောက်ကို မုန့်ဟင်းခါးရလားမေးကြည့်တော့ ရတယ်ဆိုတာနဲ့ ဘူးသီးကြော်နဲ့တစ်ပွဲ မှာယူလိုက်ရတယ်။ သင်းပျံ့မွှေးကြိုင်နေတဲ့ မုန့်ဟင်းခါးဟင်းရည်အနံ့က စားချင်စိတ်ကို တားဆီးမရနိုင်အောင် ဆွဲဆောင်လို့နေတယ်။

မြန်မာလူမျိုးတစ်ယောက် မြန်မာ့ရိုးရာအစားအစာကို ခုံမင်နှစ်သက် စွဲမြဲမက်မောမှုတွေနဲ့အတူ မြန်မာနိုင်ငံတစ်ဝန်း အနှံ့အပြားကို ခရီးတွေအမြဲမပြတ်ထွက်ခွာသွားလာနေရင်း ဒေသစုံ၊ နယ်စုံတွေမှာ မုန့်ဟင်းခါးချက်နည်းမျိုးစုံကို စားသောက်ခဲ့ဖူးပြီးပါပြီ။ မှတ်မှတ်ရရတွေအဖြစ် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ကိုရောက်ခဲ့စဉ် ဒေသခံစာရေးဆရာမိတ်ဆွေတွေက ဟင်္သာတရောက်ရင် ဟင်္သာတမုန့်ဟင်းခါးကို မစားမဖြစ်စားသောက်ရမယ်ဆိုပြီး မနက်စောစော လက်ဖက်ရည်သောက်ချိန်မှာ မုန့်ဟင်းခါးနဲ့ ဧည့်ခံကျွေးမွေးပါတယ်။ မိမိတို့ရဲ့ရှေ့ကို မုန့်ဟင်းခါးပွဲတွေရောက်ရှိလာချိန်မှာ ပုံမှန်စားသုံးနေကျ အနေအထားမျိုးမဟုတ်ဘဲ မုန့်ဖတ်ပန်းကန်က သတ်သတ်၊ နံနံပင်၊ ငရုတ်သီး၊ သံပရာသီးပန်းကန်က သတ်သတ်နဲ့အတူ ဟင်းရည်ကိုစတီးကိုင်းခွက်နဲ့အပြည့် လာရောက်ချထားပေးတာကို ထူးထူးခြားခြား တွေ့မြင်လိုက်ရတယ်။ စတီးလက်ကိုင် ကိုင်းခွက်ထဲက ဟင်းရည်တွေကလဲ အငွေ့တထောင်းထောင်းနဲ့ မွှေးကြိုင်နေလို့ ဟင်းရည်တွေကို မုန့်ဖတ်ပန်းကန်ထဲမထည့်ခင် လက်ဖက်ရည်သောက်သလို တစ်ကျိုက်ချင်း တစိမ့်စိမ့် အရသာခံသောက်လိုက်တာ ဟင်းရည်တစ်ခွက်လုံး ကုန်သွားတော့တယ်။ စိတ်ထဲမှာလဲ ကောင်းလိုက်တဲ့ ဟင်္သာတမုန့်ဟင်းခါးဆိုပြီး ချီးမွမ်းမိလိုက်တယ်။ မုန့်ဖတ်နဲ့စားဖို့ဟင်းရည်ကို ထပ်မံမှာယူလိုက်ရတယ်။

နောက်ထပ်တစ်ခါ မုန့်ဟင်းခါးဟင်းရည်ကောင်းကောင်းကို ဟိုင်းကြီးကျွန်းခရီးစဉ်မှာ တွေ့ကြုံစားသောက်ခဲ့ရတယ်။ ကျွန်းပေါ်မှာ ညအိပ်ရပ်နားခဲ့ကြပြီး မနက်မိုးလင်းတာနဲ့ လက်ဖက်ရည်သောက်ဖို့သွားကြတော့ ဆိုင်ရှေ့မျက်နှာစာမှာ မုန့်ဟင်းခါးဟင်းရည် အိုးကြီးတစ်အိုးကို တပွက်ပွက်ဆူ၊ ထောင်းထောင်းထနေတဲ့ အမွှေးရနံ့တွေနဲ့ တွေ့မြင်လိုက်ရတာကြောင့် မုန့်ဟင်းခါးတစ်ပွဲလို့မှာခဲ့ပြီးမှ ဆိုင်အတွင်းမှာ ဝင်ထိုင်နေလိုက်တယ်။ ဟိုင်းကြီးကျွန်းမုန့်ဟင်းခါးကလဲ အတွေ့အမြင် အနံ့တွေနဲ့တင် စားချင်စဖွယ်ဖြစ်နေတယ်။ ငါးပေါတဲ့ဒေသ ကျွန်းတွေပေါ်ရောက်တုန်း မုန့်ဟင်းခါး လက်ရာကောင်းကောင်းကို စားသောက်ရတော့မှာကြောင့်လဲ ပျော်ရွှင်ကျေနပ်နေမိတယ်။ ဒါပေမဲ့ လာရောက်ချပေးသွားတဲ့ မုန့်ဟင်းခါးပန်းကန်ကိုကြည့်ပြီး အံ့ဩသွားရသလို မုန့်ဟင်းခါးမှဟုတ်ရဲ့လားလို့ ဇဝေဇဝါဖြစ်သွားခဲ့ရတယ်။ မုန့်ဟင်းခါးပန်းကန်ထဲမှာ တွေ့မြင်နေရတဲ့ မုန့်ဖတ်တွေက သာမန်စားသုံးနေကျမျိုးမဟုတ်ဘဲ မုန့်တီသုပ်စားလေ့ရှိတဲ့ နန်းကြီးဖတ်တွေပါ။ မုန့်ဖတ်တွေက နန်းကြီးဖတ်ဆိုတဲ့အတိုင်း တုတ်တုတ်ခိုင်ခိုင် ကြီးကြီးမားမားတွေဖြစ်နေလို့ ဟင်းရည်နဲ့ဘယ်လိုမှ မစားတတ်ဘူးဖြစ်နေတယ်။ မုန့်ဟင်းခါးကို စားချင်၊ နန်းကြီးမုန့်ဖတ်တွေနဲ့လဲ စားမရတာကြောင့် နောက်ထပ်ဟင်းရည်အသစ်တစ်ပွဲထပ်မှာပြီး အီကြာကွေးနဲ့တွဲဖက်စားရတော့တယ်။ ဆိုင်ရှင်တွေရဲ့ပြောပြချက်အရ ဟိုင်းကြီးကျွန်းတစ်ခုလုံး မုန့်ဟင်းခါးကို နန်းကြီးဖတ်တွေနဲ့ပဲ စားသုံးကြောင်းကိုလဲ ဗဟုသုတအဖြစ် ထူးထူးခြားခြား သိလိုက်ရတယ်။ မုန့်ဟင်းခါးဟင်းရည်ကတော့ မွှေးကြိုင်နေပြီး အရသာရှိနေတာပါ။




မုန့်ဟင်းခါးတွေထဲမှာ ပုသိမ်မုန့်ဟင်းခါး၊ မြောင်းမြမုန့်ဟင်းခါး၊ မအူပင်မုန့်ဟင်းခါး၊ ဟင်္သာတမုန့်ဟင်းခါး၊ ဘိုကလေးမုန့်ဟင်းခါး၊ ရန်ကုန်မုန့်ဟင်းခါးစသဖြင့် နာမည်ကျော်ကြားကြပြီး စားကောင်းကြသလို ခရီးစဉ်တစ်ခုမှာ ဆန်းဆန်းပြားပြား မုန့်ဟင်းခါးတစ်မျိုးကိုလဲ တွေ့မြင်ခဲ့ရပါသေးတယ်။ တောင်ငူမြို့ကိုရောက်ရှိပြီး ဒေသခံမိတ်ဆွေတွေရဲ့အိမ်မှာ တည်းခိုနေတုန်း မနက်မိုးလင်း အိပ်ရာထလာတော့ နာမည်ကြီးတောင်ငူမုန့်ဟင်းခါးနဲ့ ဧည့်ခံကျွေးမွေးမယ်ဆိုတာကို သိလိုက်ရလို့ မုန့်ဟင်းခါးကြိုက်နှစ်သက်သူတစ်ယောက်အနေနဲ့ ဝမ်းသာပျော်ရွှင်သွားခဲ့ရတယ်။ နာမည်ကြီးတယ်ဆိုတဲ့ တောင်ငူမုန့်ဟင်းခါးကောင်းကောင်းကို အားမနာတမ်း အဝစားလိုက်မယ်လို့လဲ စိတ်ကူးထားလိုက်မိတယ်။ ဒါပေမဲ့ မုန့်ဟင်းခါးစားလို့ရပါပြီဆိုပြီး ကျွေးမွေးချိန်မှာ ကြည်လင်နေတဲ့ အဖြူရောင်ဟင်းရည်တွေကို တွေ့လိုက်ရတာကြောင့် အံ့ဩသွားရပြန်တယ်။ မုန့်ဟင်းခါးဟင်းရည်ကို ကုလားပဲ၊ ဆန်လှော်၊ ပဲမှုန့် စတာတွေအသုံးမပြုဘဲ ငါးတစ်မျိုးတည်းနဲ့ ဆီသတ်ချက်ပြုတ်ထားကြတာပါ။ ဒါကြောင့် ဟင်းရည်က အဖြူရောင်ကျဲကျဲ ဖြစ်နေတာပါ။ နာမည်ကြီးပါတယ်ဆိုတဲ့ အဖြူရောင်မုန့်ဟင်းခါးကိုလဲ မစားတတ်လို့ မုန့်ဖတ်တွေသုပ်ပြီး စားခဲ့ရတယ်။

အခု ပုဂံမြို့ လက်ဖက်ရည်ဆိုင်မှာ စားသောက်နေရတဲ့ မုန့်ဟင်းခါးက ပုဂံမုန့်ဟင်းခါးဆိုပြီး နာမည်ကျော်ကြားခြင်းမရှိပေမဲ့ စားရတာအဆင်ပြေပါတယ်။ လက်ဖက်ရည်ဆိုင်မှာ စားသောက်ပြီးကြတာနဲ့ မြင်းခြံမြို့ရှိရာကို ခရီးဆက်ခဲ့ကြတယ်။ အချိန်က မနက် ၆ နာရီကျော်ပဲ ရှိနေပါသေးတယ်။ မြင်းခြံမြို့ကိုရောက်ဖို့ မိုင် ၄၀ ကျော် မောင်းနှင်ရမှာပါ။

ပုဂံမြို့ကနေ ထွက်လာကတည်းက ကျေးရွာလေးတွေ၊ စိုက်ခင်းပျိုးခင်းတွေ၊ လယ်ကွင်းလယ်ကွက်တွေ၊ ထန်းတောတွေကို တွေ့မြင်နေရတယ်။ ကျောက်ပန်းတောင်း-ပုဂံလမ်းမှာလို အဆင့်မြင့်ထန်းရည်ဆိုင်ကြီးတွေ မတွေ့ရတော့ပါဘူး။ မနက်စောစောဖြစ်နေတာကြောင့် လမ်းပေါ်မှာ အသွားအလာတွေ ရှင်းလင်းနေသေးတယ်။ တစ်ခါတစ်ရံ ဆိုင်ကယ်ဈေးသည်၊ သုံးဘီးဈေးသည်၊ ကားဈေးသည်တွေကို တွေ့မြင်နေရတယ်။ ဒီလိုဈေးသည်တွေကို လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်ကစပြီး မြန်မာနိုင်ငံ အနှံ့အပြားမှာ တွေ့မြင်လာရတာပါ။ အိမ်တစ်အိမ်၊ အိမ်ထောင်စုတစ်စုအတွက် သာမန်နေ့စဉ်ချက်ပြုတ် စားသောက်စရာတွေကို အလွယ်တကူ ပြည့်ပြည့်စုံစုံ ဝယ်ယူနိုင်နေလို့ အဆင်ပြေကြရတယ်။

အသွားအလာရှင်းနေသေးတဲ့လမ်းပေါ်မှာ ၁၄ မိုင်လောက် မောင်းနှင်လာခဲ့ပြီး လမ်းဆုံတစ်ခုကို ရောက်လာကြတယ်။ လက်ပံခြေပေါ်ဆိုတဲ့ ရွာပါ။ ဒီနေရာကနေ မြင်းခြံမြို့ကို ၂၇ မိုင် နှစ်ဖာလုံ၊ မန္တလေးမြို့ကို ၁၁၁ မိုင်၊ ပခုက္ကူမြို့ကို လေးမိုင် သုံးဖာလုံ၊ မုံရွာမြို့ကို ၇၆ မိုင် ငါးဖာလုံ၊ မင်းတပ်မြို့ကို မိုင် ၁၀၀ နှစ်ဖာလုံ၊ တမူးမြို့ကို ၃၂၉ မိုင်၊ ပုဂံ-ညောင်ဦးကို ၁၄ မိုင်၊ ကျောက်ပန်းတောင်းမြို့ကို ၄၂ မိုင် သုံးဖာလုံ၊ မိတ္ထီလာမြို့ကို ၁၀၂ မိုင် ငါးဖာလုံ၊ နေပြည်တော်ကို ၁၇၈ မိုင် ငါးဖာလုံဆိုပြီး လမ်းညွှန်ဆိုင်းဘုတ်ကြီးတွေနဲ့ ရေးသားဖော်ပြထားတာကြောင့် လက်ပံခြေပေါ်လမ်းဆုံနေရာက အရေးပါအရာရောက်တဲ့နေရာတစ်ခုဖြစ်ကြောင်း သိသာထင်ရှားနေတယ်။ လမ်းဆုံနေရာမှာ ဆိုင်ကြီးဆိုင်ကောင်းတွေ မဟုတ်ပေမဲ့ စားသောက်ဆိုင်ငယ်လေးတွေ၊ လက်ဖက်ရည်ဆိုင်လေးတွေ၊ ကွမ်းယာဆိုင်လေးတွေ တန်းစီရှိနေကြတယ်။ ခရီးဖော်တွေကို လက်ဖက်ရည်သောက်ကြအုံးမလား၊ ပခုက္ကူမြို့ကို သွားကြအုံးမလားမေးကြည့်တော့ လက်ဖက်ရည်လဲ မသောက်တော့ဘူး၊ ပခုက္ကူမြို့ကိုလဲ မသွားကြတော့ဘူးဆိုတာနဲ့ မှတ်တမ်းဓာတ်ပုံတွေကိုပဲ ရိုက်ယူကြရတယ်။ ပခုက္ကူမြို့ကို သွားမယ်ဆိုရင် လေးမိုင်ကျော်ခရီးဆိုပြီး ရေးသားဖော်ပြထားပေမဲ့ ဧရာဝတီမြစ်ကူးတံတားကြီးကိုကျော်ဖြတ်ပြီးတာနဲ့ ရောက်ရှိနေပြီဖြစ်သလို လမ်းဆုံနေရာကနေ တံတားကြီးကိုလဲ လှမ်းမျှော်မြင်တွေ့နေကြရပါပြီ။

လက်ပံခြေပေါ်လမ်းဆုံကနေ ပြန်ထွက်လာခဲ့ကြပြီး ကားမောင်းရင်း၊ စကားပြောရင်း၊ ဘေးပတ်ဝန်းကျင်က ရှုခင်းတွေကိုကြည့်လာရင်းနဲ့ မကြာခင်မှာ မြင်းခြံမြို့ကို ဝင်ရောက်လာကြတယ်။ ပုဂံ-ညောင်ဦး-မြင်းခြံလမ်းက အရင်လို ကျောက်ခင်းလမ်းကြမ်းကြီး မဟုတ်တော့ဘဲ ကတ္တရာလမ်းချောဖြစ်သွားခဲ့လို့ ၂၇ မိုင်ကျော်ဆိုတဲ့ခရီးကို မိနစ်ပိုင်းလောက်ပဲ မောင်းနှင်လာခဲ့ရတယ်။ မြင်းခြံမြို့ကို ဝင်ရောက်လာတာနဲ့ မြို့ဝင်ဆိုင်းဘုတ်မှာ ခေတ္တခဏရပ်၊ မှတ်တမ်းဓာတ်ပုံတွေရိုက်ခဲ့ပြီးမှ မြို့တွင်းရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မြင်းခြံမြို့တွင်းကို ဝင်လာတာနဲ့ ခရီးစဉ်အရ သွားရောက်လေ့လာလည်ပတ်ကြမဲ့ စွန်းလွန်းကျောင်းတိုက်၊ ရန္တပိုရွာ စတဲ့နေရာတွေကို မေးမြန်းစုံစမ်းရတော့တယ်။ စွန်းလွန်းကျောင်းတိုက်က မြို့တွင်းဝင်ပြီး မကြာခင် လမ်းမကြီးရဲ့ ညာဘက်လမ်းအတွင်းထဲမှာပါ။ ရန္တပိုရွာက မြင်းခြံမြို့ကနေထွက်ပြီးမှ တလုတ်သွားတဲ့လမ်းကနေ သွားရမှာဆိုတာတွေကို သိရှိလိုက်ရလို့ ခရီးလမ်းသင့်တဲ့ စွန်းလွန်းကျောင်းရှိရာကို ဦးစွာဝင်ခဲ့ကြတယ်။

မေးမြန်းစုံစမ်းထားတဲ့အတိုင်း လမ်းမကြီးရဲ့ ညာဘက်ဘေးတစ်နေရာမှာ စွန်းလွန်းကျောင်းတိုက်သို့ဆိုတဲ့ လမ်းညွှန်ကနေဝင်ရောက်လာခဲ့ကြတာ ကျောင်းတိုက်ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ကြတယ်။ မူလဆရာတော်ကြီးကို မွေးဖွားခဲ့စဉ်အခါက စွန်းလွန်းကရွာဖြစ်နေခဲ့ပေမဲ့ အခုအချိန်မှာ မြင်းခြံမြို့ထဲက ရပ်ကွက်တစ်ခုဖြစ်နေပါပြီ။ ကျောင်းတိုက်ထဲကို ရောက်တာနဲ့ မူလဆရာတော်ကြီးရဲ့ ရုပ်ကလာပ်ကို ဖူးမြော်လေ့လာခြင်းမပြုသေးဘဲ လက်ရှိကျောင်းထိုင်ဆရာတော်ရှိရာနေရာကို အရင်သွားလိုက်ကြတယ်။ ဆရာတော်ကို ဖူးတွေ့ကန်တော့ပြီးတာနဲ့ ဆရာတော်ကိုယ်တိုင် မူလစွန်းလွန်းဆရာတော်ကြီးရဲ့ ရုပ်ကလာပ်ကို လိုက်လံပြသပေးပြီး ဆရာတော်ကြီးရဲ့ ဘဝဖြစ်စဉ်တွေလဲ ပြောပြတဲ့အပြင် ထေရုပ္ပတ္တိအကျယ်စာအုပ်တစ်အုပ်ကို လက်ဆောင်ပေးပါတယ်။

စာအုပ်ထဲမှာ စွန်းလွန်းဆရာတော်ကြီးကိုယ်တိုင် ပြန်လည်ဟောကြားတော်မူခဲ့တဲ့ ဘဝဖြစ်စဉ်တွေကို ဖတ်ရှုလိုက်ရလို့ အလွန်အံ့ဩသွားခဲ့ရသလို "စွန်းလွန်းဆရာတော်ကြီး၊ စွန်းလွန်းဆရာတော်ကြီး" ဆိုပြီး ဒါကြောင့် ထင်ရှားကျော်ကြားခဲ့တာဆိုတာတွေကိုလဲ သိခွင့်ရလိုက်တယ်။ စွန်းလွန်းဆရာတော်ကြီးဆိုတာ အခုဘဒ္ဒကမ္ဘာ ကဿပဘုရားရှင်လက်ထက်တော်တုန်းက ကျေးသားကြက်တူရွေးဖြစ်ခဲ့ပြီး ကဿပဘုရားရှင်ကို ရှိခိုးပူဇော်ကာ သစ်သီးဆွမ်း လှူဒါန်းခဲ့ဖူးတယ်။ ဘုရားရှင်က သင်လိုလားတောင့်တတဲ့ ဆုအတိုင်းပြည့်ဝစေလို့ ဆုပေးလိုက်ပြီးတဲ့နောက် ကျေးသားကြက်တူရွေးလေး စုတေလို့သေသွားတဲ့အခါ ကာမသုဂတိခုနစ်ဘုံမှာ သူတကာနဲ့မတူအောင် စည်းစိမ်အမျိုးမျိုးတွေကို ခံစားခဲ့ရတယ်။ လူပြည်လူ့ဘဝပြန်ရောက်လာတဲ့အချိန်မှာလဲ တက္ကသိုလ်ပြည်မှာ အလွန်ထင်ရှားတဲ့ ပါမောက္ခဆေးဆရာကြီးတစ်ပါးဖြစ်ရပြန်တယ်။ ဆရာတော်ကြီးက ငါ့ရဲ့ ဆေးဆရာကြီးဘဝတုန်းက တွေ့ဆုံဆက်ဆံဖူးသူတိုင်း ငါ့ထံရောက်လာကြလိမ့်မယ်။ ငါပြောဆိုဆုံးမတဲ့အတိုင်း ငါ့တရားကို အားထုတ်နိုင်ကြလိမ့်မယ်ဆိုပြီး အမိန့်ရှိတော်မူခဲ့ဖူးတယ်။

အဲဒီကနေစုတေပြီးတဲ့နောက် ဘဝတစ်ဖန်သံသရာမှာ ကျင်လည်ရတဲ့အခါ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ သာသနာတော်အတွင်း သုဝဏ္ဏဘူမိ သထုံပြည်ကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူခဲ့တဲ့ သာသနာ့ဒါယကာ မနူဟာမင်းကြီး ဆည်းကပ်ကိုးကွယ်ရာ ဘားမဲ့ဆရာတော်ကြီး ဖြစ်လာရပြန်တယ်။ ဆရာတော်ကြီးဟာ ဘဝအဆက်ဆက် စုတေသံသရာကျင်လည်ခဲ့ရပြီး မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် စွန်းလွန်းရွာက ဖခမည်းတော် ဦးသန့်၊ မယ်တော် ဒေါ်ထုတ်တို့ရဲ့ ဝမ်းမှာ ကိန်းအောင်းမွေးဖွားလာရပြန်တယ်ဆိုပြီး ထေရုပ္ပတ္တိအကျယ် တရားတော်များစာအုပ်မှာ ရေးသားဖော်ပြထားတယ်။

လက်ရှိကျောင်းထိုင်ဆရာတော်က စွန်းလွန်းဆရာတော်ကြီးရဲ့ရုပ်ကလာပ်ထားရှိရာ ပြာသာဒ်ဆောင်စံကျောင်းတော်တံခါးကို ဖွင့်လှစ်ပေးတာကြောင့် ရုပ်ကလာပ်တော်ကို အနီးကပ်ဖူးမြော်လေ့လာခွင့်၊ ဓာတ်ပုံရိုက်ခွင့်တွေ ရရှိခဲ့ကြတယ်။ ဆရာတော်ကြီးက သက်တော် ၇၅ နှစ်၊ ဝါတော် ၂၈ ဝါအရ ၁၃၁၄ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် စနေနေ့ညနေ ၄ နာရီ ၅၅ မိနစ်မှာ ဘဝနတ်ထံပျံလွန်တော်မူသွားခဲ့ရတာပါ။ အခုအချိန်ထိ ပြာသာဒ်ဆောင်စံကျောင်းတော်ပေါ်မှာ ရုပ်ကလာပ်တော်ကို ထားရှိအပူဇော်ခံထားတာ ၇၁ နှစ်ရှိနေပါပြီ။ ဆရာတော်ကြီးနဲ့အတူ သာသနာတော်ကလဲ မြင်းခြံမြို့မှာသာမက မြန်မာတစ်နိုင်ငံလုံးကို ထွန်းလင်းတောက်ပြောင်နေပြီဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ လေ့လာစရာတွေကို ဆက်လက်လေ့လာလိုက်ကြပါအုံးမယ်။

# ညီမလေးတစ်ယောက်ကောက်ရထားသည် ဇာတ်လမ်းတွဲကို Hey Play Application နှင့် Hey Play YouTube Channel တို့မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် အောက်တိုဘာ ၅**

ညီမလေးတစ်ယောက် ကောက်ရထားသည် ဇာတ်လမ်းတွဲကို Hey Play Application နှင့် Hey Play YouTube Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို စီစဉ်ရိုက်ကူးသူ ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

ညီမလေးတစ်ယောက် ကောက်ရထားသည် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဆုးခက်မင်းက ရေးသားထားပြီး ဒါရိုက်တာ သားညီက မီးမီးမွေး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စီစဉ်ရိုက်ကူးထားကြောင်း သိရသည်။

"မွေးစားညီမလေးတစ်ယောက်နဲ့ မွေးစားအစ်ကိုတို့ကြား သံယောဇဉ်နဲ့ ပြင်ပ ပယောဂတွေအကြောင်းပါပဲ။ တန်ဖိုးထားတတ်သူရဲ့လက်ထဲမှာတော့ ကောက်ရထားတဲ့ သံယောဇဉ်တစ်ခုကလဲ ကမ္ဘာပြိုတဲ့ ခံစားချက်ကို ပေးစွမ်းနိုင်တယ်ဆိုတဲ့ မက်ဆေ့တစ်ခုနဲ့ ပျော်ရွှင်စရာကောင်းတဲ့ သူတို့မောင်နှမနှစ်ယောက်ကြားမှာ ဘယ်လိုအနှောင့်အယှက်များစွာနဲ့ ကံကြမ္မာမုန်တိုင်းတွေ ဝင်ရောက်လာမှာလဲဆိုတာ ဒီဇာတ်လမ်းတွဲလေးမှာ ကြည့်ရှုပေးပါ"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ ရဲရင့်မောင်မောင်၊ ဘုန်းနေလ၊ နေရှိုင်း၊ ဆန်းမင်းဟိန်းထွဋ်၊ မှူးထိပ်ထား၊ မေသူထွန်း၊ စွဲမြတ်သဉ္ဇာ၊ ကုဋေဟိန်း စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ညီမလေးတစ်ယောက် ကောက်ရထားသည် ဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၁ ရက်မှ စတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့ ည ၇ နာရီတွင် Hey Play Application နှင့် Hey Play YouTube Channel တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Jawan ဇာတ်ကား၏ ပြည်တွင်းဝင်ငွေ RRR ဇာတ်ကားကို ကျော်လွန်ခဲ့ပြီဖြစ်

**နယူးယောက် အောက်တိုဘာ ၅**

အိန္ဒိယမင်းသားကြီး ရှရွတ်ခန်း၏ Jawan ဇာတ်ကား ပြည်တွင်း ဝင်ငွေစုစုပေါင်းသည် RRR ဇာတ်ကားကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း အောက်တိုဘာ ၄ ရက် သတင်းများအရ သိရသည်။

စတင်ရုံတင်ပြီးတစ်လမပြည့်မီမှာပင် Jawan ဇာတ်ကား၏စုစုပေါင်း ပြည်တွင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆ သန်းထိရရှိထားရာ RRR ဇာတ်ကားကိုကျော်ဖြတ်၍ အိန္ဒိယပြည်တွင်းရုပ်ရှင်ဈေးကွက်၏ပြည်တွင်းဝင်ငွေဒုတိယအကောင်းဆုံးဇာတ်ကားဖြစ်ခဲ့ရသည်။

ပြီးခဲ့သည့်နှစ်အတွက် ကမ္ဘာကျော်အိန္ဒိယအက်ရှင်ဇာတ်ကားတစ်ကားဖြစ်ခဲ့သည့် RRR ဇာတ်ကား၏ ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄ သန်း ထိသာ ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယပြည်တွင်းဈေးကွက်၏ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်နေဆဲဖြစ်သောဇာတ်ကားမှာ Baahubali-2 The Conclusion ဖြစ်သည်။

ဒါရိုက်တာ အက်တလီကူးမား ရိုက်ကူးခဲ့သည့် Jawan ဇာတ်ကားကို စက်တင်ဘာ ၇ ရက်တွင်စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Movieweb**

**Trs: KKO**




# အဆိုတော် ယွန်းမြတ်သူ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် တေးသီချင်း သီဆိုဖျော်ဖြေပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပသွားမည်

**ရန်ကုန် အောက်တိုဘာ ၅**

အဆိုတော် ယွန်းမြတ်သူ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် တေးသီချင်း သီဆိုဖျော်ဖြေပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon THOR Bar ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုတော် ယွန်းမြတ်သူ၏ ပထမဆုံး Birthday Show မွေးနေ့အထိမ်းအမှတ် တေးသီချင်း သီဆိုဖျော်ဖြေပွဲကို Daily GiTa Band က တီးခတ်ပေးမည်ဖြစ်ကာ အဆိုတော် ယွန်းမြတ်သူနှင့်အတူ အဆိုတော် ဟဲလေး၊ ရဲလေး၊ J Fire၊ Young P၊ မင်းရတုပိုင်၊ ဖြူဖွေးနှင့် ဒီဂျေတန်ပိုတို့က အထူးဧည့်သည်များအဖြစ် ပါဝင်သီဆိုဖျော်ဖြေပေးကြမည်ဖြစ်ကြောင်း သိရသည်။




"မွေးနေ့အထိမ်းအမှတ် တေးသီချင်းသီဆိုဖျော်ဖြေပွဲကို THOR က စီစဉ်ပေးထားပါ။ ဂီတလောကက စီနီယာတွေကော၊ သူငယ်ချင်းတွေကော တက်ရောက်ကြမှာမို့ ပျော်ရွှင်မိပါတယ်။ ပရိသတ်ရင်ထဲစွဲနေတဲ့သီချင်းတွေကိုပဲ သီဆိုသွားကြမှာပါ"ဟု အဆိုတော် ယွန်းမြတ်သူက ပြောပြသည်။

အဆိုတော် ယွန်းမြတ်သူ၏ မွေးနေ့အထိမ်းအမှတ် တေးသီချင်း သီဆိုဖျော်ဖြေပွဲတွင် ၎င်း၏ အောင်မြင်ထင်ရှားသည့် အဆင်ပြေမနေပါဘူး၊ ငါချစ်တာမင်း၊ နင်လမ်းတွေ့ခဲ့ရင် စသည့်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Alchemist ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည်

**နယူးယောက် အောက်တိုဘာ ၅**

ဘရာဇီးစာရေးဆရာ ပေါ်လိုကိုအယ်ဟို၏ The Alchemist ဝတ္ထုကို Legendary ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးမည်ဖြစ်ကြောင်း အောက်တိုဘာ ၄ ရက် သတင်းများအရ သိရသည်။

The Alchemist ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို Enola Holmes ဇာတ်ညွှန်းရေးဆရာ ဗြိတိန်စာရေးဆရာ ဂျက်သွန်းက တာဝန်ယူရေးသားပေးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကားကို ရိုက်ကူးပေးမည့်ဒါရိုက်တာနှင့် ပါဝင်မည့်သရုပ်ဆောင်များကို Legendary ကုမ္ပဏီက ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

ရှေးယခင်က ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီများသည် The Alchemist ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် အသက်သွင်းရန် ကြိုးစားခဲ့သော်လည်း အထမြောက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

The Alchemist ဝတ္ထုသည် ၁၉၈၈ ခုနှစ်တွင် ပေါ်တူဂီဘာသာဖြင့် စတင်ထုတ်ဝေခဲ့သောဝတ္ထုဖြစ်ပြီး ကမ္ဘာနိုင်ငံပေါင်းအများအပြားက သက်ဆိုင်ရာဘာသာစကားများဖြင့်ပြန်ဆိုထုတ်ပေးခဲ့ရသည့် ကမ္ဘာကျော်ဝတ္ထုဖြစ်ကြောင်း၊ ၎င်းဝတ္ထုတွင် စန်တီယေဂို အမည်ရှိ သိုးကျောင်းသားလူငယ်လေးတစ်ဦး၏ သစ္စာရတနာရှာဖွေခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရေးသားထားသည့် ဝတ္ထုဖြစ်ကြောင်း သိရသည်။

**Ref : Screen Rant**

**Trs : KKO**



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာက ဇာတ်ညွှန်းပညာရှင်ကြီးများအား စုပေါင်းကန်တော့ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာက ဇာတ်ညွှန်းပညာရှင်ကြီးများအား စုပေါင်းကန်တော့ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာက ကန်တော့ခဲ့ကြသည့် သက်ကြီးဇာတ်ညွှန်း ပညာရှင်ကြီးများမှာ ဦးချစ်သန်းမြင့် အသက် ၉၄ နှစ်၊ ဦးစိမ်းနွယ် အသက် ၈၉ နှစ်၊ ဦးရွှေစင် အသက် ၈၇ နှစ်၊ ဦးစိုးပိုင် အသက် ၈၇ နှစ်၊ ဦးအေးထွန်း အသက် ၈၇ နှစ်၊ ဦးဘသက်ဆွေ အသက် ၈၄ နှစ်၊ ဦးကိုကိုနိုင် အသက် ၈၃ နှစ်တို့ဖြစ်ပြီး အဆိုပါဇာတ်ညွှန်း ပညာရှင်ကြီးများအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ အပြင် မုန့်ပုံး၊ ပုဆိုး၊ တိုင်းရင်းဆေး စသည့် ကန်တော့ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဇာတ်ညွှန်းအလွှာက အသက် ၈၀ နဲ့အထက် ဇာတ်ညွှန်းပညာရှင်တွေကို ကန်တော့ကြတာပါ။ ရုပ်ရှင်အစည်းအရုံးက ကန်တော့သူတွေကတော့ အသက် ၇၀ နဲ့အထက်ရှိတဲ့သူတွေ အယောက် ၁၀၀ ကျော်ကို ကန်တော့ကြတာပါ။ ကိုယ့်အလွှာမှာရှိတဲ့ ဇာတ်ညွှန်းဆရာတွေဆီက ပညာတွေရခဲ့တယ်ဆိုတာကို ဦးထိပ်ထားပြီး ကန်တော့တာပါ။ ဇာတ်ညွှန်းသမားတွေက ပိုက်ဆံမရှိပေမဲ့ အချင်းချင်း အလှူငွေထည့်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ကိုယ့်ထက်အသက်ကြီးသူတွေကို ဂါရဝတရားထားစေချင်လို့ အခုလို ကန်တော့ပွဲ လုပ်ဖြစ်တာပါ"ဟု ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# Buddha Pujaniya Festival of the Kyaikkhami Yele Pagoda to be held on grand scale



Kyaikkhami Yele Pagoda.

**Thanbyuzayet October 5**

The Buddha Pujaniya Festival of the Kyaikkhami Yele Pagoda in Thanbyuzayet Township, Mon State will be held on a grand scale on Full Moon Day of Thadingyut, said U Po Nyein, head of office of the pagoda board of trustees.

The annual Buddha Pujaniya Festival of the pagoda will be held from 23 to 27 October in conjunction with a ceaseless Maha Pathan recitation ceremony.

"The festival of the pagoda will be held from 23 to 27 this month on a grand scale. Beginning at 3 am on Full Moon Day, alms bowls will be floated and drifted, and Abhidhamma Day will be celebrated in the chamber on the pagoda platform. The victory ceremony of the Buddha Pujaniya Festival will be held from 30 October to 3 November. There will also be traditional sport events such as Chinlon and football, said U Po Nyein.

During the festival period, there will be stalls selling things. The pagoda usually holds three kinds of festivals every year including this festival.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tagaung-Chauk waterway in Ayeyawady River to have 300 navigation signs starting from November

**Mandalay October 5**

Plans are underway to erect navigation signs along the waterway between Tagaung and Chauk in Ayeyawady River in coming November, said assistant director U Ye Tun Lin Aung of the Mandalay Region Directorate of Water Resources and Improvement of River Systems.

A total of 100 navigation signs on the river and 200 more signs along banks will be erected along the waterway of Ayeyawady River in November 2023 for enabling vessels safely drive..

"At present, Ayeyawady River is at high level of water, so pier structures of the Ayeyawady River bridges are submerged. The current between two piers are strong, so, vessels wishing under the river bridges need to inspect over the engines and all machinery with taking a correct approach way from the adequate distance before the bridges," he advised.

Two ships will be used in erecting and laying navigation signs along the river starting from November this year.



A navigation sign being set up on the river bank.

"Due to climate change this moment, strong winds and heavy rains may happen untimely. So, vessels need to take care of their functions avoiding dangers. Although the river is at high level of water at present, vessels need to notice navigation signs along the waterway in the river and on the banks," he added.

184

# Authorities sell 16,000 bags of natural fertilizers to rain-fed rice farmers

**Mandalay October 5**

More than 16,000 bags of Sanwady natural fertilizers have been distributed and sold at a low price in order to fully use the inputs for the acreage of farmers growing rain-fed rice in Mandalay Region in this fiscal year, said U Hlaing Moe, deputy director of the Mandalay Region Cooperative Department.

It has been distributed and sold since February through the instant payment system and installment system. A total of 16,104 bags of natural fertilizers have been distributed and sold for 3,165 farmers from 221 associations in 22 townships.

"We plan to distribute the natural fertilizers so that farmers can use it in any season. We are selling Sanwady natural fertilizers at a low price to improve the economy and fully use of nutrients and yield," he explained.

The townships where the Sanwady natural fertilizers have been sold are Patheingyi, Amarapura, PyinOoLwin, Singu, Kyaukse, Singaing, Myittha, TadaU, Meiktila, Mahlaing, Myingyan, Thazi, Wundwin, Thaungtha, Natogyi, Ngazun, Yamethin, Pyawbwe, NyaungU, Kyaukpadaung and townships in other regions and states.

185



A paddy plantation.

# More than 10,000 travellers pay visits to Ngwetaung beach of Hainggyikyun within a month

**Ngaputaw October 5**

A total of 10,225 travellers arrived at Ngwetaung beach near Mawtinsoon Pagoda of Hainggyikyun in Ngaputaw Township of Ayeyawady Region within a month, said tour agency in-charge Daw Ni Ni Mar of Ngaputaw Township recently.

A total of 8,933 travellers arrived at the beach in June compared with 10,225 in July despite raining season.

"As now is monsoon, number of travellers cannot be compared with those in summer. But, they pay visits to the beach continuously. In September, travellers toured the beach on public holidays and Sabbath days in September. Currently, number of travellers still visits the beach. So, we expect visitor number will increase in coming seasons, benefiting the businesses related to tourism industry. But, those travellers need to take care of waterway danger this monsoon," said Daw Ni Ni Mar.

The majority of travellers came from Yangon Region to the beach. Officials of the Directorate of Hotels and Tourism, administration bodies, hoteliers and security officials are taking security measures for travellers on the beach as well as prevention of Covid-19 pandemic.

KKL

# Shwemyintzu mid-stream pagoda in Indawgyi Lake to be illuminated with 1,500 oil lights


Shwemyintzu mid-stream pagoda in Indawgyi Lake.

**Mohnyin October 5**

A plan is underway to hold the ceremony of offering 1,500 oil lights to Shwemyintzu mid-stream pagoda in Indawgyi Lake of Mohnyin Township on a grand scale with traditional Shanni ethnic dance, said U Chit Than, a member of pagoda board of trustees.

The offering of 1,500 oil lights will be held on the lake on the night of the Thadingyut full moon, and Shanni ethnic groups will perform traditional Shanni songs and dances on the bunds of the lake.

The Buddha Pujaniya festival at Shwemyintzu pagoda is traditionally celebrated every year, starting from the 8th waxing of Tabaung to the full moon day. The festival features Shanni ethnic cultural galleries and dance groups, rowing competitions, and other sports events involving villages. Additionally, departmental exhibitions will be staged at the festival.

ASH

# Women found in lorry in France face deportation

**Paris October 5**

Four of six women rescued from the back of a lorry in France on Wednesday must leave the country within 30 days, a French public prosecutor said.

The four Vietnamese and two Iraqi women were found by police after getting into the lorry, which they believed was heading for the UK.

One of the women spoke from inside the vehicle to a BBC journalist, who then contacted French police.

It is unclear which of the four women are to be deported.

The other two have been authorised to stay in France pending asylum requests, a statement from the prosecutor said.

The women got into the lorry thinking the Irish-registered vehicle would likely transport them to England, Laetitia Francart, public prosecutor at the judicial court of Villefranche-sur-Saône said.

In fact, the lorry was delivering a shipment of bananas to Dunkirk and would then be heading to Italy.

When the women- thought to be migrants - noticed that the direction of the lorry had changed by checking their phone locations, they started to panic.

Struggling to breathe, one of the women managed to contact a BBC journalist and told them about their situation. Khue Luu was then able to alert French authorities.

BBC

# Trade in textiles and clothing recovers since last week of September at Zay Cho market in Mdy

**Mandalay October 5**

Trade in textiles and clothing has recovered since the last week of September, according to U Aung Myint Thein, Chairman of the Board of Trustees of Mandalay Zay Cho Market.

Among the big bazaars in Mandalay, Zay Cho Market is a large market that distributes and sells a variety of other items, including clothing, consumer goods, and food products, and the sales of textiles and clothing at Zay Cho Market have recovered since the last week of September.

"As the winter season is about to arrive, sales of clothes produced by domestic garment factories have recovered at low prices. In addition, sales of winter clothes produced in China have also recovered," he continued.

Similarly, in addition to clothing items produced from China and entered in the Mandalay Zay Cho Market, other consumer goods and cosmetic products are also recovering.


Clothing stalls in a market.

There are more than 3,000 shops selling food, clothing, textiles, traditional medicine, and gold accessories in the market.

184

# Pakistan: At least 50 killed and dozens injured in Mastung blast

**Islamabad October 5**

At least 50 people have been killed and more than 50 injured in a suicide attack in Pakistan, police say.

The blast happened near a mosque in the south-western Balochistan province on Friday as people gathered to celebrate the birth of the Prophet Muhammad.

Officials in Balochistan have declared a state of emergency. No group has claimed responsibility for the attack.

Meanwhile, a separate blast has taken place at a mosque near Peshawar City in Khyber Pakhtunkhwa province.

Footage from the scene in the Baloch city of Mastung showed injured people being rescued by emergency responders and locals.

Balochistan's police chief Abdul Khaliq Sheikh confirmed the explosion was a suicide blast. He said a senior police officer was killed while trying to stop the attacker.

Pakistan's Interior Minister Sarfraz Bugti said the blast was a "very heinous act" and condemned what he called "terrorist attacks" in both areas.

On the other attack, a spokesman for Khyber Pakhtunkhwa police said that two suicide bombers and a vehicle full of explosives had been intercepted.

BBC


People had been gathering to mark the birth of the Prophet Muhammad.

# Pigeon pea fetches good price of up to K89,000 per bag in Maubin Township

**Mabuin October 5**

The price of pigeon pea has reached K89,000 per bag of 24 pyis in Maubin Township, Ayeyawady Region, said Daw Su Hlaing, an agricultural produce wholesaler.

In the township, the remainder of pigeon pea are being traded in the market, and in July and August of this year, a bag of pigeon pea was priced at up to K71,000. From September to date, a bag of pigeon pea has received a good price of K77,000 to K89,000, thanks to high foreign market demands.

"Currently, in the town of Maubin, the remaining stocks of pigeon pea are being traded, the export to the foreign market is getting a good price. But the crop is currently in storage and in the hands of merchants. In October and November, new harvests are scheduled to appear, and local crops were mainly exported to Yangon, through which they are exported to the foreign market. Now, sales are good. Growers are getting better prices than they have expected. The price has increased by K18,000," Daw Su Hlaing said.

The pigeon peas from Maubin are bought by wholesalers and transported to Yangon city. Pigeon peas go to countries such as India, Bangladesh and Pakistan.

Thuta Kyaw (Maubin)

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## NATO ၏ AWACS ဝေဟင်ကြိုတင်သတိပေးရေးကင်းထောက်လေယာဉ်ကို လစ်သူရေးနီးယား၌ တပ်ဖြန့်ချထား



NATO သည် ဘောလ်တစ်ပင်လယ်ဒေသရှိ နိုင်ငံ၏ခံစစ်အနေအထားကို အားကောင်းစေရန် ပြတ်သားသောခြေလှမ်းတစ်ရပ်အနေဖြင့် Airborne Warning and Control System (AWACS) ဝေဟင်ကြိုတင်သတိပေးရေး ကင်းထောက်လေယာဉ်များကို လစ်သူရေးနီးယားနိုင်ငံ Šiauliai မြို့တွင် တပ်ဖြန့်ချထားခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက်က ကြေညာခဲ့သည်။

AWACS ဝေဟင်ကြိုတင်သတိပေးရေးကင်းထောက်လေယာဉ် နှစ်စင်းအနက် ပထမဆုံးတစ်စင်းသည် လစ်သူရေးနီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်က ဆင်းသက်ခဲ့သည်။ အဆိုပါ ကင်းထောက်လေယာဉ်များသည် အထူးသဖြင့် NATO ပိုင်နက်နယ်မြေများကို ပစ်မှတ်ထား စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

NATO အဖွဲ့၏ ယာယီပြောရေးဆိုခွင့်ရှိသူ Dylan White က ဘောလ်တစ်ပင်လယ်ပြင်ဒေသ၏ မဟာဗျူဟာမြောက် အရေးပါမှုကို အလေးပေးကာ ရုရှား၏ ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောကြားခဲ့သည်။

ကျွန်ုပ်တို့၏ AWACS ဝေဟင်ကြိုတင်သတိပေးရေး ကင်းထောက်လေယာဉ်များသည် ကီလိုမီတာ ရာနှင့်ချီသော အကွာအဝေးရှိ လေယာဉ်များနှင့် ဒုံးကျည်များကိုထောက်လှမ်းနိုင်ပြီး NATO အတွက် အရေးကြီးသော ကြိုတင်သတိပေးစနစ်တစ်ရပ်လည်းဖြစ်ကြောင်း၊ ထိုကင်းထောက်လေယာဉ်များကို လက်ခံတပ်ဖြန့်ခွင့်ပေးသည့်အတွက် လစ်သူရေးနီးယားနိုင်ငံကို ကျေးဇူးတင်ကြောင်း၊ ၎င်းတို့ရောက်ရှိနေခြင်းသည် ကျွန်ုပ်တို့၏ စုပေါင်းလုံခြုံရေးကို ခိုင်ခံ့အားကောင်းစေရန်အတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ကို ကိုယ်စားပြုကြောင်း Dylan White က AWACS ဝေဟင်ကြိုတင်သတိပေးရေး ကင်းထောက်လေယာဉ်များ၏ စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ ကောက်ချက်ချပြောကြားခဲ့သည်။

NATO၏ ယခု လုပ်ဆောင်မှုသည် မဟာမိတ်အဖွဲ့၏ အရှေ့ဘက်ခြမ်းတွင် လေကြောင်းစွမ်းအားများ ပိုမိုဖြန့်ကြက်ချထားရန်၊ ကျယ်ပြန့်သောမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အထူးသဖြင့် မကြာသေးမီက ရုရှားဒရုန်းများဖြင့် NATO နယ်မြေများအနီးတွင် ကျရောက်ပေါက်ကွဲခဲ့မှုများအပြီးတွင် ဤမဟာဗျူဟာကို အကောင်အထည်ဖော်လာခဲ့ခြင်းဖြစ်သည်။

ထိုအတွက် သက်သေပြချက်တစ်ရပ်အနေဖြင့် ပြီးခဲ့သည့် သီတင်းပတ်က အမေရိကန်သည် NATO ၏ လေကြောင်းရဲတပ်ဖွဲ့ စစ်ဆင်ရေးကိုအားကောင်းစေရန် ရည်ရွယ်၍ ရိုမေးနီးယားသို့ နောက်ထပ် F-16 တိုက်လေယာဉ်လေးစင်း စေလွှတ်တပ်ဖြန့်ခဲ့သည်။

မဟာမိတ်နယ်မြေကို ဖြတ်ကျော်ပျံသန်းမည့် AWACS ဝေဟင်ကြိုတင်သတိပေးရေးကင်းထောက်လေယာဉ်များကို လာမည့်ရက်အနည်းငယ်အတွင်း စတင်ပျံသန်းနိုင်ရန် စီစဉ်ထားသည်။ အဆိုပါ ရည်မှန်းချက်တာဝန် ထမ်းဆောင်မှုသည် ရက်သတ္တပတ်များစွာ ကြာမြင့်မည်ဟု ခန့်မှန်းထားကြသည်။

လေယာဉ်များသည် ဂျာမနီနိုင်ငံ Geilelenkirchen တွင် စခန်းချထားသည့် NATO ပိုင် ထောက်လှမ်းရေးလေယာဉ်အုပ်ရှိ ၁၄ စင်းထဲမှ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။ ဤတပ်ဖြန့်မှုနှင့်အတူ AWACS လေကြောင်းစစ်ဆင်ရေးကို ပံ့ပိုးကူညီရန် Šiauliai မြို့တွင် တပ်ဖွဲ့ဝင် ၁၅၀ ခန့် တပ်ဖြန့်ထားမည်ဖြစ်ကြောင်း သိရသည်။

AWACS သို့မဟုတ် Airborne Warning and Control System ဝေဟင်ကြိုတင်သတိပေးရေး ကင်းထောက်လေယာဉ်သည် အဝေးမှလေယာဉ်၊ သင်္ဘောများနှင့်အခြားယာဉ်များကို ထောက်လှမ်းရန် ဒီဇိုင်းထုတ်ထားသည့် အဆင့်မြင့်လေကြောင်းချီ စောင့်ကြည့်ရေးစနစ်တစ်ခုဖြစ်သည်။

**NATO Deploys AWACS Surveillance Planes to Lithuania Amid Rising Tensions with Russia ကို ဘာသာပြန်ဆိုထားပါသည်။**

## တာ့ခ်မန်နစ္စတန်က အသစ်ဝယ်ယူထားသော တူရကီထုတ် Bayraktar TB2 ဒရုန်းများထုတ်ဖော်ပြသခဲ့

တာ့ခ်မန်နစ္စတန်နိုင်ငံ Ashgabat မြို့၌ ပြုလုပ်သည့် စစ်ရေးပြအခမ်းအနားတစ်ခုတွင် တူရကီနိုင်ငံထံမှ အသစ်ဝယ်ယူထားသော Bayraktar TB2 ဒရုန်းများကို ထုတ်ဖော်ပြသခဲ့ကြောင်း စက်တင်ဘာ ၂၉ ရက်က www.armyrecognition.com တွင် ရေးသားဖော်ပြခဲ့သည်။

တာ့ခ်မန်နစ္စတန် ၃၂ နှစ်မြောက် လွတ်လပ်ရေးနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသည့်စစ်ရေးပြအခမ်းအနားဖြစ်ပြီး တာ့ခ်မန်နစ္စတန်နှင့် တူရကီနိုင်ငံတို့ကြား ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးခိုင်မာလာမှုကို မီးမောင်းထိုးပြခဲ့ခြင်းလည်းဖြစ်သည်။

၎င်းတို့၏ အဆင့်မြင့်စောင့်ကြည့်ထောက်လှမ်းမှုနှင့် ကင်းထောက်မှုစွမ်းရည်များကြောင့် လူသိများသော Bayraktar TB2 ဒရုန်းများသည် မကြာသေးမီနှစ်များအတွင်း နိုင်ငံအများအပြား၏ စစ်လက်နက်တိုက်များအတွင်း သိသာထင်ရှားသော ထပ်ဆောင်းစစ်ရေးစွမ်းအားတစ်ခုအဖြစ် နေရာယူလာခဲ့ကြသည်။

စစ်ရေးပြပွဲတွင် ထုတ်ဖော်ပြသလိုက်ခြင်းသည် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်များခေတ်မီရေး၊ တူရကီနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအတွက် တာ့ခ်မန်နစ္စတန်၏ ကတိကဝတ်ကို အလေးပေးဖော်ပြလိုက်ခြင်းဖြစ်သည်။

အဆင့်မြင့်အရာရှိများ ထောင်နှင့်ချီသော ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြသည့် အဆိုပါစစ်ရေးပြအခမ်းအနားသည် လွတ်လပ်ရေးရပြီးနောက် လျှောက်လှမ်းလာခဲ့သော နိုင်ငံ့ခရီးနှင့် အောင်မြင်မှုများကို ဂုဏ်ပြုကျင်းပခဲ့ခြင်းဖြစ်သည်။ Bayraktar TB2 ဒရုန်းများ သရုပ်ပြသမှုသည် တာ့ခ်မန်နစ္စတန်နိုင်ငံ၏ ကာကွယ်ရေးမဟာဗျူဟာအတွက် ခေတ်သစ်အချက်ပြမှုများစွာထဲမှ တစ်ခုဖြစ်သည်။

ဤဝယ်ယူမှုသည် ဒေသတွင်း တက်ကြွမှုနှင့် တာ့ခ်မန်နစ္စတန်နှင့် တူရကီနိုင်ငံတို့ကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအတွက် မည်ကဲ့သို့အကျိုးသက်ရောက်မည်ကို ရှုမြင်သုံးသပ်ရမည်ဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံမှ ထုတ်လုပ်သော Bayraktar TB2 ဒရုန်းများသည် ပဋိပက္ခဖြစ်ပွားနေသည့်ကာလအတွင်း ယူကရိန်းနိုင်ငံ၏လက်နက်တိုက်တွင် အရေးပါသော ပိုင်ဆိုင်မှုတစ်ခုဖြစ်ခဲ့သည်။ ပဋိပက္ခအစတွင် ယူကရိန်းသည် ဤဒရုန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည်။

မြောက်မြားစွာသော အစီရင်ခံစာများတွင် ရုရှားတင့်ကားများ၊ သံချပ်ကာများနှင့် ကင်းလှည့်သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် Bayraktar TB2 ဒရုန်းများကို မီးမောင်းထိုးပြထားသည်။

သို့သော်လည်း ၂၀၂၃ ခုနှစ် မေလတွင် ဤ Bayraktar TB2 ဒရုန်းအများအပြားကို ရုရှားတို့ဘက်က ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြသည်။ ယူကရိန်းတို့အနေဖြင့် ကျန်ရှိနေသေးသော TB2 ဒရုန်းများကို ထောက်လှမ်းရေးအတွက် အဓိကအသုံးပြုခဲ့သည်။ ဤအလှည့်အပြောင်းအတွက် အဓိကအကြောင်းရင်းတစ်ခုမှာ ခေတ်မီဆန်းပြားသော လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များနှင့် ရင်ဆိုင်ရာတွင် ဒရုန်းများ၏ အားနည်းချက်ဖြစ်သည်။



အမြင့်ပေ ၁၈၀၀၀ ထိ စစ်ဆင်ပျံသန်းနိုင်သော Bayraktar TB2 ဒရုန်းများ လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၂၇ နာရီထိ ပျံသန်းနိုင်စွမ်းရှိကာ လေဆာလမ်းညွှန်စနစ်သုံး တိကျပဲ့ထိန်းခဲယမ်းလေးခုထိ တပ်ဆင်အသုံးပြုနိုင်သည်။

နောက်ဆုံးထုတ်ပြန်ချက်များအရ တူရကီ၊ ကာတာ၊ ယူကရိန်းနှင့် အဇာဘိုင်ဂျန်အပါအဝင် နိုင်ငံအသီးသီးတွင် Bayraktar ဒရုန်း ၂၅၇ စင်းထိ လည်ပတ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**Turkmenistan Showcases Newly Acquired Turkish Bayraktar TB2 UAVs at Military Parade ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၈၀၁၄ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၈၀၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၈၀၁၄ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့အတွင်းမှာ မိုးသီးနှံတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးမဲ့ မိုးသီးနှံတွေစိုက်ပျိုးရာမှာ ဆောလျင်စွာပြီးစီးဖို့၊ လျာထားချက်ပြည့်မီဖို့နဲ့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ်ကျရောက်မဖျက်ဆီးစေဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနတွေနဲ့ တောင်သူတွေပူးပေါင်းပြီး ဆောင်ရွက်ထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ထိုသို့စိုက်ပျိုးခဲ့သည့် သီးနှံစုံ ၄၈၀၁၄ ဧကတွင် ပိန်းဥ ၆၈ ဧက၊ ဟင်းသီးဟင်းရွက် ၄၆၃ ဧက၊ ပန်းအမျိုးမျိုး ၂၅ ဧက၊ ပီလောပီနံ ၅၃ ဧက၊ ကွမ်းရွက် ၁၆ ဧက၊ ငရုတ် ကိုးဧက၊ ပဲစင်းငုံ ၂၆ ဧက၊ ကြံ သုံးဧက၊ ပြောင်း ၁၉၂ ဧက၊ နှမ်းဧက ၃၀၊ မိုးမြေပဲ ၅၃ ဧက၊ မိုးစပါး ၄၇၀၇၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့် အဖွဲ့များက ဒေသခံတောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးအတွက်အရေးပါသည့် ဆည်မြောင်းများပြုပြင်ခြင်း၊ တာတမံများကျိုးပေါက်ခြင်းမရှိစေရန် တာပေါင်မြှင့်တင်ခြင်း၊ ရေစီမံပေါက်၊ ရေထွက်ပေါက်များ ရှာဖွေခြင်း စသည့်လုပ်ငန်းများကို မိုးသီးနှံများမစိုက်ပျိုးမီ ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပူတာအိုခရိုင် ပူတာအိုလွင်ပြင်ပတ်လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပူတာအို အောက်တိုဘာ ၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုလွင်ပြင်ပတ်လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းသန့်အောင်၊ ပူတာအိုခရိုင် စီမံကိန်းနှင့် အရည်အသွေးစစ်ဆေးရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဦးကျော်မျိုးအောင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅၂၅ ဒသမ ၈၁၂ သန်း၊ ပြည်နယ်ရန်ပုံငွေကျပ် ၁၇၁၆ ဒသမ ၄၅၇ သန်းတို့ဖြင့် ဆောင်ရွက်သည့် ပူတာအိုလွင်ပြင်ပတ်လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးဝင်းသန့်အောင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။



ပူတာအိုခရိုင် ပူတာအိုလွင်ပြင်ပတ်လမ်းတွင် အရှည် ၂၅ မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ယခုနှစ် ဇူလိုင် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာ ၂၈ ရွာမှ လူဦးရေ ၁၀၉၄၁ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ မြင့်မားစေရေးတို့အတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ဘားအံမြို့နယ် လကွဏာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ အောက်တိုဘာ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လကွဏာကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လကွဏာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၅ ဦးကို ငွေကျပ်သိန်း ၅၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်စီမံဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၅-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# (၁၂)ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး အွန်လိုင်းမှတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ်ကကြီးမှူး၍ (၁၂)ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ် (The 12th International Legal Forum of the Asia-Pacific Region) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးက နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်တက်ရောက်သည်။




ဖိုရမ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးက တက်ရောက်လာကြသည့် အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အဖွင့်အမှာစကားပြောကြားသည်။

နိုင်ငံတကာဥပဒေဖိုရမ်ကို နိုင်ငံဖြတ်ကျော်ဥပဒေရေးရာ ဆက်သွယ်မှုများနှင့် အမျိုးသားတရားမျှတမှုနှင့် လူမှုဘဝဖူလုံသည့် နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏အခွင့်အရေးများ အကာအကွယ်ပေးခြင်းနှင့် တရားရေးလက်တွေ့ကျင့်သုံးမှုတွင် အကျိုးစီးပွားများကို ချိန်ညှိခြင်း စသည့်အပိုင်း နှစ်ပိုင်းဖြင့် ကျင်းပခြင်းဖြစ်သည်။

ဒုတိယပိုင်းအစီအစဉ်တွင် "မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် တရားစီရင်ရေး၏အခန်းကဏ္ဍ"ခေါင်းစဉ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က ပါဝင်ဆွေးနွေးရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးများ တိုးတက်ဖွံ့ဖြိုးစေရန် ဥပဒေမူဘောင်များ၌ အဓိကထားရှိသည့် တန်ဖိုးများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆ တွင် နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှု ပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရမည်ဟူ၍ အာမခံချက်ပေးထားကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏အခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ မြန်မာကုမ္ပဏီဥပဒေ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေ စသည့်ဥပဒေများအပါအဝင် အခြားဆက်စပ်သောဥပဒေများလည်း ပြဋ္ဌာန်းထားကြောင်း၊ ထို့ပြင် လူမှုဖူလုံရေးဥပဒေ၊ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကဲ့သို့ လူမှုဘဝဖူလုံရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများလည်းရှိကြောင်း၊ တရားစီရင်ရေးအနေဖြင့် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင် ဖန်တီးပေးရာတွင် အဓိကအခန်းမှပါဝင်နေကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ထိရောက်မှုရှိသည့် တရားစီရင်ရေးစနစ်မှာ မဖြစ်မနေလိုအပ်ကြောင်း၊ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှု တစ်စိတ်တစ်ဒေသအနေဖြင့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် လိုက်လျောညီထွေရှိသော တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို "တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီချမှတ်ထားရှိပြီး မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်နှင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်များ အကောင်အထည်ဖော်ပြီး အမှုများမြန်ဆန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေအရ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ တရားစွဲဆိုခွင့်၊ တရားစွဲဆိုခံပိုင်ခွင့်များတွင် ထူးခြားသည့် ဥပဒေရေးရာအခွင့်အရေးများပေးထားကြောင်း၊ မူဝါဒချမှတ်သူများ၊ သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ၏အခွင့်အရေးများကို အကာအကွယ်ပေးရာတွင် တရားစီရင်ရေးကဏ္ဍနှင့်အတူ လက်တွဲပြီးလုပ်ကိုင်ကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၅**

ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှု၊ လူသားများနှင့်သဘာဝတရားအကြား သဟဇာတဖြစ်သောဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စသည့်ကဏ္ဍ သုံးခုကိုချိတ်ဆက်ပေးရန် ရည်ရွယ်ကျင်းပသည့် တတိယအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Nyingchi မြို့တွင် အောက်တိုဘာ ၄ ရက်မှ ၆ ရက်ထိ ကျင်းပလျက်ရှိရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကို သီရိလင်္ကာ၊ ချီလီ၊ ကင်ညာနိုင်ငံတို့မှ ဝန်ကြီးများနှင့်အတူ Nyingchi မြို့တွင် သီးခြားတွေ့ဆုံပြီး တိဗက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကဏ္ဍများတွင် ဒေသတွင်းနိုင်ငံများသာမက အခြားကမ္ဘာ့နိုင်ငံများကိုပါ ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် တတိယအကြိမ် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တက်ရောက်လာသောနိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အမှာစကားများပြောကြားကြသည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိစွာနေထိုင်မှုသည် လူသားများနှင့်သဘာဝအကြား အပြန်အလှန်အမှီသဟဲပြုပြီး ကောင်းမွန်သောသက်ရှိဘဝကိုဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သစ်တောများကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံ၏ဦးစားပေးကဏ္ဍအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ၄၇ ရာခိုင်နှုန်းသည် ဟိမဝန္တာဒေသတွင်းကျရောက်နေပြီး ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ အချက်အချာနေရာများဖြစ်သော အင်ဒို-မြန်မာ၊ တရုတ်အနောက်တောင် တောင်တန်းများနှင့် ဟိမဝန္တာဒေသများ၏ ဂေဟဗေဒဆိုင်ရာကူးပြောင်းမှုဇရိယာအတွင်း တည်ရှိပါကြောင်း၊ ကချင်ပြည်နယ်မြောက်ပိုင်းတောင်တန်းဒေသတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ရှစ်ခု နိုင်ငံ့ဧရိယာ၏ ၂ ဒသမ ၅၉ ရာခိုင်နှုန်းဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရှိပါကြောင်း၊ ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် သဘာဝအခြေပြုလုပ်ငန်းများအကောင်အထည်ဖော်ရေးအတွက် လက်တွေ့ကျ၍ ခိုင်မာသောမူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်သွားရန် အကြံပြုလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြားနှင့် ပိုးလမ်းမနှင့်ရပ်ဝန်းဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။






ယင်းနောက် ဖိုရမ်တွင်လူသားမျိုးနွယ်နှင့်သဘာဝပတ်ဝန်းကျင်အကြား သဟဇာတဖြစ်မှုကို မြှင့်တင်ခြင်း၊ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများမျှဝေခြင်းခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Nyangchi မြို့တွင် သတင်းမီဒီယာများ၏ ဖိုရမ်နှင့်ပတ်သက်သည့် မေးမြန်းချက်များကိုဖြေကြားခဲ့ပြီး တိဗက်ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကြိုဆိုဖိတ်ဆက်ညစာစားပွဲနှင့် ယဉ်ကျေးမှုအကဖျော်ဖြေပွဲ အခမ်းအနားသို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကဏ္ဍဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များ ပူးပေါင်းကြိုးပမ်း



**နေပြည်တော် အောက်တိုဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေလုပ်ငန်းရှင်များအသင်းမှ ပြည်ပသို့တင်ပို့သည့် ရေထွက်ပစ္စည်းများ၏ ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်စေရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် Border Trade ကို တရုတ်ယွမ်ငွေဖြင့် ခွင့်ပြုထားခြင်းနည်းတူ Normal Trade နှင့် လေကြောင်းတင်ပို့ခြင်းတို့တွင် ငွေပေးချေခွင့်ရရှိရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မွေးမြူရေးရေထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် GACC နှင့် ညှိနှိုင်းပေးစေလိုသည့် အချက်များ၊ အရှေ့အလယ်ပိုင်းဒေသသို့ မွေးမြူရေး ရေချိုငါး၊ ပုစွန်များ တင်ပို့နိုင်ရေးအတွက် နှစ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးနှင့် လုပ်ထုံးလုပ်နည်းဥပဒေစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိရစ္ဆာန်ဆေးပညာရပ်နှင့် မွေးမြူရေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက စားရေရိက္ခာဖူလုံစေရေးနှင့် အာဟာရပြည့်ဝရေးအတွက် အရေးပါသော မွေးမြူရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ဘက်စုံထောင့်စုံမှ အားပေးဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာ၌ တိကျမှန်ကန်သော တိရစ္ဆာန်ကောင်ရေစာရင်းဇယားများ အသုံးပြုရန်လိုအပ်ကြောင်း၊ ယခုအခါ "၂၀၂၃ ခုနှစ် ဒုတိယအကြိမ် အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် စီမံချက် ရေးဆွဲထားရှိပြီး ဗဟိုကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ရာ ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ကောက်ယူနိုင်ရန် ကော်မတီဝင်များအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သော အကြံပြုချက်များ ဆွေးနွေးညှိနှိုင်းသွားရန် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပထမအကြိမ် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ပြီးစီးမှု၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး လုပ်ငန်းစီမံချက်ကိုရှင်းလင်းတင်ပြပြီး ဦးစားပေးလုပ်ငန်းရပ်များကို အဆိုပြုတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံမဏ္ဍိုင် သုံးရပ်၏ ဝန်ကြီးဌာနများအကြား အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ စာတမ်း၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၅**

အာဆီယံမဏ္ဍိုင် သုံးရပ်ဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်နှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်တို့၏ သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ စာတမ်း၏ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မဏ္ဍိုင် သုံးရပ်အောက်ရှိ ဝန်ကြီးဌာန ၁၀ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ခြင်းအပေါ် ကျေနပ်အားရမိကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၌ မိမိတို့၏ သက်ဆိုင်ရာ အမျိုးသားစီမံကိန်းများနှင့် ကိုက်ညီစွာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လာမည့် ၂၀၂၄ ခုနှစ်တွင် အာဆီယံ၌ မြန်မာနိုင်ငံက ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အလားအလာများ၊ စိန်ခေါ်မှုများအပေါ် သုံးသပ်ဆွေးနွေးပြောကြားကာ အစည်းအဝေး တက်ရောက်လာသူများက မိမိတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF-ACV) ၏ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က "တက်ကြွ၍ ကြံ့ခိုင်မှုရှိသော ပြည်သူ့ဗဟိုပြု အာဆီယံ" ဆောင်ပုဒ်ဖြင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ စာတမ်းကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ခြင်းအပေါ် ရှင်းလင်းပြောကြားပြီး ရှေ့ကာလ၌ ယင်းစာတမ်း၏ ဆက်စပ်စာတမ်း၊ မဟာဗျူဟာအစီအစဉ်များ ဆက်လက်ရေးဆွဲရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ချိတ်ဆက်က သက်ဆိုင်ရာအာဆီယံမဏ္ဍိုင်အလိုက် ဝန်ကြီးဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားရန် အရေးကြီးကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် အာဆီယံမဏ္ဍိုင် သုံးရပ်အောက်ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနကိုယ်စားလှယ်များက အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံက အာဆီယံ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုအခြေအနေ၊ ၎င်းတို့၏ သက်ဆိုင်ရာ မဏ္ဍိုင်အသီးသီးအောက်မှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် အနာဂတ် အာဆီယံအလားအလာအပေါ် အမြင်ချင်းဖလှယ်သုံးသပ်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန့်ဘလူမြို့နယ်နှင့် ရွှေဘိုမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ




**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကန့်ဘလူမြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။**

**နေပြည်တော် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် ရွှေဘိုမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနေရာများ၌ အသီးသီးသွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား သက်ဆိုင်ရာကိုယ်စားလှယ်များက ကျေးဇူးတင်စကားများ အသီးသီးပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၃၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၈ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လာသာမြို့နယ်နှင့် ပုသိမ်မြို့တို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများပြုလုပ်




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လာသာမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမြညီလာခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌လည်းကောင်း အသီးသီး ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် အသီးသီး သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ဖွင့်လှစ်ကြသည်။ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားကြသည်။ ယင်းနောက် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များကပေးပို့သည့် သဝဏ်လွှာများကို တာဝန်ရှိသူများက အသီးသီးဖတ်ကြားကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် ဆရာကြီး၊ ဆရာမကြီးများကို ဂါရဝပြုလက်ဆောင်များဖြင့် ပူဇော်ကန်တော့ကြပြီး ကျောင်းသား၊ ကျောင်းသူများက "အာစရိယ ဂုဏော အနန္တော "သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ တတိယနေ့နှင့် ပိတ်ပွဲကျင်းပ




အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာနှီးနှောဖလှယ်ပွဲ တတိယနေ့ ကျင်းပစဉ်။




တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၅**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ တတိယနေ့နှင့် ပိတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်- ၇၀၀) ဇီဝကခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုကျွမ်းကျင်သူအရာရှိများ၊ သူနာပြုကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ နိုင်ငံတကာမှ ဆေးပညာရှင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲသို့ Inperson တက်ရောက်သူများအနေဖြင့် စုစုပေါင်း ၃၅၅ ဦး တက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများအနေဖြင့် တပ်မတော်ဆေးရုံ၊ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြုကျွမ်းကျင်သူအရာရှိနှင့် သူနာပြုကျွမ်းကျင်သူ စုစုပေါင်း ၁၅၃ ဦး တက်ရောက်ခဲ့ကြသည်။

ယနေ့တွင် Major Symposium အဖြစ် Futuristic Approaches to Optimize Nutrition and Exercise Regimens for Myanmar Military Cadets နှင့် Debate Session တို့ကို ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများက အကောင်းဆုံး သုတေသနစာတမ်းနှင့်ပိုစတာများအတွက် ပထမ၊ ဒုတိယ၊ တတိယရရှိသူများ၊ Young Researcher Awardရရှိခဲ့သည့် သုတေသနစာတမ်း၊ ပိုစတာဆုရှင်များနှင့် Debate Session တွင် အနိုင်ရရှိသူများကို ဆုများပေးအပ်ခဲ့ပြီး နှီးနှောဖလှယ်ပွဲကျင်းပရေး ဆပ်ကော်မတီများနှင့် သုတေသနစာတမ်း၊ ပိုစတာ တင်သွင်းဖတ်ကြားခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က ပိတ်ပွဲအမှာစကားပြောကြားကာ အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့်လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့ နေ့လယ်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများကို မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းပေးအပ်ခြင်းနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားအသီးသီး ပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား လေးဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုကြသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့နှင့် လောက်ကိုင်မြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မြေမြင့်ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၇)ရပ်ကွက်ရှိ စိတ္တသုခ ဘုန်းတော်ကြီးကျောင်းနှင့် လောက်ကိုင်မြို့ ပါစင်ကျော်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်အပါး ၁၄၀ နှင့် ရပ်ကွက်နေ ဒေသခံပြည်သူ ၂၄၉ ဦးတို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများ၌ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာ တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။



# ခရိုအေးရှားနိုင်ငံ အိုစီဂျက်မြို့အရှေ့ဘက်ပိုင်း တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များတွင် အဆိပ်သင့်ဓာတ်ငွေ့များပါဝင်နေ



**ဇာဂ်ရက် အောက်တိုဘာ ၅**

ခရိုအေးရှားနိုင်ငံ အိုစီဂျက်မြို့ အရှေ့ဘက်ပိုင်း၌ အောက်တိုဘာ ၄ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသည့် မီးခိုးငွေ့များတွင် အဆိပ်သင့်ဓာတ်ငွေ့များပါဝင်နေသည်ဟု အိုစီဂျက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ပလတ်စတစ်ကုန်သိုလှောင်ရုံ မီးလောင်ကျွမ်းရာမှ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည့်အတွက် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့်မီးခိုးငွေ့များတွင် အဆိပ်သင့်ဓာတ်ငွေ့များ ပါဝင်နေခြင်းဖြစ်ကြောင်း၊ အဆိပ်သင့်ဓာတ်ငွေ့ ရောနှောနေသော မီးခိုးငွေ့များ မြို့အတွင်း ပျံ့နှံ့နေသည့်အတွက်ကြောင့် အိုစီဂျက်မြို့ခံများကို နေအိမ်အတွင်း၌သာ နေထိုင်သွားရန်နှင့် စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားရန် ညွှန်ကြားထားကြောင်း အိုစီဂျက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပလတ်စတစ်ကုန်လှောင်ရုံ မီးလောင်ကျွမ်းမှုကနေတစ်ဆင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့မီးခိုးငွေ့အတွင်းမှာ အဆိပ်သင့်ဓာတ်ငွေ့တွေ ပါဝင်နေပါတယ်။ ဒီဓာတ်ငွေ့တွေဟာ ကင်ဆာရောဂါကို ဖြစ်စေနိုင်လို့ စာသင်ကျောင်းတွေကို ယာယီပိတ်ထားပြီး ကျောင်းသား၊ ကျောင်းသူတွေကို နေအိမ်မှာနေထိုင်ကြဖို့ ညွှန်ကြားထားပါတယ်"ဟု အိုစီဂျက် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အိုင်ဗန်အနူဆစ်က ပြောကြားခဲ့သည်။

Ref : BNN

Trs : Sai Sat

# တရုတ်(တိုင်ပေ)တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူဦးရေ ၂၀၀ ခန့် ထိခိုက်ဒဏ်ရာများရရှိ

**တိုင်ပေ အောက်တိုဘာ ၅**

တရုတ်(တိုင်ပေ)တွင် ယနေ့နံနက်ပိုင်းက တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် လူဦးရေ ၂၀၀ ခန့် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး သောင်းနှင့်ချီသော နေအိမ်များ လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း တိုင်ပေမိုးလေဝသဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုကို ချက်ချင်းသတင်းထုတ်ပြန်နိုင်ခြင်း မရှိသေးကြောင်းနှင့် မုန်တိုင်းသည် တရုတ်(တိုင်ပေ)တောင်ပိုင်းကို ဖြတ်၍ တစ်နာရီလျှင် မိုင် ၈၀ ကျော်နှုန်းဖြင့် ဖြတ်ကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသတွင် အောက်တိုဘာ ၃ ရက်ကတည်းက စီးပွားရေးလုပ်ငန်းများနှင့် ကျောင်းများကို ပိတ်ထားခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ ပြိုလဲခြင်းကဲ့သို့ အသေးစားပျက်စီးမှုအများအပြားဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၁၇၀၀၀၀ ကျော် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကာ လေယာဉ်ခရီးစဉ်ပေါင်း ၂၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

မိုးလေဝသဌာန၏ အဆိုအရ မုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး အားပျော့သွားကာ အပူပိုင်းမုန်တိုင်းအဖြစ် ပြောင်းလဲသွားဖွယ်ရှိကြောင်း၊ တရုတ်နိုင်ငံတောင်ပိုင်းကမ်းရိုးတန်းနှင့် ဟောင်ကောင်ဒေသသို့ ဆက်လက်ရွေ့လျားဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

Ref : Accu Weather

Trs : AZH

# ဘင်္ဂလားပြည်နယ်တွင် မိုင်တန်နှင့် ပန်ချက် ရေလှောင်တမံတို့မှ ရေဖောက်ချမှုကြောင့် ရေကြီးရေလျှံမှုဖြစ်လာနိုင်ကြောင်း ထုတ်ပြန်

**နယူးဒေလီ အောက်တိုဘာ ၅**

အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်တွင် မိုင်တန်နှင့် ပန်ချက်ရေလှောင်တမံတို့မှ ရေဖောက်ချမှုကြောင့် ဘင်္ဂလားပြည်နယ် တောင်ဘက်ပိုင်းခရိုင်များ၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း ဘင်္ဂလားပြည်နယ်အစိုးရအဖွဲ့က သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု အောက်တိုဘာ ၄ ရက် သတင်းများအရ သိရသည်။

ဘင်္ဂလားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းသည် ဒါမိုဒါဗယ်လီကော်ပိုရေးရှင်း(DVC) ရေကာတာအတွင်းမှ ရေပမာဏ ၁၀၀၀၀၀ ကျူဆက်ကို မိုင်တန်နှင့် ပန်ချက်ရေလှောင်တမံတို့မှ တစ်ဆင့် ဖောက်ချခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၃ ရက် မွန်းတည့်ချိန်က စတင်ဖောက်ချခဲ့ခြင်းဖြစ်ကြောင်း၊ အောက်တိုဘာ ၂ ရက်ကလည်း ရေဖောက်ချမှု တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ရေပမာဏ ၁၂၀၀၀၀ ကျူဆက်ထိ ဖောက်ချခဲ့ကြောင်း၊ ဖောက်ချခဲ့သည့်ရေပမာဏ များပြားသဖြင့် မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်နေပြီး ရေဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

"ဒါမိုဒါဗယ်လီကော်ပိုရေးရှင်း (DVC) ရေကာတာအတွင်းကနေ မိုင်တန်နဲ့ ပန်ချက်ရေလှောင်တမံကို ရေဖောက်ချခဲ့ပါတယ်။ မိုင်တန်နဲ့ ပန်ချက်ရေလှောင်တမံကနေတစ်ဆင့် ရေဖောက်ချမှုတွေ ထပ်မံပြုလုပ်ခဲ့ပါတယ်။ ရေဖောက်ချမှုကြောင့် ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ ခရိုင်တွေကတော့ ဘက်ဝန်အရှေ့ဘက်နဲ့ အနောက်ဘက်ခရိုင်၊ ဘက်ဟမ်ခရိုင်၊ အနောက်မစ်နာပူခရိုင်၊ ဘန်ကူရာခရိုင်နဲ့ ဟောင်ရာခရိုင်တို့ပဲဖြစ်ပါတယ်"ဟု အင်္ဂလားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘင်္ဂလားပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ဖွယ်ရှိနေသည့်အတွက် ရေလှောင်တမံများမှ ဖောက်ချသည့်ရေနှင့် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု အခြေအနေမှာ စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်နေကြောင်းလည်း ဘင်္ဂလားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

Ref : Mint

Trs : Sai Sat



# ၂၀၂၃ ခုနှစ်က အပူချိန်စံချိန်တင်မြင့်တက်သည့် နှစ်တစ်နှစ်ဖြစ်လာနိုင်ကြောင်း C3S ထုတ်ပြန်

**ဘရပ်ဆဲလ် အောက်တိုဘာ ၅**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သော Copernicus Climate Change Service (C3S) က ၂၀၂၃ ခုနှစ်တွင် အပူချိန်မြင့်တက်မှု ဆက်တိုက်ဖြစ်ပေါ်နေပြီး အပူချိန်စံချိန်တင်မြင့်တက်သည့် နှစ်တစ်နှစ်ဖြစ်လာနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ယခုနှစ်အတွင်း ပျှမ်းမျှအပူချိန်သည် သုည ဒသမ ၅၂ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ပြီး အထူးသဖြင့် စက်တင်ဘာလတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ပျှမ်းမျှအပူချိန်သည် ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ပျှမ်းမျှအပူချိန်ထက် ၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သောအပူချိန်ပမာဏမှာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော အပူချိန်များထက် သုည ဒသမ ၉၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း C3S က ထုတ်ပြန်သွားခဲ့သည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလက ဖြစ်ပေါ်ခဲ့တဲ့အပူချိန်ဟာ မကြုံဖူးသေးတဲ့ အပူချိန်ပမာဏတစ်ရပ် ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် နွေရာသီကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ပမာဏဟာလဲ စံချိန်တင်အပူချိန်ပမာဏတစ်ရပ် ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်မှာ အပူချိန်ဟာ စံချိန်တင် မြင့်တက်ခဲ့တယ်ဆိုပေမဲ့လဲ ၂၀၂၃ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ဟာ ၂၀၂၂ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့အပူချိန်ကို ကျော်လွန်သွားဖွယ်ရှိနေပါတယ်။ အပူချိန်အမြင့်ဆုံးနှစ်တစ်နှစ် ဖြစ်လာနိုင်တဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်"ဟု Copernicus Climate Change Service (C3S)၏ ဒါရိုက်တာဖြစ်သူ ဆမ်မန်သာဘာဂတ်စ်က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံတချို့၌ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နေပြီး ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်း၊ အရှေ့ဘက်ပိုင်းတို့တွင် ရေမျက်နှာပြင်အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော ရေမျက်နှာပြင်အပူချိန်မြင့်တက်မှုမှာ စံချိန်တင်အပူချိန်မြင့်တက်မှုတစ်ရပ်ဖြစ်နေကြောင်း သိရသည်။

Ref : BNN

Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံတွင် ၆ ဒသမ ၃ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**မနီလာ အောက်တိုဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ အနောက်တောင်ဘက်ပိုင်းတွင် အောက်တိုဘာ ၄ ရက်က ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု ဖိလစ်ပိုင်အမျိုးသား မြေငလျင်စင်တာက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြေငလျင်ပြင်းအား များခဲ့သော်လည်း မြေအောက်အနက် ကီလိုမီတာ ၁၆၀ အကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သောကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း၊ မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်လည်းမရှိကြောင်း ဖိလစ်ပိုင်အမျိုးသားမြေငလျင်စင်တာက ထုတ်ပြန်သွားခဲ့သည်။

"အောက်တိုဘာ ၄ ရက် ညနေ ၄ နာရီ ၅၁ မိနစ်မှာ ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ဟာ ဟူကေးဒေသအနီးမှာ လှုပ်ခတ်ခဲ့တာဖြစ်ပြီး မြေအောက်အနက် ကီလိုမီတာ ၁၆၀ အကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ပြင်းအား များပေမဲ့လဲ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖို့မရှိပါဘူး"ဟု ဖိလစ်ပိုင်အမျိုးသား မြေငလျင်စင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သောနေရာသည် ဟူကေးဒေသနှင့် နီးကပ်ခဲ့ပြီး ဟူကေးဒေသခံများမှာ မြေငလျင်လှိုင်းဒဏ်ဖြင့်ရင်ဆိုင်ခဲ့ရကြောင်း၊ ဟူကေးဒေသသည် မနီလာမြို့နှင့် ၈၇ မိုင်ခန့်အကွာတွင်တည်ရှိသည့်ဒေသဖြစ်ပြီး မြေငလျင်ကြောင့် ဒေသခံများ အထိတ်တလန့်ဖြစ်ခဲ့ရသော်လည်း ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လှုပ်ခတ်ခဲ့သောမြေငလျင်ကြောင့် အိန္ဒိယနိုင်ငံနယ်နိမိတ်အတွင်းထိ မြေငလျင်လှိုင်း ရောက်ရှိခဲ့သည်ဟု အိန္ဒိယအမျိုးသားမြေငလျင်စင်တာကလည်း ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

Ref : NDTV

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# တန်ဖိုးကြီးမား မြတ်ဆရာများ

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

> ❖ ဆရာဆိုသော ဂုဏ်ထူးဝိသေသတွင် ဆရာမတို့သည်လည်း အလိုလိုပါဝင်ပြီးဖြစ်သည်။ ဆရာဆိုသည်မှာ နောင်အနာဂတ်၏ မီးရှူးတန်ဆောင်အလင်းရောင်လည်းဖြစ်သည်။ အလင်းပြာနေသော ဖယောင်းတိုင်မှ မီးကူးသောအခါ ဖယောင်းတိုင်မှာ ငြိမ်းမသွားသကဲ့သို့ ဆရာတို့၏ဂုဏ်သိက္ခာမှာလည်း လျော့နည်းသွားခြင်းရှိမည်မဟုတ်ပေ။ လောကုတ္တရာအကျိုး၊ လောကီအကျိုး၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးကိုပေးစွမ်းနိုင်သည့် ဆရာမြတ်တို့၏ဂုဏ်ကျေးဇူးကား တုနှိုင်းစရာ မမြင်လောက်အောင်ပင်ဖြစ်သည်။ ❖

ဆရာဆိုသည်မှာ လူ့အဖွဲ့အစည်းတွင် သိမ်မွေ့ နက်နဲပြီး ခက်ခဲသောအရေးကြီးတာဝန်များကို ထမ်းဆောင်နေရသူများဖြစ်ကြသည်။ ဆရာ၏အလုပ် သည် လူကိုကိုင်တွယ်ပုံသွင်းရသည့် အလုပ်ဖြစ်ပေရာ အတိမ်းအစောင်းမခံသော အလုပ်ဟုဆိုနိုင်သည်။ ဆရာသည် နိုင်ငံတော်ကိုချစ်နေသူဖြစ်ရမည်။ မိမိ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားတန်ဖိုးထားသူဖြစ်ရမည်။ သို့မှသာ ထိုဆရာ က သင်ကြားပြသပုံသွင်းခြင်းခံရသူများမှာလည်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူများ ဖြစ်လာပေ လိမ့်မည်။ ဆရာသည် ယုံကြည်ချက်ခိုင်မာသလို အတွေးအခေါ်လည်း ဆန်းသစ်နေရမည်။ အမြော် အမြင်ကျယ်ပြန့်ရပေမည်။ ကမ္ဘာတစ်ဝန်း ပညာချင်း ယှဉ်ပြိုင်နေရသော ယနေ့ကာလတွင် ဆရာများ၏ အခန်းကဏ္ဍမှာ ပို၍အရေးပါလာနေပြီဆိုသည်။ လောကကို ပညာဖြင့်အလှဆင်သူဖြစ်ရပေမည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် ခေါင်း ဆောင်ဖြစ်နေသူများမှာ ဆရာကောင်း၊ သမားကောင်း များနှင့် တွေ့ကြုံခဲ့ရသူများဟုပြောမည်ဆိုပါက မှား မည်မဟုတ်ပေ။ **ဆရာကောင်းတပည့် ပန်းကောင်းပန်** ဆိုသည့်အတိုင်း အများနှင့်မတူ တစ်မူထူးခြားကာ ခေါင်းဆောင်အဖြစ် ထွန်းပေါက်လာခြင်းဖြစ်သည်။ ထို့အတူ နိုင်ငံတိုင်းတွင် အကြမ်းဖက်အဖျက်သမား အဖြစ်သို့ရောက်နေသူများမှာ **တပည့်မကောင်း ဆရာ့ခေါင်း**ဆိုသည့်အတိုင်း ဆရာတို့၏ညံ့ဖျင်းမှု ကြောင့် အတွေးအခေါ်အယူအဆလွဲမှားကာ လမ်းမှား သို့ရောက်သွားကြခြင်းဖြစ်သည်။ အကြမ်းဖက်အဖျက် သမားအဖြစ်သို့ ရောက်နေသူများမှာ စာမတတ်သူများ လည်းဖြစ်နိုင်သည်။ စာတတ်အောင်သင်ရမည့်အချိန် တွင် စာသင်ကျောင်းသို့မရောက်လာခြင်းမှာ မိဘတို့ ၏တာဝန်မကျေပွန်ခြင်းဖြစ်သည်။ ဤသည်ကိုလည်း ဆရာတို့က သောကကို ကရုဏာဖြင့် ဖြေဖျောက်သူ ဖြစ်ရပေမည်။

ဤလောကတွင် လူသားတိုင်းအတွက် သတ်မှတ် ထားသောတာဝန်နှင့် ဝတ္တရာများရှိသည်။ တာဝန်ဆို သည်မှာ တာဝန်ပေးထားမှ လုပ်ဆောင်ရမည်ဖြစ် သော်လည်း ဝတ္တရားဆိုသည်မှာ အစဉ်အမြဲလိုက်နာ ပြုကျင့်လုပ်ဆောင်ရမည်ဖြစ်သည်။ မြန်မာမှုနယ်ပယ် တွင် မိဘကျင့်ဝတ်အဖြစ် "မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင် ဖခင်မယ်တို့တာ" ဟူ၍ရှိသည်။ သားသမီးကို ကျောင်းထားရမှာသည် မိဘတို့၏ဝတ္တရားဖြစ်သည်။ ထို့အတူ ကျောင်းသို့ ရောက်ရှိလာသည့် တပည့်များကို "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"ဆိုသည့်အတိုင်း ဆရာ များက ပညာလည်းသင်ပေးရမည်။ ကလေးအပေါ် ကျရောက်လာမည့်ဘေးရန်အန္တရာယ်ကိုလည်း ကြိုတင် ကာကွယ်ပေးရမည်။ မလိမ္မာသောကလေးကို လိမ္မာ ယဉ်ကျေးစေရန်၊ အကျင့်စရိုက်ဆိုးသွမ်းသောကလေး ကို အကျင့်ကောင်းများစွဲမြဲလာစေရန် ပဲ့ပြင်ဆုံးမရ မည်ဖြစ်သည်။

စာရေးသူအနေဖြင့် ကမ္ဘာ့ဆရာများနေ့တွင် ဆရာ များကိုရည်ညွှန်းရေးသားနေသော်လည်း **"မိဘဆရာ ပူဇော်ပေါင်း ကလေးပညာကောင်း"**ဆိုသည့်အတိုင်း မိဘ တို့သည်လည်း လက်ဦးဆရာဖြစ်ပေရာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမသွန်သင်ရမည်ဖြစ်သည်။ လိမ္မာရေးခြားမှုရှိသော ကလေးသူငယ်အဖြစ် မိဘ တို့ကပုံသွင်းပေးကြရမည်ဖြစ်သည်။ ဆရာဆိုသည်မှာ တပည့်များကျောင်းစည်းကမ်းလိုက်နာမှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ကို အစဉ်မပြတ်လေ့လာပြီး လိုအပ်သည်တို့ကိုဖြည့်ဆည်းပေးရသည်။ တပည့်တို့ကို မိမိတို့၏သားသမီးများနှင့်မခြား တာဝန်ယူပေးရ သည်။ ကျောင်းသား၊ ကျောင်းသူတိုင်း ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတည်း ဟူသော ဗလငါးတန်ပြည့်ဝနေရန် ဆရာတို့က ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ဆရာ့မေတ္တာအကျယ် အပြန့်သည် အဆုံးအစမဲ့မိုးကောင်းကင်နှင့်တူနိုင်း၍ မရနိုင်ကြောင်း ဆိုကြသည်။ အများအကျိုးကို ကိုယ်ကျိုးစွန့်ဆောင်ရွက်တတ်သူသည် ဆရာဖြစ်သည် ဟုပင်ဆိုချင်ပါသည်။

စာသင်ကျောင်းသို့ရောက်၍ ပညာရပ်အမျိုးမျိုး သင်ယူကြသည့် တပည့်များဖြစ်သွားသောအခါ "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီး လုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ် မချွတ်ငါးခု သာ"ဆိုသည့်အတိုင်း ပြည့်ဝအောင် ပြုကျင့်ကြရ မည်ဖြစ်သည်။ ဆရာတို့၏ သင်ကြားပို့ချသမျှကို ကြိုးစားကာ ပညာပြည့်ဝနှလုံးလှသူများဖြစ်ရန် ကြိုးစားကြရမည်။ ဆရာတို့က အထူးကြိုးစားသင်ပြ နေပါလျက် တပည့်ဖြစ်သူတို့က မကြိုးစား၊ နာယူမှု မရှိဖြစ်ခဲ့သော် အနာဂတ်တွင် လူကောင်းလူတော် များဖြစ်လာနိုင်မည်မဟုတ်သကဲ့သို့ ဆိုးကျိုးမှန် သမျှကို လည်စင်းခံရမည်မှာ တပည့်များသာဖြစ် သည်။ ဆရာကောင်းတို့မည်သည် မိမိတို့၏တပည့် မှန်သမျှကို မှန်ကန်ကောင်းမွန်သော လမ်းကြောင်း သို့သာ ပို့ဆောင်မြဲဖြစ်သည်။

ထို့ကြောင့် မယဒေဝလင်္ကာတွင် **"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင် မသိ၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"**ဟူ၍ တိကျခိုင်မာစွာ ရေးသားထားရှိ သည်။ ဆရာဟူသည် တပည့်ဖြစ်သူကို အပြစ်မြင် လျှင် မြင်သလို စိတ်တွင်မျိုသိပ်မထားဘဲ ဟုတ်တိုင်း မှန်ရာ နာနာကျင်ကျင်ဖြစ်အောင် ဆုံးမရသည်။ ထိုသို့ဆုံးမရာတွင် မေတ္တာကရုဏာထားရှိရသည်။ တပည့်ကောင်းကျိုး လိုလားသည့်စိတ်ရှိရမည်။ သို့မှ သာ ဆရာဟုမည်ထိုက်၏။ ဆရာတို့၏စေတနာ၊ ဝါသနာ၊ အနစ်နာတို့ကြောင့် တပည့်များသည် ပညာ ဂုဏ်နှင့် လောကအလယ် ဝင့်ထည်နိုင်ကြသည်။ ဆရာတို့၏ကျေးဇူးမှာ နှိုင်းဆမရှိအောင် ကြီးမားလှ သည်။ ထို့ကြောင့် ဆရာကို အနန္တောအနန္တ ငါးပါးတွင် တစ်ပါးအဖြစ် သတ်မှတ်ထားကြသည်။

ဆရာဆိုသော ဂုဏ်ထူးဝိသေသတွင် ဆရာမတို့ သည်လည်း အလိုလိုပါဝင်ပြီးဖြစ်သည်။ ဆရာဆိုသည် မှာ နောင်အနာဂတ်၏ မီးရှူးတန်ဆောင်အလင်းရောင် လည်းဖြစ်သည်။ အလင်းပြာနေသော ဖယောင်းတိုင် မှ မီးကူးသောအခါ ဖယောင်းတိုင်မှာ ငြိမ်းမသွား သကဲ့သို့ ဆရာတို့၏ဂုဏ်သိက္ခာမှာလည်း လျော့နည်း သွားခြင်းရှိမည်မဟုတ်ပေ။ လောကုတ္တရာအကျိုး၊ လောကီအကျိုး၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးကိုပေးစွမ်းနိုင်သည့် ဆရာမြတ်တို့၏ ဂုဏ်ကျေးဇူးကား တုနှိုင်းစရာ မမြင်လောက်အောင် ပင်ဖြစ်သည်။ ဤလောကတွင် လိမ္မာယဉ်ကျေးစေရန် တတ်မြောက် သိမြင်အပ်သောပညာများစွာရှိသည်။ ထိုပညာများကို မည်သူကိုမျှလည်းမမေး၊ မည်သူ့ထံ မှလည်း မသင်ယူဘဲနှင့် တတ်မြောက်မည်မဟုတ် ပေ။ နည်းလမ်းညွှန်ပြ သွန်သင်ပြနိုင်သူဆရာထံ သွားရောက်ကာ ရိုသေကျိုးနွံစွာ သင်ယူလေ့လာကြ ရမည်ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာစကား တွင် ဆရာမပြ ငါးပိဖုတ်ပင် နည်းမကျဟု ပြောဆို ခြင်းဖြစ်သည်။

မျက်မှောက်ကာလ ၂၁ ရာစုကို ပညာခေတ်ဟု သတ်မှတ်ထားရာ ပညာနှင့်မခွဲမခွာအမြဲယှဉ်တွဲ နေသည်မှာ ပညာကိုဖြန့်ဝေပေးနေသော ဆရာဖြစ် သည်။ ဆရာသည် အမြင့်မြတ်ဆုံးသောဥယျာဉ်မှူး လည်းဖြစ်သည်။ အကြီးကျယ်ဆုံးသော ဗိသုကာ လည်းဖြစ်သည်။ အနူးညံ့ဆုံးသော အနုပညာလည်း ဖြစ်သည်။ စေတနာအကောင်းဆုံးသော အလှူရှင် လည်းဖြစ်သည်ဟူ၍ တင်စားကြသည်။ ထိုတင်စား ချက်များမှာ လုံးဝမှန်ကန်သောအချက်များဖြစ်သည်။ ပညာသမာ အာဘာနတ္ထိ-ပညာနှင့်တူသော အလင်း ရောင်မရှိဟုဆိုထားပေရာ ပညာများကို ဖြန့်ဖြူးနေ သောဆရာ၏အလုပ်ကဲ့သို့ မွန်မြတ်သောအလုပ် ဟူ၍ရှိနိုင်မည်မဟုတ်တော့ပါ။ ထို့ကြောင့် စာရေးသူ က "တန်ဖိုးကြီးမား မြတ်ဆရာများ"ဟု ဂုဏ်ပြု ခြင်းဖြစ်သည်။

ကမ္ဘာမြေ၏ ငြိမ်းချမ်းသာယာမှုတို့သည် ဆရာတို့ လက်၌သာရှိသည်။ ဖြူစင်သောနှလုံးသားဖြင့် လောက ကိုအလှဆင်နေသူများဖြစ်ကြသည်။ ဆရာတို့သည် တပည့်များကို ဘဝချာအောင်လုပ်သူများမဟုတ်၊ ဘဝ သာအောင် လုပ်ဆောင်ပေးသူများဖြစ်သည်။ လမ်း ပျောက်နေသောတပည့်များကို လမ်းဖောက်ပေးသူ များဖြစ်သည်။ အနာဂတ်အတွက် ဆီမီးတိုင်အသစ် များ ထောင်သောင်းမက လက်ဆင့်ကမ်းထွန်းညှိကာ အလင်းတံခါးဖွင့်ပေးသူများဖြစ်သည်။ ဆရာကို တန်ဖိုးထားကြရမည်။ ဆရာ့အပေါ်တွင် စိတ်ဖြင့်ပင် ပြစ်မှားကျူးလွန်ခြင်းမပြုသင့်ပေ။ **ဆရာကိုပယ်၊ ကိုယ်ဝယ်လုံ့ရှူး၊ အထူးမျက်မှောက်၊ မန္တာန်ပျောက်နှင့်၊ အုတ်ကျောက်ခဲပြို၊ မြေခွဲမျို၍၊ ဤကိုယ်ဒိဋ္ဌ၊ ဒုက္ခ ဖြစ်ကြောင်း၊ ထုံးဟောင်းထင်စွာ၊ ကျမ်းဂန္ထလာ၏** အဆိုရှိသည်။


သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ဆရာကောင်း၏အင်္ဂါရပ်များကို ဟောကြားတော်မူ ရာတွင် "အကျင့်သီလနှင့်ပြည့်စုံပြီး ချစ်မြတ်နိုးဖွယ် ရှိရမည်။ သမာဓိနှင့်ပြည့်စုံပြီး အလေးဂရုပြုဖွယ်ရာ ဖြစ်ရမည်။ ပညာနှင့်ပြည့်စုံပြီး အလေးဂရုပြုဖွယ်ရာ ဖြစ်သည်။ တပည့်များအပေါ် မသင့်မလျော် ပြောဆို ပြုမူသည်ကို တွေ့မြင်လျှင် လျစ်လျူမရှု၊ ကြောင့်ကြ ပြုပြီး ပြောဆိုဆုံးမနိုင်ရမည်။ သူတစ်ပါးတို့၏ ပြစ်တင် ပြောဆိုမှုဟူသမျှကို သည်းခံနိုင်ရမည်။ နက်နဲသော တရားစကားကို ပြောကြားနိုင်ရမည်။ တပည့်များ မသင့်လျော်၊ မလျောက်ပတ်သောအရာတို့တွင် ခိုင်းစေခြင်းမပြုရ"ဟု ဟောကြားတော်မူထားပါသည်။

လောကကြီးတွင် တတ်သိစရာ၊ ဆင်ခြင်တွေးတော စရာ များလှသည်။ စက်မှုနည်းပညာများကလည်း လိုက်၍မမီနိုင်အောင် တိုးတက်လျက်ရှိသည်။ အသက်မွေးမှုပညာရပ်များကလည်း ထွေပြားလှသည်။ အတွေးအခေါ်ပညာများကလည်း ခေတ်နှင့်အညီ ပြောင်းလဲလျက်ရှိသည်။ များပြားလှသော ဤပညာရပ် များတို့မှာ ခေတ်မီလောကသစ်ကြီး တည်ထောင်ရာ တွင် လမ်းညွှန်ချက်များပင်ဖြစ်သည်။ ထိုပညာရပ်များ ကို မဖြစ်မနေသင်ကြားကြရမည်ဖြစ်သည်။ သို့မှသာ မိမိတို့နေထိုင်ရာဒေသ၊ တိုင်းပြည်၊ နိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင် ဆရာကောင်းများ လိုအပ်နေပြီဖြစ်သည်။

ဆရာတို့၏အရေးပါအရာရောက်ပုံ၊ မြင့်မြတ်ပုံ တို့ကို ကမ္ဘာ့လူသားများ သတိထားမိစေရန် ဖော်ကျူး ဂုဏ်ပြုရန် လိုအပ်လာပြီဖြစ်သည်။ ထို့ကြောင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့ချုပ် (ILO) တို့က ၁၉၉၄ ခုနှစ်မှစ၍ အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများ နေ့ဟု သတ်မှတ်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီး သို့လည်း ဆရာများ၏ဂုဏ်ကျေးဇူးကို ဖော်ကျူး သည့်အနေဖြင့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပပေးကြရန် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ဆရာ များနေ့အခမ်းအနားကို ပညာရေးဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ နိုင်ငံတော် အဆင့် စတင်ကျင်းပခဲ့ရာ ယခု ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့သည် ၂၁ နှစ်မြောက် ကမ္ဘာ့ဆရာများနေ့ဖြစ်သည်။ ဆရာဟူသည် သင်ကြားပို့ချသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်ပညာလုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ၊ စဉ်းစား၊ ချင့်ချိန်ဆုံးဖြတ်တတ်သူ ပညာရှိဖြစ်ပေရာ **တန်ဖိုးကြီးမား မြတ်ဆရာများ**အား လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရိုသေလေးစားစွာ ဂါရဝပြုပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# အနှစ်

ဝင်းမင်း(ဖန်ခါးမြေ)



(၁)

မွန်းလွဲ နှစ်နာရီခန့်၌ ဇင်မာခိုင်တို့ အိမ်ဘက်တွင် လူများစုစုရုံးရုံးနှင့် ဆူညံနေကြသောကြောင့် ဘာများဖြစ်လို့ပါလိမ့်ဟု စိတ်ထဲတွေးပူမိသည်မို့ တိုက်လက်စမီးပူကို ခလုတ်ပိတ်ကာ မြမိုးလွင် ဇင်မာခိုင်တို့အိမ်ဘက် ထွက်လာခဲ့သည်။

ဇင်မာခိုင်တို့အိမ်က မြမိုးလွင်တို့အိမ်နှင့် မျက်စောင်းထိုးတွင်ရှိသည်။ ဇင်မာခိုင်တို့အိမ်ရောက်တော့ ပန်းစည်းနှင့် ကိတ်မုန့်လာပေးသော မျက်နှာစိမ်း ဝန်ထမ်းနှစ်ဦးနှင့်အတူ ဇင်မာခိုင်ကိုတွေ့ရသည်။ ဇင်မာခိုင်၏ ပြုံးရွှင်နေသောမျက်နှာကို မြင်တွေ့ရတော့မှပဲ မြမိုးလွင် အပူစိတ်လျော့ပါးသွားခဲ့သည်။

"ဆူဆူညံညံနဲ့မို့ ဘာများဖြစ်လို့ပါလိမ့်လို့ ထွက်လာတာ ဇင်မာရေ"

မြမိုးလွင်ကိုမြင်လိုက်တော့ ဇင်မာခိုင်မျက်နှာက ပိုပြီးပြုံးရွှင်သွားသည်။

"အိမ်ကလူကြီးပေါ့ မြမိုးရယ်။ တို့နှစ်ယောက်ရဲ့ မင်္ဂလာသက်တမ်းနှစ်နှစ်ပြည့်မှာ ငါ့ကိုစပရိုက်လုပ်တာတဲ့အေ။ ဒီမှာ ပိုက်ဆံငါးသိန်းပါတဲ့ ပန်းစည်းရယ်၊ စိန်နားကပ်တစ်ရန်ရယ်၊ ရွှေလော့ကတ်သီးလေးရယ်၊ ဟော့ဒီက မင်္ဂလာနှစ်ပတ်လည်(Anniversary)ကိတ်ကြီးရယ်လေ"

မြမိုးလွင်ကိုပြောနေသော ဇင်မာခိုင်၏လေသံက ဂုဏ်ယူဝင့်ကြွားစွာဖြင့်-

"ခရီးကပြန်လာမှ သင်းကိုဆူရအုံးမယ်။ ပိုက်ဆံတွေအများကြီးအကုန်ခံပြီး စပရိုက်လုပ်ပေးရပါ့မလားဆိုပြီးတော့ ဟင်း ဟင်း"

ဇင်မာခိုင်က သူ့အမျိုးသား ကိုဇေယျာထွန်းကို စိတ်ဆိုးသယောင်ပြောနေသော်လည်း သူ့လေသံ၊ သူ့မျက်နှာက စပရိုက်လုပ်ပေးခြင်းအတွက် ဝမ်းသာဂုဏ်ယူစိတ်ဖြင့် ကျေနပ်ပီတိဖြစ်နေသည်ကို ဖုံးဖိမရပါ။ ကိုဇေယျာထွန်းက ဇင်မာခိုင်အပေါ် တန်ဖိုးထားပြီး ချစ်ခင်သည်ကိုတွေ့မြင်ရတော့ သူတို့ဇနီးမောင်နှံအတွက် မြမိုးလွင်လည်း ဝမ်းသာရသည်။

"ဇင်မာရယ် ကိုဇေယျာထွန်းက ချစ်လို့၊ မြတ်နိုးလို့ စပရိုက်လုပ်ပေးတာပဲ ဘာဆူစရာရှိလို့လဲ။ ပိုက်ဆံတွေဖြုန်းပစ်တာမှမဟုတ်တာ။ ဇင်မာအတွက် လက်ဝတ်လက်စားတွေစုမိတာပေါ့ကွယ်"

"အင်းပါ မြမိုးပြောတာလဲ ဟုတ်ပါတယ်။ ဇင်မာမဆူတော့ပါဘူး"

"ဒါနဲ့ ကိုဇေယျာထွန်းက ဘယ်သွားတာလဲ ဇင်မာ"

စပရိုက်လုပ်ပေးသော ကိုဇေယျာထွန်းကို မမြင်မိ၍ မြမိုးလွင် ဇင်မာခိုင်ကိုမေးလိုက်သည်။

"ကျိုင်းတုံဘက် သူ့လုပ်ငန်းတိုးချဲ့ဖို့အတွက် မြေနေရာသွားကြည့်တာတဲ့လေ။ ငါက ဒီကလုပ်ငန်းနဲ့တင်ကို သူပင်ပန်းနေပြီပြောတာမရဘူး။ စီးပွားဆိုတာ ငယ်တုန်းရှာထားမှတဲ့လေ။ သူက စီးပွားရေးမျက်စိသိပ်ရှိတာ မြမိုးရဲ့။ ဒါပေမဲ့ ကိုယ်ကတော့ သူပင်ပန်းမှာ စိုးလို့ပါ ဟင်း ဟင်း"

သူများယောက်ျားတွေများ စီးပွားရေးလည်း အရှာကောင်း၊ မိန်းမအပေါ်လည်း ရို(ရိုမန့်တစ်)တတ်ဆိုတော့ သိပ်အားကျဖို့ ကောင်းလိုက်တာ။

မြမိုးလွင် ဇင်မာခိုင်တို့လင်မယားကို အားကျစိတ်ဖြစ်မိရသည်။

(၂)

ဇင်မာခိုင်တို့ အိမ်ဘက်ကပြန်လာတော့ မြမိုးလွင်စိတ်ထဲမှ ဒေါသငွေ့လေးပါလာသည်။

ဒေါသငွေ့ဦးတည်ရာက အိမ်က လင်တော်မောင်ကိုရေခဲတုံးကြီးဆီ။ အိမ်ထောင်သက်တမ်း ငါးနှစ်ထဲ ရောက်လာသော်လည်း သူများယောက်ျားများကဲ့သို့ စပရိုက်လုပ်ပေးရကောင်းမှန်းမသိ၊ ရို(ရိုမန့်တစ်)ရကောင်းမှန်းလည်းမသိ၊ အလုပ်ဆိုလည်း လေ့နံ့ခါးထစ် တစ်သမတ်တည်း ရုံးအလုပ်တစ်ခုပဲ လုပ်တတ်သူ။

"ဟင်း ညနေရုံးကပြန်လာမှ သင်း တွေ့အုံးမယ်"

အခုလောလောဆယ်တော့ မြမိုးလွင်တစ်ယောက် ထွက်နေသောဒေါသကို အဝတ်အစားတွေပေါ် ပုံချကာ မီးပူဖြင့် နာနာဖိထိုးပစ်လိုက်သည်။

(၃)

"မြမိုးရေ ကို ပြန်လာပြီ"

ရုံးမှပြန်လာသော လင်းဆွေ၏ နှုတ်ဆက်စကားသံ။

"အဲဒါ ဘာလုပ်ရမှာတုံး"

လင်တော်မောင် လင်းဆွေကို မျက်နှာစူပုပ်ပုပ်၊ အသံစူအောင့်အောင့်ဖြင့် မြမိုးလွင်ကြိုဆိုလိုက်သည်။

"ဟောဗျာ ဒါက ဘယ်လိုဖြစ်ရတာတုံး မြမိုးရ"

လင်းဆွေကတော့ ဒေါသနည်းသူပီပီ ဘာတွေအလိုမကျဖြစ်နေမှန်းမသိသော မြမိုးလွင်ကို ပြုံးစစကြည့်၍ လေအေးအေးဖြင့် မေးနေသည်။

"သူများသားသမီးကို ယူထားပြီး စိတ်ချမ်းသာအောင်၊ ပျော်အောင် မထားဘူး"

"ဟောဗျာ ကိုက မြမိုးကို စိတ်ဆင်းရဲအောင် ဘာတွေများ လုပ်နေလို့လဲ မြမိုးရဲ့"

"စိတ်ဆင်းရဲအောင် မလုပ်ပေမဲ့ စိတ်ချမ်းသာအောင်၊ ပျော်အောင် ထားရမှာပေါ့"

မြမိုးလွင်စကားတွေကို လင်းဆွေနားမလည်ပါ။

"မြမိုးပြောတာတွေ ကိုနားမလည်ဘူး မြမိုးရယ်။ ကို့ကိုရှင်းအောင်ပြောစမ်းပါကွာ။ ကို့ကြောင့် မြမိုး ဘာတွေများ စိတ်ဆင်းရဲစရာ တွေ့နေပါလိမ့်"

"ဒီနေ့ ရှေ့အိမ်က ဇင်မာခိုင်ကို သူ့အမျိုးသား ကိုဇေယျာထွန်းက မင်္ဂလာသက်တမ်း နှစ်နှစ်ပြည့် အထိမ်းအမှတ်ဆိုပြီး ဇင်မာမသိအောင် ပိုက်ဆံ ပန်းစည်း၊ စိန်နားကပ်၊ လော့ကတ်သီးတွေနဲ့ စပရိုက်လုပ်ပေးတယ်သိလား။ ဇင်မာခိုင်လဲ သူ့အမျိုးသားက စပရိုက်လုပ်ပေးလို့ သိပ်ပျော်နေတာ။ သူ့အမျိုးသားက သိပ်ရိုတတ်တာပဲ။ အားကျဖို့ကောင်းလိုက်တာ။ ဇင်မာ သိပ်ကံကောင်းတာပဲ"

"ရိုတယ်ဆိုတာဘာလဲ မြမိုးရဲ့"

ရိုတယ်ဆိုသည်ကို မသိသောယောက်ျားဖြစ်သူကို မြမိုးလွင် စိတ်ပျက်ပျက်နှင့်ကြည့်လိုက်သည်။ လင်းဆွေမျက်နှာက တကယ်နားမလည်သည့်ပုံ။

"ရိုတယ်ဆိုတာ ရိုမန့်တစ်ဆန်တာ၊ စိတ်ကူးယဉ်တတ်တာ၊ ချစ်တတ်တာကိုပြောတာ ကိုလူရိုးကြီးရဲ့"

မြမိုးလွင်က လင်းဆွေကိုခပ်ငေါ့ငေါ့ပြောလိုက်သည်။

"မြမိုးလဲ ကိုယ့်ယောက်ျားက စပရိုက်လုပ်တာ၊ ရိုတာကို ခံချင်တာပေါ့လို့"

မြမိုးလွင်ဘာဖြစ်နေလည်းဆိုသည်ကို လင်းဆွေလည်း အခုမှနားလည်တော့သည်။

"မြမိုးရယ် စပရိုက်လုပ်တယ်ဆိုတာကလဲ တဒင်္ဂပျော်ရွှင်မှုပဲဖြစ်စေတာပါ။ ကိုက မြမိုးကိုထာဝရပျော်ရွှင်အောင် ထားပေးသွားမှာပါ။ ကိုစပရိုက်မလုပ်တတ်တာမဟုတ်ပါဘူး။ စပရိုက်ဆိုတာကလဲ အမျိုးမျိုးရှိတတ်ပါတယ်။ ပျော်ရွှင်မှုကြောင့် စပရိုက်ဖြစ်ရသလို ဝမ်းနည်းမှုကြောင့်လည်း စပရိုက်ဖြစ်ရတတ်ပါတယ်။ ကိုကတော့ မြမိုးကိုစိတ်ငြိမ်းချမ်းစေမဲ့ ပျော်ရွှင်မှုတွေပဲပေးချင်တယ်။ ကို မြမိုးကိုစပရိုက်မလုပ်ပေးဖြစ်ပေမဲ့ ကိုရဲ့မေတ္တာတွေကိုတော့ မြမိုးကို ကိုထာဝရပေးသွားမှာပါ။ ကို့ခင်ပွန်းရဲ့ ချစ်ခြင်းမေတ္တာတရားတွေကို စပရိုက်လုပ်ပေးတာ၊ မလုပ်ပေးတာတစ်ခုနည်းနဲ့ မဆုံးဖြတ်ပါနဲ့ မြမိုးရယ်"

စကားဆုံးတော့ လင်းဆွေက မြမိုးလွင်ကို ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်သည်။ လင်းဆွေစကားများက မှန်နေသည်မို့ မြမိုးလွင်မငြင်းသာသလို ရင်ခွင်ထဲမှလည်း မရုန်းသာခဲ့ပါ။

(၄)

"မြမိုးရေ မြမိုး အီး ဟီး"

ငိုသံပါကြီးနှင့် အိမ်ရှေ့မှ အော်ခေါ်နေသော ဇင်မာခိုင်အသံကြောင့် မြမိုးလွင် ဟင်းချက်နေရာမှ ထိတ်လန့်စွာဖြင့် အိမ်ရှေ့သို့ ပြေးထွက်လာခဲ့သည်။

"ဘာများဖြစ်လို့လဲ ဇင်မာရယ်။ မထိတ်သာ၊ မလန့်သာရှိလိုက်တာ"

ဘယ်လောက်ထိ ငိုထားတယ်မသိ ဇင်မာခိုင့်မျက်လုံးတွေက နီရဲမို့အစ်နေသည်။

"ကိုဇေယျာ ကိုဇေယျာ အဟင့်"

"ကိုဇေယျာထွန်း ဘာဖြစ်လို့လဲ ဇင်မာ"

"သူ နောက်မိန်းမယူသွားပြီ"

"ဘာ"

မြမိုးလွင် အံ့အားသင့်သွားရသည်။ ယုံလည်း မယုံကြည်နိုင်။ တစ်နေ့ကပဲ ဇင်မာခိုင်ကို စပရိုက်လုပ်ပေးနေတာ ကိုယ်တိုင်မြင်တွေ့ခဲ့ရတာပဲလေ။

"တစ်နေ့ကပဲ ဇင်မာတို့ မင်္ဂလာသက်တမ်းနှစ်နှစ်ပြည့်အထိမ်းအမှတ် စပရိုက်တောင် လုပ်ပေးခဲ့တယ်မဟုတ်လား။ သေကောသေချာရဲ့လား ဇင်မာရယ်။ အထင်မှားတာဖြစ်နေပါအုံးမယ်"

"မမှားဘူး မြမိုး။ သူခရီးသွားတာကြာနေတာနဲ့ အလုပ်ကိစ္စမပြီးသေးဘူးလား ပြန်လာတော့လို့ ပြောတော့ သူပြန်မလာတော့ဘူး။ အခု ထိုင်းနိုင်ငံဘက်ရောက်နေပြီ။ ပြီးတော့ သူ့အလုပ်က မိန်းကလေးနဲ့ ချစ်ကြိုက်မိရာကနေ ငြိစွန်းခဲ့ပြီး ကောင်မကလေးမှာလဲ သူနဲ့ရတဲ့ကိုယ်ဝန်ရှိနေပြီမို့ ကောင်မကလေးကို သူက ခိုးပြေးလာတာတဲ့။ သူ့ကိုမေ့လိုက်ပါတော့တဲ့။ တစ်နေ့က စပရိုက်လုပ်ပေးတဲ့ပိုက်ဆံနဲ့ ပစ္စည်းလေးတွေကိုရောင်းချပြီး ဘဝကိုဆက်ပါတဲ့။ လုပ်ရက်လိုက်တာ မြမိုးရယ်။ ဇင်မာတော့ ဘဝပျက်ပါပြီ"

ဇင်မာခိုင်ထံမှ မမျှော်လင့်သောစကားကြောင့် မြမိုးလွင်ဆွံ့အနေမိသည်။ ဇင်မာခိုင်ကို ဘယ်လိုနှစ်သိမ့်ရမည်ပင်မသိ။ ဘယ်လောက်ပဲရိုတတ်ပါစေ၊ စပရိုက်လုပ်တတ်ပါစေ၊ ငွေရှာကောင်းနေပါစေ ထိုယောက်ျားသည် အိမ်ထောင်တစ်ခု၏အနှစ်ဖြစ်သည့် သစ္စာတရား၊ မေတ္တာတရားများရှိမနေလျှင် အလကားပင်ဖြစ်လိမ့်မည်ဟု ဇင်မာခိုင်တို့လင်မယား၏အဖြစ်ကို ကြည့်ပြီး မြမိုးလွင် လက်တွေ့ဆန်ဆန်တွေးလိုက်မိသည်။

"မြမိုးကတော့ ကံကောင်းပါတယ်။ အသောက်အစား၊ အပျော်အပါး၊ အလောင်းအစားအဆုံး ကင်းရှင်းတဲ့ ကိုလင်းဆွေလို လူရိုးလူအေးနဲ့ ဆုံဆည်းခွင့်ရခဲ့တာ။ ဇင်မာလေ အိမ်ဘက်ကနေပြီး မြမိုးတို့ ဇနီးမောင်နှံ စုံတွဲလေးကိုကြည့်ပြီး အားကျခဲ့ရတာပါ မြမိုးရယ်"

"ဪ. . . ဇင်မာရယ်"

(၅)

"မြမိုးရေ ကို ပြန်လာပြီ"

မြမိုးလွင်ညည့်ခန်းတွင် ရေဖန်ခွက်လေးကိုင်ပြီး ရုံးကပြန်လာသော လင်းဆွေကို ပြုံးပြုံးလေး ကြိုဆိုနေသည်။

"အမယ် ငါ့မိန်းမ ဒီနေ့ လကုန်ရက် လစာအပ်မှာမို့ ယောက်ျားကို ရေချိုတော်နဲ့ ဆီးကြိုဆက်သနေတာပေါ့လေ"

လင်းဆွေစမှ မြမိုးလွင်ရှက်သွားမိသည်။ မြမိုးလွင်က သည်နေ့ လစာထုတ်ရက်မှန်းပင် သတိမရ။ ကိုယ့်အတွေးနှင့်ကို လင်းဆွေကိုကြိုနေမိခြင်းဖြစ်သည်။

"လစာထုတ်ရက်မို့ ဒီလိုကြိုတာမဟုတ်ပါဘူးနော်။ မြမိုးကို အမြဲတမ်းစိတ်အေးချမ်းစေတဲ့ ပျော်ရွှင်မှုအေးအေးလေးတွေပေးတဲ့ အစ်ကို့ကို မြမိုးကလဲ

စာမျက်နှာ ၂၅ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၁၀၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၁၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၀၈၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၀၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးကာလ ယင်းမာပင်ခရိုင်မှာ ငရုတ် ၁၀၈၅ ဧကစိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ၁၁၀၈ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ ငရုတ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၀၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၆၈၅ ဧကနှင့် ပုလဲမြို့နယ်တွင် ၂၂ ဧက စုစုပေါင်း ၁၁၀၈ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၇၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၆၉၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၂၀ စုစုပေါင်း ၁၀၈၅ ဧကဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်တွင် ငရုတ်ကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၀၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်သီးနှံ အထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်းရရှိအောင် စိုက်ပျိုးရန်၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ဝါးကျွန်းကံ(နောက်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မလှိုင်မြို့နယ် ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(နောက်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်ခင်မာလွင်(နည်းပညာ)နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(နောက်)ကျေးရွာတွင် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(နောက်) ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၃၉၇၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ တတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**



➤ စာမျက်နှာ ၂၄ မှအဆက်

ကြင်ကြင်နာနာနဲ့ ရေချိုးအေးအေးလေးတွေ ဆက်သတာပါနော်"

"ဟုတ်ပါပြီဗျာ။ ဘယ်လိုပဲဖြစ်ဖြစ် ကို အမောပြေရတာပေါ့ မြမိုးရယ်"

လင်းဆွေ မြမိုးလွင်တိုက်သော ရေအေးအေးလေးကို အကုန်မော့သောက်ပစ်လိုက်သည်။ ရင်ထဲတွင် အမောပြေအေးမြသွားသည်။

"ရော့ မြမိုး ကို့လစာ"

"မြမိုးကို အကုန်မအပ်နဲ့လေ။ အစ်ကိုသုံးဖို့လဲ ချန်ထားအုံးမှပေါ့"

"ယူထားပါ မြမိုးရယ်။ ကို လိုတော့ မြမိုးဆီက ယူသုံးမှာပေါ့"

လက်ထပ်ပြီးကတည်းက ဇနီးဖြစ်သူကို လစာတစ်ပြားမကျန်အပ်လေ့ရှိသော လင်းဆွေကို မြမိုးလွင်ငေးကြည့်နေမိသည်။ အိမ်နှင့် အလုပ်မှာပဲ အချိန်ကုန်တတ်လေ့ရှိပြီး ကိစ္စမရှိလျှင် အပြင်ထွက်လေ့မရှိဘဲ မိသားစုကို ခင်တွယ်လွန်းသောလင်းဆွေကို မြမိုးလွင်သနားသလိုပင် ဖြစ်မိသည်။ ခင်ပွန်းကောင်းပီသသောလင်းဆွေကို လေးစားချစ်ခင်စိတ်လည်း ဖြစ်ရသည်။

"ဒီမိန်းမ ဒီနေ့တော့ မဟုတ်တော့ပါဘူး။ ယောက်ျားကို တမေ့တမြောငေးနေပြန်ပြီ။ ကို ဗိုက်ဆာနေပြီမြမိုးရဲ့ ထမင်းစားတော့မယ်"

"အဆင်သင့်ပါပဲ အစ်ကိုရယ်"

"ဒါဆို မြမိုးထမင်းဝိုင်းပြင်ထားလိုက်။ ကို ရေချိုးလိုက်မယ်"

လင်းဆွေ ရေချိုးနေတုန်း မြမိုးလွင် ထမင်းဝိုင်းပြင်လိုက်သည်။ ပြီးတော့ လင်းဆွေ ရေချိုးပြီးဝတ်ရန် အိမ်နေရင်းအဝတ်အစားတစ်စုံ ထုတ်ထားလိုက်သည်။ ရေချိုး၊ အဝတ်အစားလဲပြီးတော့ မြမိုးလွင်ပခုံးကို ခပ်ဖွဖွလေးဖက်၍ လင်းဆွေ ထမင်းစားခန်းထဲဝင်ခဲ့သည်။ ခဏနေတော့ ထမင်းဝိုင်းမှ လင်းဆွေအသံပျံ့လွင့်လာသည်။

"ရော့ ဒါက မြမိုးကြိုက်တဲ့ ဘဲဥအနှစ်"

မြမိုးလွင်ကတော့ လင်းဆွေထည့်ပေးတာ ဘဲဥအနှစ်လို့ မမြင်ပါ။ အိမ်ထောင်တစ်ခု၏ အနှစ်သာရဖြစ်သော သစ္စာတရား၊ မေတ္တာတရားနှင့် ကြင်နာမှု၊ ညှာတာမှုဟုပဲ မှတ်ယူနေမိတော့သည်။

## မေတ္တာလက်ကမ်း တွဲယှက်လှမ်း

\- ရပ်ဝန်းကျင် လူ့ဘောင်ထဲ
ကောင်းဆိုးတွဲ ယှဉ်လျက်သာ၊
အားပြိုင်ရာ သတိချပ်ရင်း
တည့်မတ်ရမှာ၊
ကွဲပြားလို့ အမြင်ကြည်လာ
စိတ်ချမ်းသာ ဇောမနှောင့်၊
အဆိုးတွေ အကောင်းဖြစ်လို့
အကြောင်းလှစ်ဖွေ ရှေ့ဆက်လှမ်း
လမ်းဖြောင့်ရင်းဖြောင့်။

\- ဆန္ဒတွေ ကောက်ကြောင်းထပ်
တစ်ဖက်သတ် ကြောင်းထိုထို၊
မတူညီ အမြင်တွေကြား
စည်းမခြားစေလို၊
အမြင်မှားတွေ့ လမ်းပြဆို
မေတ္တာပို ဖေးမကမ်း၊
အစွန်းဝင် အမှားရှိလည်း
ပြုပြင်ကာ လမ်းမှန်သိဖို့
ထိန်းညှိရင်းလှမ်း။

\- အရာရာကောင်းစိတ်ထားလို့
ကိန်းအောင်းပွား လျှောက်လှမ်းပါ၊
"မေတ္တာ"သည်သာ အောင်နိုင်ခြင်းမို့
ဘေးကင်းရန်ကွာ၊
ကရုဏာနဲ့ မုဒိတာ
ဆင့်ထပ်ကာ ရင်ဝယ်ထား၊
ဘဝတစ်ကွေ့မှာ
ခဏတွေ့လာ ရပ်တည်ဆုံခိုက်
မုန်းရိပ်မြုံ ဇောမြူမဖုံးရအောင်
ဖြူစင်ကြည် "ခန္တီနှလုံး"နဲ့
အပြုံးပန်းဆင် ချစ်ခြင်းလွှမ်းလို့
မေတ္တာယှဉ် တွဲလက်ကမ်း
လှမ်းကြစို့လား။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်မောက်ကျေးရွာတွင် ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၈ ဦးကို ရန်ပုံငွေကျပ် ၃၃၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးသူ**

# စင်ပေါ်ကစာအုပ်များ (၁၅)

**မန်းတင့်မော်**

ဆရာအောင်သင်း၏ သူ့အတွေး ကိုယ့်အမြင် စာအုပ်ပါစာ (ဆောင်းပါး)အားလုံးမှာ ဖတ်စရာ မှတ်စရာများ များလှပါသည်။ သူ့အတွေး ကိုယ့်အမြင်မှ ဆက်၍ စာဖတ်သူများ တွေးရန်၊ မြင်ရန်လည်း လမ်းစချပေးထားသည်ဟု ထင်မြင်မိပါသည်။ ဆရာအောင်သင်းက “အလုပ်ဆိုတာ”အမည်ရှိ ဆောင်းပါးတွင် အမေရိကန်ဟာသစာရေးဆရာ ရောဘတ်ဘင့်ချ်လေ (၁၈၈၉-၁၉၄၅)၏ အတွေးကို မြင်ပြထားသည်။ ထိုအတွေးမှာ “အလုပ်လုပ်နေရသည်ဟု မယူဆလျှင် ဘယ်အလုပ်ကို ဘယ်လောက်လုပ်ရလုပ်ရ လုပ်နိုင်ကြသည်”ဟူ၍ ဖြစ်ပါသည်။

လူတိုင်းလူတိုင်းပင် စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရသည်။ အတတ်ပညာနှင့် လုပ်သူရှိသည်။ အသိပညာနှင့် လုပ်သူလည်းရှိသည်။ မြန်မာဆိုရိုးတစ်ခုတွင် “အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ”ဟု မှတ်သားဖူးပါသည်။ အလုပ်လုပ်ကြရာတွင် မိမိ၏ဝါသနာနှင့်ကိုက်ညီသောအလုပ်ဖြစ်လျှင် ပျော်ရွှင်ဖွယ်ဖြစ်ပါသည်။ သို့သော် အလုပ်လုပ်နေသူတိုင်း ပျော်ရွှင်ကြရသည်မဟုတ်ပေ။ ဆရာ အောင်သင်းက အထက်ပါအတွေးစကို သဘောကျကြောင်း ဥပမာပေးရာတွင် ဖဲကစားသူနှင့် ဂေါက်ရိုက်သူများကို ပြဆိုပါသည်။ ဖဲကစားသူများ ညလုံးပေါက်ထိုင်ပြီး ကစားနိုင်ကြပုံ၊ ဂေါက်ရိုက်သူများကလည်း လမ်းလျှောက်သည့်ခရီးမှာ ရှည်လျားပုံ သို့သော်လည်း ပင်ပန်းသည်ဟု မထင်ကြပုံကိုလည်း ဆက်လက်ပြောပြပါသည်။ အလုပ်လုပ်နေရသည်ဟု မယူမှတ်သောကြောင့်ဖြစ်သည်ဟုလည်း ဆိုပါသေးသည်။

ဆရာက အလုပ်ဆိုင်ရာ နောက်ထပ်စကားစုကလေးကိုလည်း မျှဝေပြန်ပါသည်။ “ကိုယ်ကြိုက်တာလုပ်ရခြင်းဖြင့် ပျော်ရွှင်မှုကိုမရနိုင်၊ ကိုယ်လုပ်ရမည်ကို ကြိုက်မှသာ ပျော်ရွှင်မှုကို ရနိုင်သည်”ဟူ၍ဖြစ်ရာ ဝါသနာပါရာ ကြိုက်ရာထက် လုပ်ရသည့် သို့မဟုတ် လုပ်ရမည့်အလုပ်ကို ကြိုက်ရန်၊ ဝါသနာပါရန် လိုအပ်သည်ဟု နားလည်ရပါသည်။ ဆရာအောင်သင်းက “အနုပညာသမားများသည် အခြားသောအလုပ်သမားများနှင့်စာလိုက်သော် အလွန်ကံကောင်းသည်ဟု ထင်မြင်မိသည်”ဟု မြင်ထားပြန်သည်။ ပန်းချီပညာရှင်က ပန်းချီအလုပ်ထဲတွင်ပျော်မွေ့ပုံ၊ စာပေသမားကလည်း သူဖန်တီးထားသောအနုပညာလက်ရာကို ပြန်လည်အရသာခံစားနိုင်ခွင့်ရကြပုံတို့ကို ထပ်တူပြုထားပါသည်။ ဆောင်းပါးရှင် ဆရာအောင်သင်းကိုယ်တိုင် ရေးသားပြီး စာတိုပေစများကို အချိန်ကြာကြာမေ့လောက်ပျောက်လောက်ရှိနေပြီးမှ အမှတ်မထင်ပြန်တွေ့၍ ကောက်ဖတ်မိလျှင်ပင် အရသာတွေ့ပီတိဖြစ်ရသည်ကိုလည်း ဝန်ခံထားပါသည်။

အနုပညာရှင်အားလုံးကို မဆိုလိုသော်လည်း တချို့သောအနုပညာရှင်များမှာ ငွေကြေးအရ ချမ်းသာကြွယ်ဝမှုမရှိကြပါ။ သို့သော် သူတို့၏အနုပညာလုပ်ငန်းအပေါ် အလွန်ပင်သံယောဇဉ်ကြီးကြသည်။ အနုပညာလုပ်ငန်းလုပ်ဆောင်နေရလျှင် ထမင်းမေ့၊ ဟင်းမေ့ဆိုသည်ထက်ပိုသော၊ ဆွေမေ့ မျိုးမေ့ထိ ဖြစ်တတ်သည်။ သဘင်၊ ရုပ်ရှင်၊ တေးဂီတတစ်ခုခုတွင် ထင်ပေါ်ကျော်ကြားမှုရှိခဲ့လျှင် သို့မဟုတ် အနည်းငယ်သော အစွမ်းအစပြနိုင်ခဲ့လျှင်ပင် သူတို့ အလုပ်အတွက် ဂုဏ်ယူမဆုံးဖြစ်ကြရတော့သည်။ ငွေကြေးကိုမမက်မော။ ငွေကြေးကိုလည်း မှန်ကန်စွာ စီမံခန့်ခွဲမသုံးစွဲတတ်ပြန်လျှင်လည်း ဆင်းရဲဒုက္ခကြုံရလေ့ရှိပြန်သည်။ ထိုအချက်များမှာ ကမ္ဘာမှာရော မြန်မာမှာပါ ကြုံတွေ့နေကြရသော အနုပညာရှင်များ စွာရှိပါ၏။ တစ်ခေတ်တစ်ခါက မြန်မာပြည်တစ်နံတစ်လျား နှစ်ပေါက်သွားရောက်ကပြဖျော်ဖြေခဲ့ရသော နာမည်ရပြဇာတ်မင်းသားတစ်ဦးမှာ အရွယ်ကြီးရင့်၍ ဝင်ငွေမရှိတော့သောအခါ လုံခြုံရေးဝန်ထမ်းဝင်ရောက်လုပ်ကိုင်၍ အသက်မွေးနေရသည့်သတင်းကို လူမှုကွန်ရက်တွင် ဖတ်ရှုရရာ သံဝေဂယူဖွယ်ဖြစ်ပါသည်။ အနုပညာရှင်ပီပီ ကျရာအခန်းကဏ္ဍမှနေ၍ အနုပညာတာဝန်များထမ်းဆောင်လိုသေးသည်ဟူသော အင်တာဗျူးအဖြေကို ကြားရသောအခါလေးစားဖွယ်ဖြစ်ပါသည်။

ဆရာအောင်သင်း၏ ဆောင်းပါးတွင် ဆရာက ကျောင်းဆရာဘဝကို အလွန်နှစ်သက်ကြောင်းလည်း ပြောပြပါသေးသည်။ “စာသင်ရသည်ကို ဘယ်တော့မှ မငြီးငွေ့”ဟုလည်းဆိုသည်။ သူငယ်ချင်းကဗျာဆရာ တက္ကသိုလ်မင်းမော်က “တက္ကသိုလ်သင်ကြီး”ဟု ပြောင်တတ်ပုံ၊ ပုဂံကျောက်စာတွင် သံဃာတော်ကြီးများကို “သင်ဗြီ”ဟု ရေးထိုးရာမှ ဆရာအောင်သင်းကို စာသင်လွန်းသဖြင့် “သင်ဗြီ”ဟု ခေါ်တွင်ပုံတို့ကိုလည်း ပြောပြပါသေးသည်။ ဆက်၍ ဆရာက စာသင်ရုံသာမက စာရေးဆရာတစ်ယောက်ပါ ဖြစ်သောအခါ စာရေးရခြင်းကို ပျော်မွေ့သူလည်းဖြစ်နေပြန်သည်။ ဆရာက “စာသင်နေရခြင်းကိုဖြစ်စေ၊ စာရေးနေရခြင်းကိုဖြစ်စေ အလုပ်လုပ်နေရသည်ဟု ကျွန်တော် တစ်ခါဖူးမျှ မထင်ခဲ့ဖူးပါ”ဟုလည်း အလုပ်နှင့်ဝါသနာထပ်တူကျနေပုံကို အားကျဖွယ် ရေးသားထားပြန်သည်။

ဆရာအောင်သင်း အဟောအပြောကောင်းသည်ကို သိမီသူတိုင်း လက်ခံကြသည်သာဖြစ်သည်။ စာသင်ကြားပို့ချမှုကို ဝါသနာကြီးရာမှ စာသင်ခန်းသည် ဆရာ၏ အဟောအပြောလေ့ကျင့်ရေးကွင်းပြင်ဖြစ်လာခဲ့သည်ဟု ဆရာက သူ့အလုပ်ကို အားကစားသမားလုပ်ငန်းဖြင့် ထပ်တူပြုပါသည်။ လေ့ကျင့်မှုများများကို ပြုလုပ်ပြီးလျှင် ပွဲဝင်ရလေ့ရှိသည်။ လေ့ကျင့်မှုများလေ ပွဲဝင်လှလေ၊ အောင်ပန်းပန်ဆင်ရလေဖြစ်တတ်သည်။ ထိုအချက်ကို ဆရာအောင်သင်း၏ စာပေဟောပြောပွဲ ပွဲပေါင်းများစွာက သက်သေခံလျက်ရှိသည်။

ဆရာအောင်သင်း ကွယ်လွန်ပြီးသော်လည်း ဆရာ၏ စာပေဟောပြောပွဲတိတ်ခွေနှင့် စီဒီခွေများမှာ လူမှုကွန်ရက်စာမျက်နှာများတွင် နေရာယူလျက်ရှိနေဆဲ။ နားဆင်သူ မစဲသေးပါ။ ဆရာ၏ဆောင်းပါး အဆုံးသတ်တွင် “စာဖတ်သူကော ကိုယ်လုပ်နေရတဲ့ အလုပ်ထဲမှာ ပျော်မွေ့ပါရဲ့လား”ဟု မေးခွန်းထုတ်ထားပါသည်။ “လူဆိုတာ ကိုယ့်အတွက်တော့ တစ်ကွက်ချန်တတ်သည်”ဟု ဆိုခဲ့ပါသော ပန်းပန်လျက်ပါ ဝတ္ထုနှင့် ရုပ်ရှင်ထဲက ဆရာမကြီးခင်နှင်းယု၏ အတွေးအမြင်ကို လှမ်းသတိရမိပြန်ရာ ဆိုင်သည်မဆိုင်သည် ထားပါဦး။ မှန်မှန်ကန်ကန်ဖြေရန် ခက်ခဲမည့် မေးခွန်းတစ်ခုဟူ၍ ယူဆမိပါသည်။

လူသားတို့အပေါ်တွင် “ဗီဇနှင့် ပတ်ဝန်းကျင်”က အရေးတကြီး လွှမ်းမိုးလျက်ရှိသည်ဟု ပညာရှင်များက ဆိုမိန့်ခဲ့ကြပါသည်။ ထိုနှစ်ခုတွင် ဘယ်ဟာက ပိုအရေးကြီးသည်ဆိုခြင်းကိုလည်း ယနေ့တိုင် အငြင်းပွားလျက်ရှိနေသေးသည်။ ရှုထောင့်အမျိုးမျိုးဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ ဆောင်ရွက်နေဦးမည့် “ဗီဇနှင့်ပတ်ဝန်းကျင်”လည်း ဖြစ်နေပြန်ပါသည်။ ဤနေရာတွင် မျိုးရိုးပညာ၏ အခန်းကဏ္ဍကလည်း ရာနှုန်းများစွာပါဝင်နေလျက်ရှိပါသည်။ ဗီဇနှင့်ပတ်ဝန်းကျင်ဆိုင်ရာ စာအုပ်စာတမ်းများစွာကလည်း ထွက်ပေါ်ခဲ့၊ ထွက်ပေါ်ဆဲ၊ ထွက်နေဦးမည်ဖြစ်ရာ ကလေးသူငယ်ပြုစုပျိုးထောင်နေကြရသော မိဘနှင့်ဆရာများ မဖြစ်မနေ လေ့လာဖတ်ရှုမှတ်သားလိုက်နာရွက်ဆောင်ရမည့်အလုပ်ဟု ထင်မြင်မိပါသည်။ ဆရာအောင်သင်းမြင်သောအမြင်ကို ၁၈ ရာစုက ဗြိတိသျှကဗျာဆရာ ဝီလျံရှင်းစတုန်း၏ “သစ်ပွသား”အမည်ရှိ ကဗျာအတွေးစ တစ်စကို အခြေခံလျက် တင်ပြထားပါသေးသည်။

“လူမိုက်တို့သည် အချင်းချင်း ချစ်ကျွမ်းဝင်ကြကုန်၏။ သစ်ပွသားတို့ကို ကော်တွဲလျှင် ပို၍ မြဲကုန်သကဲ့သို့တည်း”ဟူသောအတွေးကို လက်ဆင့်ကမ်း၍ ဆရာအောင်သင်းက ဖွင့်ပါသည်။ စိတ်တူဝါသနာတူသူတို့ အချင်းချင်း ရင်းနှီးကျွမ်းဝင်ကြကြောင်း ဆက်၍ဆိုပါသည်။ ဆရာငယ်ငယ်ကျောင်းသားဘဝတွင် စာကြိုးစားသော ကျောင်းသားငယ်များနှင့် ပေါင်းသင်းရခြင်းထက် ခပ်ပေပေကျောင်းသားများနှင့် ပို၍ပေါင်းသင်းရခြင်းကို နှစ်သက်သာယာသည်ဟု ထင်ခဲ့ပုံကို ပြောပြန်ပါသည်။ ဆရာက “ပုထုဇဉ်လူသားတို့၏ စိတ်သဘာဝကိုက မကောင်းမှု၌ မွေ့လျော်တတ်သောကြောင့်တစ်ကြောင်း၊ ခပ်ပေပေကျောင်းသားတို့လှုပ်ရှားမှုများက သာမန်ကျောင်းသားတို့၏ ဘဝနှင့်မတူဘဲ စွန့်စားခန်းတွေ အဆန်းတကြယ်တွေပါနေတတ်သောကြောင့်တစ်ကြောင်းဖြစ်သည်ဟု အောက်မေ့မိပါသည်”ဟု မြင်တွေးပြန်သေးသည်။

ဆက်လက်၍ “ဗီဇနှင့်ပတ်ဝန်းကျင်”စာအုပ်ကို ရေးသားပြုစုခဲ့သော ဆရာကြီးဦးအေးမောင်နှင့် ဆွေးနွေးဖြစ်ပုံကို ပြောပြရာတွင်လည်း မှတ်သားဖွယ်ဖြစ်ပါသည်။ ကလေးတစ်ယောက် မကောင်းသည့်အပေါင်းအသင်းကြောင့် ပျက်စီးသွားနိုင်ပါသလားဟူသော မေးခွန်းကို ဆရာကြီး ဦးအေးမောင်က ပုံသေမပြောနိုင်ကြောင်း ပတ်ဝန်းကျင်ကြောင့်ချည်းမဟုတ်ဘဲ ပင်ကိုဗီဇသတ္တိကလေးကြောင့်လည်း ပျက်နိုင်ကြောင်း တွက်ဆပြပါသည်။ ဆရာအောင်သင်းတွင်လည်း ဤသို့သော ဗီဇသတ္တိပါနေသည်ဟုထင်ကြောင်း၊ ခပ်ပေပေကျောင်းသားများနှင့်ပေါင်းကာ ခပ်ပေပေတေတေနေပြီး အတော်လေးကြာကြာပျက်စီးခဲ့ဖူးသေးကြောင်း ရိုးသားစွာဝန်ခံထားရာ သတိပြုသင့်ပါသည်။

ဆရာအောင်သင်းက သူ၏ ဗီဇတွင် မကောင်းသော အကျင့်စရိုက်ရှိခဲ့နေခဲ့သော်လည်း မိဘများ၏ အဆုံးအမနှင့် ကိုယ်တိုင်စဉ်းစားထိန်းသိမ်းနိုင်ခဲ့ပါသည်။ ဤနေရာတွင် စာဖတ်ဝါသနာပါသောကြောင့် မကောင်းမှုနွံတွင် မနစ်ခဲ့၊ မစွဲမြဲခဲ့ကြောင်းဆိုရာ စာကောင်းပေမွန်များကိုဖတ်ရန် အလွန်အရေးပါကြောင်း မှတ်သားမိပါသည်။ စာကောင်းပေကောင်းကြောင့် ဘဝလမ်းကြောင်း ပြောင်းလဲတည့်မတ်၍ ကြီးပွားချမ်းသာသွားသူများအကြောင်းကိုလည်း မြန်မာ့စာပေနှင့် ကမ္ဘာ့စာပေများတွင် ရှာဖွေဖတ်ရှုသင့်ပါသည်။

ညီတော်အာနန္ဒာက ဘုရားရှင်အား “အပေါင်းအသင်းကောင်းတို့သည် မဂ်ဖိုလ်ကိစ္စ၏ထက်ဝက်ကို ပြီးစေနိုင်သည်ဟု ထင်ပါသည်”ဟု လျှောက်ထားရာ ဘုရားရှင်က “အာနန္ဒာ ဤသို့မဆိုလင့်၊ အပေါင်းအသင်းကောင်းတို့သည် မဂ်ဖိုလ်ကိစ္စကို အလုံးစုံပြီးစေနိုင်၏”ဟု မိန့်တော်မူခဲ့ပါသည်။

အပေါင်းအသင်းကောင်းတို့သည် မဂ်ဖိုလ်ကိစ္စကို အလုံးစုံပြီးစေနိုင်သည်ဟုဆိုပါလျှင် အပေါင်းအသင်းဆိုးတို့သည် အဝိစိကိစ္စကို အလုံးစုံပြီးစေနိုင်ကြောင်း အဖြေထွက်လာပါတော့သည်။ ဆရာအောင်သင်း၏ နိဂုံးက လူ့ဘဝပုစ္ဆာကို အဖြေမှန်ရောက်အောင် တွက်ပြလိုက်ခြင်းဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**❖ ဆရာအောင်သင်းက သူ၏ ဗီဇတွင် မကောင်းသော အကျင့်စရိုက်ရှိခဲ့နေခဲ့သော်လည်း မိဘများ၏ အဆုံးအမနှင့် ကိုယ်တိုင်စဉ်းစားထိန်းသိမ်းနိုင်ခဲ့ပါသည်။ ဤနေရာတွင် စာဖတ်ဝါသနာပါသောကြောင့် မကောင်းမှုနွံတွင် မနစ်ခဲ့၊ မစွဲမြဲခဲ့ကြောင်းဆိုရာ စာကောင်းပေမွန်များကိုဖတ်ရန် အလွန်အရေးပါကြောင်း မှတ်သားမိပါသည်။ စာကောင်းပေကောင်းကြောင့် ဘဝလမ်းကြောင်း ပြောင်းလဲတည့်မတ်၍ ကြီးပွားချမ်းသာသွားသူများအကြောင်းကိုလည်း မြန်မာ့စာပေနှင့် ကမ္ဘာ့စာပေများတွင် ရှာဖွေဖတ်ရှုသင့်ပါသည်။ ❖**

**ကိုးကား**


**၁။ အောင်သင်း သူ့အတွေး ကိုယ့်အမြင် ရွှေပွင့်စာအုပ်တိုက် ၂၀၀၈ နိုဝင်ဘာ**


## မောင်တောမြို့နယ် အောင်ဗလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မောင်တော အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အောင်ဗလကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် အောင်ဗလကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရွာတွင်းလမ်း အရှည် ပေ ၂၂၀၊ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မောင်တောမြို့နယ် အောင်ဗလကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၂၅ အိမ်၊ လူ ၄၉၇ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

**အထွေး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ ၁၁၂၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင်ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာသီးနှံ ၁၁၂၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် မိုးနေကြာသီးနှံ ၁၁၃၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၁၂၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ မိုးနေကြာဧက ၁၁၃၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၁၂၇ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ပါတယ်။ နေကြာသီးနှံကို မိုးမှာထက် ဆောင်းမှာ အဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်။ မိုးနေကြာစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းတဲ့မျိုးတွေ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် မိုးနေကြာသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၉၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၈၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၉၆ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၅၄ ဧက စုစုပေါင်း ၁၁၂၇ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၆၄ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၇၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၅၃ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၃၆ ဧက စုစုပေါင်း ၁၁၃၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုခရိုင်အတွင်း နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## မင်းပြားမြို့နယ် သင်္ဂဇာကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းနေမှု စစ်ဆေး

**မင်းပြား အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် သင်္ဂဇာကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ မင်းပြားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သင်္ဂဇာကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၁၂၂၃ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် တစ်ပေခြောက်လက်မ ကျေးရွာတွင်းလမ်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က ကျေးရွာတွင်းလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅၂၀၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှု၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ် ကြောင်း ခရိုင်ဦးစီးမှူး ဦးဦးကျော် ညွန့်ထံမှ သိရသည်။

**ကိုသန်း**

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၁၆၆၀ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၁၆၆၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၀၅၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၆၆၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးခရိုင်အတွင်း မိုးနှမ်း ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ မိုးနှမ်းဧက ၃၁၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့လို့ လျာထားချက်ထက် ၁၀၈၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် မိုးနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၉၉၄ ဧက၊ တန့်ဆည်မြို့နယ်တွင် ၄၉၅ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၂၈၁၇၂ ဧက စုစုပေါင်း ၃၁၆၆၀ ဧက ဖြစ်ပြီး မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၉၁၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၇၄၀၊ ဒီပဲယင်းမြို့နယ်တွင် ၂၈၉၂၄ ဧက စုစုပေါင်း ၃၀၅၇၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ရေဦးခရိုင်တွင် နွေနှမ်း ၁၂၁၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၇၅၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးနှမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုး နည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ်၌ ကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းခင်းနိုင်ရေး စစ်ဆေး

**မင်းဘူး အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မြို့ပြနှင့် ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချောင်းဖြူ-ဆင်လမ်းကြီး ကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေစင်ဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ချောင်းဖြူ-ဆင်လမ်းကြီးကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ရွှေစင်ဦးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ချောင်းဖြူ-ဆင်လမ်းကြီး ကျေးရွာချင်းဆက်လမ်း အရှည် ၂ ဒသမ ၄ မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၀ ဖြင့် ဦးထိပ်ပန်ကုမ္ပဏီက ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ချောင်းဖြူကျေးရွာနှင့် ဆင်လမ်းကြီးကျေးရွာရှိ ကျေးလက်နေ ပြည်သူများ၏လယ်ယာမြေများမှ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မာ**

# စာအုပ်စာပေ လူ့မိတ်ဆွေ






# စနေနေ့ညပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံကောင်းနေတဲ့ ဖူလ်ဟမ်အသင်း၊ ဟော်ဖန်ဟိမ်းအသင်း၊ ဂျီရိုနာအသင်းတို့ကို အားပေးရမှာပါ




အခုတစ်ပတ်ကြားရက်မှာတော့ ဥရောပပြိုင်ပွဲတွေရှိခဲ့တာကြောင့် ဥရောပပွဲကစားခဲ့ရတဲ့အသင်းတွေကိုရှောင်ပြီး ခြေရည်တူအသင်းပွဲစဉ်တွေကို အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။ အဲဒီထဲကမှ ကစားသမားစုဖွဲ့မှုနဲ့ လက်ရှိတိုက်စစ်ကစားပုံထက်မြက်နေတဲ့ အသင်းတွေကိုဦးစားပေးချဉ်းကပ်သွားမှာပါ။ လက်ရှိအမှတ်ပေးပြိုင်ပွဲဟာ ခုနစ်ပွဲထိ အနည်းဆုံးကစားပြီးတာကြောင့် ဒဏ်ရာရကစားသမားတွေ များပြားမှုရှိနေတာကိုလဲ သတိပြုရမှာပါ။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ကစားသမားအင်အားတောင့်တင်းပြီး တိုက်စစ်ကစားပုံကောင်းနေတဲ့ အသင်းတွေကိုပဲ အဓိကအားပေးရမှာဖြစ်ပါတယ်။

**ဖူလ်ဟမ်အသင်း နိုင်ပွဲရသွားမှာပါ**

ပရီးမီးယားလိဂ်ပွဲစဉ်(၈)မှာ အကြိုက်တွေ့မိတာကတော့ ဖူလ်ဟမ်အသင်းနဲ့ ရှက်ဖီး(ယူ) အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်(၇)မှာ ချဲလ်ဆီးလိုကစားသမားစုဖွဲ့မှု အားကောင်းတဲ့အသင်းနဲ့ ဆုံခဲ့တာကြောင့် အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ ချဲလ်ဆီးအသင်းရဲ့ လျင်မြန်တဲ့ တိုက်စစ်အားကို မထိန်းချုပ်နိုင်ဘဲ အငိုက်မိသွားပြီး ပွဲချိန် ၁၈ မိနစ်နဲ့ ၁၉ မိနစ်မှာ ဂိုးတွေပေးလိုက်ရပေမဲ့ ကျန်ပွဲချိန်တွေမှာ ဂိုးသွင်းဖို့ အခွင့်အရေးတွေရခဲ့သလို တိုက်စစ်မှူးတွေ အဆုံးသတ်ပိုင်းအားနည်းချက်ကြောင့် ချေပဂိုးမရခဲ့တာဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ ပရီးမီးယားလိဂ်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၃)မှာရောက်ရှိနေတာကြောင့် ဥရောပယှဉ်ပြိုင်ခွင့်ကစားရဖို့အတွက် အခုလိုပွဲမျိုးမှာ ရမှတ်ရှာဖွေနိုင်မှဖြစ်မှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ လူတန်ကို တစ်ဂိုးဂိုးမရှိ၊ နော့ဗ်စ်ကို နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ချဲလ်ဆီးအသင်းကိုတော့ နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တာကြောင့် ကစားပုံကျဆင်းနေတဲ့ ရှက်ဖီး(ယူ)အသင်းကိုတော့ ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာသေချာနေလို့ ရာနှုန်းပြည့်အနိုင်ရဖို့ များနေတာကိုတွေ့ရမှာပါ။

ရှက်ဖီး(ယူ)အသင်းကတော့ အခုနှစ်မှ ပရီးမီးယားလိဂ်ကို တန်းတက်လာခဲ့ပေမဲ့ ကစားသမားဖြည့်တင်းမှုတွေ သိပ်မလုပ်နိုင်ခဲ့တာကြောင့် ပွဲစဉ်(၇) ပြီးချိန်ထိနိုင်ပွဲမရသေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ခုနစ်ပွဲကစားအပြီးမှာ အဲဗာတန်အသင်းကိုသာ သရေကစားနိုင်ခဲ့ပြီး ကျန်တဲ့ ခြောက်ပွဲစလုံး ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ်တစ်မှတ်နဲ့ ဇယားအောက်ဆုံးမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲဆက်မှာလဲ ခံစစ်ပိုင်းက ပေးဂိုး ခြောက်ဂိုးထိရှိခဲ့ပြီး တိုက်စစ်ကနှစ်ဂိုးသာရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဖူလ်ဟမ်နဲ့ တွေ့ဆုံခဲ့တဲ့ နောက်ဆုံးနှစ်ပွဲမှာ နိုင်ပွဲရခဲ့တယ်ဆိုပေမဲ့ အဲဒီအချိန်က ဖူလ်ဟမ်ရဲ့ကစားပုံနဲ့ လက်ရှိဖူလ်ဟမ်အသင်း ကစားပုံက ကွာခြားသွားသလို ကစားသမားစုဖွဲ့မှုမှာလဲ ဖူလ်ဟမ်အသင်းက အတွေ့အကြုံရှိတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်လို့ အခုပွဲစဉ်မှာ ရှက်ဖီး(ယူ)အသင်း နိုင်ပွဲဆက်ပျောက်ဖို့သေချာပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်က အမှားတွေကို ပြန်လည်ပြင်ဆင်ပြီး တိုက်စစ်မြှင့်ကစားလာမဲ့ ဖူလ်ဟမ်အသင်းပဲ နိုင်ပွဲရသွားမှာပါ။

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၅ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၀ | လူတန် |
| ပဲလေ့စ် | ၀ | - | ၀ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၂ | - | ၁ | နော့ဗ်စ် |
| ဖူလ်ဟမ် | ၀ | - | ၂ | ချဲလ်ဆီး |

**ရှက်ဖီး(ယူ)အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရှက်ဖီး(ယူ) | ၀ | - | ၀ | လင်ကွန်း |
| ရှက်ဖီး(ယူ) | ၂ | - | ၂ | အဲဗာတန် |
| စပါး | ၂ | - | ၁ | ရှက်ဖီး(ယူ) |
| ရှက်ဖီး(ယူ) | ၀ | - | ၈ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၂ | - | ၀ | ရှက်ဖီး(ယူ) |

**ဟော်ဖန်ဟိမ်းအသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်(၇)မှာ အကြိုက်တွေ့မိတာကတော့ ဝါဒါဘရီမင်အသင်းနဲ့ ဟော်ဖန်ဟိမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိမှာလဲ ဝါဒါဘရီမင်ရဲ့ သွင်းဂိုးတွေကို ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းက ကစားသမားတွေက သွင်းယူပေးနေပြီး နည်းပြရဲ့ နည်းစနစ်ပိုင်းကြောင့်သာ ဂိုးရလွယ်ကူနေတာကိုတွေ့ရမှာပါ။ နည်းပြဝါနာကတော့ ပြိုင်ပွဲစုံမှာ ၃-၅-၂ ကစားကွက်နဲ့ ပွဲထွက်နေပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးများနေတာကြောင့် ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ဒမ်စတက်လို တန်းတက်အသင်းကို ရှုံးခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိပွဲစဉ်(၆)အပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲရှုံးခဲ့တာကြောင့် ရမှတ်ခြောက်မှတ်နဲ့ အဆင့်(၁၂)မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ ဒဏ်ရာရကစားသမားနှစ်ယောက်သာရှိပေမဲ့ ဟော်ဖန်ဟိမ်းလို အသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းကိုတော့ အနိုင်ရဖို့မလွယ်ပါဘူး။

ဟော်ဖန်ဟိမ်းအသင်းဟာ ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဒေါ့မွန်အသင်းကိုတစ်ယောက်အသာနဲ့ ကစားခဲ့ရပေမဲ့ သုံးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဲဒီပွဲစဉ်က အမှားကိုပြန်လည်ပြင်ဆင်ပြီး ဝါဒါဘရီမင်လိုခံစစ်အားနည်းတဲ့အသင်းကို ဘယ်လိုဂိုးရအောင်ကစားပြီး နိုင်ပွဲရှာမလဲဆိုတာစောင့်ကြည့်ရမှာပါ။ ဒါပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ ရှုံးပွဲမရှိခဲ့ဘဲ တစ်ပွဲကိုအနည်းဆုံး နှစ်ဂိုးနှုန်းနဲ့ စုစုပေါင်းသွင်းဂိုး ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာလဲဖြစ်ပါတယ်။ အထူးသဖြင့် ဟော်ဖန်ဟိမ်းမှာ အိမ်ကွင်းကစားပုံမာကျောတဲ့ ယူနီယံဘာလင်လိုအသင်းကိုတောင် ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့တာကိုလဲ တွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ အခုပြိုင်ပွဲမှာ တိုက်စစ်ကစားအားကောင်းတာကြောင့် ပင်နယ်တီရရှိမှု အများဆုံးအသင်းဖြစ်နေသလို တိုက်စစ်ပိုင်းက သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းမရှိဘဲ ဟော်ဖန်ဟိမ်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ အသာရခဲ့တာကြောင့် အဝေးကွင်းကစားအားကောင်းနေတဲ့ ဟော်ဖန်ဟိမ်းအသင်းကိုပဲ အားပေးရမှာပါ။

**ဝါဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝါဒါဘရီမင် | ၄ | - | ၀ | မိန့်ဇ် |
| ဂလာဘတ် | ၀ | - | ၁ | ဝါဒါဘရီမင် |
| ဟိဒန်ဟိမ်း | ၄ | - | ၂ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၂ | - | ၁ | ကိုလုံး |
| ဒမ်စတက် | ၄ | - | ၂ | ဝါဒါဘရီမင် |

**ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟိဒန်ဟိမ်း | ၂ | - | ၃ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ဝုဗ်ဘတ် |
| ကိုလုံး | ၁ | - | ၃ | ဟော်ဖန်ဟိမ်း |
| ယူနီယံဘာလင် | ၀ | - | ၂ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၁ | - | ၃ | ဒေါ့မွန် |

**ဂျီရိုနာအသင်းနဲ့ လက်တွဲရမှာပါ**

လာလီဂါပွဲစဉ်(၉)မှာ အကြိုက်တွေ့မိတာကတော့ ခြေရည်တူအသင်းတွေဖြစ်တဲ့ ကာဒီဇက်အသင်းနဲ့ ဂျီရိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကာဒီဇက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အေတီကိုအသင်းနဲ့ပွဲစဉ်မှာ ဦးဆောင်ဂိုး နှစ်ဂိုးရပြီးမှ အေတီကိုအသင်းကို ချေပဂိုးနဲ့ အနိုင်ဂိုးပြန်ပေးလိုက်ရပြီး သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ကာဒီဇက်အသင်းဟာ အိမ်ကွင်းကစားပုံမာကျောတဲ့အသင်းဖြစ်တာကြောင့် ခြေရည်တူအသင်းနဲ့ဆို အိမ်ကွင်းမှာအသားစီးရယူနိုင်စွမ်းရှိတာကို သတိပြုရမှာပါ။ လာလီဂါ ရှစ်ပွဲကစားအပြီးမှာတော့ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၂)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ရာသီမှာလဲ အိမ်ကွင်းကစားအားနဲ့ တန်းဆင်းဇုန်ကလွတ်မြောက်အောင် ကစားနိုင်ခဲ့ပြီး လာလီဂါမှာဆက်လက်ကစားခွင့်ရခဲ့ပေမဲ့ ဒီနှစ်မှာတော့ တိုက်စစ်အသားပေးကစားလာတာကို ထူးထူးခြားခြားတွေ့မြင်နေရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ အဓိက ကစားသမားတွေအပါအဝင် ကစားသမား ငါးယောက် ဒဏ်ရာရနေတာကြောင့် ကစားအားကျဆင်းမှာသေချာပါတယ်။

ဂျီရိုနာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရီးရဲလ်မက်ဒရစ်ကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တာကလွဲရင် ကျန်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့ဘဲ ကစားပုံတိုးတက်လာတဲ့ အသင်းလို့ဆိုရမှာပါ။ သူတို့အသင်းဟာ ပွဲစဉ်(၈)အပြီးမှာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးကြောင့် ရမှတ် ၁၉ မှတ်နဲ့ အဆင့်(၃) ရောက်ရှိနေသလို တိုက်စစ်ကလဲ ၁၈ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ဘွန်ဒက်လီဂါမှာ ဘာစီလိုနာပြီးရင် ဒုတိယမြောက် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာကိုလဲ တွေ့ရမှာပါ။ သူတို့အသင်းနည်းပြမစ်ချယ်ရဲ့ ခံစစ်အားပြုကစားတဲ့ ပုံစံကြောင့် ပြိုင်ဘက်အသင်းတွေ ဂိုးရဖို့အခက်တွေ့သွားပြီး တန်ပြန်တိုက်စစ်ကနေ တစ်ဖက်အသင်းရဲ့ အားနည်းချက်ကို ရှာဖွေနိုင်ခဲ့တာဖြစ်လို့ ရလဒ်ကောင်းရနေတယ်လို့ ဆိုရမှာပါ။ လက်ရှိ အသင်းတိုက်စစ်ပိုင်းကို ဒိုဗ်ဘူးနဲ့ ဟာရဲရားတို့က ဦးဆောင်နေပြီး သုံးဂိုးစီ သွင်းယူထားတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြရဲ့ကစားကွက်အောက်မှာ အသားကျနေပြီး စုဖွဲ့မှုကောင်းနေတာကြောင့် နောက်ဆုံးအဝေးကွင်း ခုနစ်ပွဲဆက်မှာလဲ ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ကစားပုံနဲ့ ကစားသမားစုဖွဲ့မှုမှာလဲ ဂျီရိုနာအသင်းက ကာဒီဇက်အသင်းထက်သာလွန်နေသလို ခံစစ်ကစားပုံမှာလဲ ကာဒီဇက်ထက်သာလွန်နေတာကြောင့် နိုင်ပွဲပြန်လည်ရှာရမဲ့ ညီသည်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ကာဒီဇက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၃ | - | ၁ | ဗီလာရီးရဲလ် |
| ဘီလ်ဘာအို | ၃ | - | ၀ | ကာဒီဇက် |
| ဘက်တစ် | ၁ | - | ၁ | ကာဒီဇက် |
| ကာဒီဇက် | ၀ | - | ၀ | ဇယ်လ်ကာနို |
| အေတီကို | ၃ | - | ၂ | ကာဒီဇက် |

**ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၁ | - | ၀ | လက်ပါးမက် |
| ဂရန်နာဒါ | ၂ | - | ၄ | ဂျီရိုနာ |
| ဂျီရိုနာ | ၅ | - | ၃ | မာယော့ကာ |
| ဗီလာရီးရဲလ် | ၁ | - | ၂ | ဂျီရိုနာ |
| ဂျီရိုနာ | ၀ | - | ၃ | ရီးရဲလ်မက်ဒရစ် |

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

အရည်အသွေးမြင့်မားတာယာ မှာ

TRISTAR



CYCLE TYRE



CAR TYRE

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄


STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ



ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး၊
ဖုန်း - ၀၂ - ၄၀၃၀၄၃၃၈၊ ၀၂ - ၄၀၃၀၄၃၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ
အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ
အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊



မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ
နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှမာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။


# ဝန်ထမ်းအမြန်အလိုရှိသည်

(1) **စာရင်းစစ်** မ - 1 ဦး
(အခြေခံလစာ 300,000 - 450,000)
ဘွဲ့ရ၊သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (5)နှစ်အထက်

(2) **စာရင်းသွင်း** မ - 1 ဦး
(အခြေခံလစာ 220,000 - 270,000)
ဘွဲ့ရ၊သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (3)နှစ်အထက်

(3) **အရောင်းစာရေး** မ - 2 ဦး
(အခြေခံလစာ 180,000 - 220,000)

(4) **အိမ်အကူ** မ - 1 ဦး
(အခြေခံလစာ 120,000 - 150,000)

**လမင်းသာ** ဆောက်လုပ်ရေးပစ္စည်း
**လက်လီ/လက်ကား ရောင်းဝယ်ရေး**
**62×113×114 ကြား**
**09-440444053 , 09-442003653**

## ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့၊ တမုန်ကန်ရွာနေ မောင်ဇင်မျိုးအောင် (ဘ) ဦးမောင်မောင် (၉/မထလ(နိုင်)၂၅၇၅၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(988365)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၉၃၈၀၇၇၇

## ပျောက်ဆုံးကြောင်း

၃၅လမ်း၊ ၇၆×၇၇ ကြားနေ မောင်အောင်ကိုလတ် (ဘ) ဦးဇော်လတ် (၇/နတလ(နိုင်)၁၃၀၆၆၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-479613)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၀၀၃၂၂

## ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နယ်နေ မျိုးလှိုင်ဦး(ဘ) မန်းကျော်ကျော် (၁၄/မမန(နိုင်)၁၀၅၈၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-064717)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၇၂၉၆၅၁၁

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတိုကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ အပေါက် တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်…

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပြုလုပ်သော ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နဂါးလှေလှော်ပြိုင်ပွဲမှ ကြေးတံဆိပ်ဆု ထပ်မံဆွတ်ခူး

**နေပြည်တော် အောက်တိုဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း၊အားကစားရုံများ၌ကျင်းပလျက်ရှိရာ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဝမ်ကျိုးမြို့ Wenzhou Dragon Boat Center ၌ နဂါးလှေ (Dragon Boat) အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ (၁၂)တက်လှော်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲမစတင်မီ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်အုပ်ချုပ်မှုအဖွဲ့သည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် အမျိုးသမီးမီတာ ၅၀၀ (၁၂)တက်လှော်ပြိုင်ပွဲ ပွဲစဉ်တွင် ပြိုင်ပွဲဝင် ကိုးသင်း

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ**

စာမျက်နှာ - ၂၀

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၅-၁၀-၂၀၂၃

| | | | |
|---|---|---|---|
| လောင်းလုံ | ၃ ဒသမ ၁၅ လက်မ | လှိုင်းဘွဲ့ | ၁ ဒသမ ၈၅ လက်မ |
| သာပေါင်း | ၂ ဒသမ ၀၀ လက်မ | ကျိုက္ကမီ | ၁ ဒသမ ၈၅ လက်မ |
| ဟုမ္မလင်း | ၁ ဒသမ ၉၂ လက်မ | ကော့သောင်း | ၁ ဒသမ ၆၆ လက်မ |

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You










ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉